မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၄ ခုနှစ်၊ ကဆုန်လဆန်း ၁ ရက်၊ ၂၀၁၂ ခုနှစ်၊ ဧပြီ ၂၁ ရက်၊ စနေနေ့၊ အတွဲ (၅၁)၊ အမှတ် (၁၉၉)

ဒို့တာဝန်အရေး(၃)ပါး

- ❖ ပြည်ထောင်စု မပြိုကွဲရေး။
- ❖ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး။
- ❖ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး။

နေပြည်တော်ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ် ဒုတိယအကြိမ် စုပေါင်းရဟန်းခံရှင်ပြုအလှူတော်မင်္ဂလာအခမ်းအနားတွင် နိုင်ငံတော်ဩဝါဒါစရိယ ပျဉ်းမနားမြို့ မဟာဝိသုတာရာမ စျေးကုန်းကျောင်းတိုက် ပဓာနနာယက ဆရာတော်ထံမှ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်ဇနီး ဒေါ်ခင်ခင်ဝင်းတို့ အမှူးပြုသော ပရိသတ်များက ရှစ်ပါးသီလ ခံယူဆောက်တည်ကြစဉ်။ (သတင်းစဉ်)

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်ဇနီး ဒေါ်ခင်ခင်ဝင်း

နေပြည်တော်ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ် ဒုတိယအကြိမ် စုပေါင်းရဟန်းခံရှင်ပြု အလှူတော်မင်္ဂလာအခမ်းအနားသို့ တက်ရောက်ကြည်ညိုပြီး လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်း

ဆက်ကပ်လှူဒါန်း

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ဇနီး ဒေါ်ခင်ခင်ဝင်းတို့ နိုင်ငံတော်ဩဝါဒါစရိယ ပျဉ်းမနားမြို့ မဟာဝိသုတာရာမ စျေးကုန်းကျောင်းတိုက် ပဓာန နာယက ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တကဝိသာရထံ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြစဉ်။(သတင်းစဉ်)

နေပြည်တော် ဧပြီ ၂၀

နေပြည်တော်ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ် ဒုတိယအကြိမ် စုပေါင်းရဟန်းခံရှင်ပြုအလှူတော်မင်္ဂလာအခမ်းအနားကို ဧပြီ ၁၇ ရက်(မြန်မာနှစ်ဆန်းတစ်ရက်နေ့) နံနက် ၉ နာရီ ၄၅ မိနစ်တွင် အဆိုပါမြို့နယ် ရွှေကြာပင်ရပ်ကွက် အောင်ရတနာကျောင်းတိုက်ရှိ မင်္ဂလာမဏ္ဍပ်၌ ကျင်းပရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်ဇနီး ဒေါ်ခင်ခင်ဝင်းတို့ တက်ရောက်ကြည်ညိုကြပြီး လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

တက်ရောက်ကြည်ညို

အလှူတော်မင်္ဂလာအခမ်းအနားသို့ နိုင်ငံတော်ဩဝါဒါစရိယ ပျဉ်းမနားမြို့ မဟာဝိသုတာရာမ စျေးကုန်းကျောင်းတိုက် ပဓာနနာယကဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တကဝိသာရ အမှူးပြုသော ဆရာတော်သံဃာတော်များ ကြွရောက်ချီးမြှင့်တော်မူကြပြီး ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ နေပြည်တော်ကောင်စီဝင်များ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ဖိတ်ကြားထားသူများနှင့် ဇမ္ဗူသီရိမြို့နယ်မှ ဒေသခံပြည်သူများ တက်ရောက်ကြည်ညိုကြသည်။

ရှေးဦးစွာ ဆရာတော် သံဃာတော်များနှင့် ပရိသတ်များက နမောတဿသုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ အခမ်းအနားကို ဖွင့်လှစ်ကြပြီး နိုင်ငံတော်ဩဝါဒါစရိယ ပျဉ်းမနားမြို့ မဟာဝိသုတာရာမ စျေးကုန်းကျောင်းတိုက် ပဓာနနာယကဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တကဝိသာရထံမှ ပရိသတ်များက ရှစ်ပါးသီလခံယူဆောက်တည်ကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်ဇနီး ဒေါ်ခင်ခင်ဝင်းတို့အမှူးပြုသော ပရိသတ်များက ဆရာတော် သံဃာတော်များ ရွတ်ပွား ချီးမြှင့်တော်မူသော ပရိတ်တရားတော်များကို နာယူကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတနှင့် ဇနီးတို့က စျေးကုန်းကျောင်းတိုက် ဆရာတော်ကြီးထံ လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးများနှင့် တက်ရောက်လာကြသူများက ဆရာတော် သံဃာတော်များထံ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။ ထို့နောက် မဟာဝိသုတာရာမ စျေးကုန်းကျောင်းတိုက် ဆရာတော်ကြီးထံမှ နိုင်ငံတော်သမ္မတနှင့် ဇနီးတို့အမှူးပြုသော ပရိသတ်များက အနုမောဒနာတရား နာယူကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

ယင်းနောက် ဆရာတော် သံဃာတော်များနှင့် တက်ရောက်လာကြသူများက ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို ဆုတောင်းကြပြီး အလှူတော်မင်္ဂလာအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် နိုင်ငံတော်သမ္မတနှင့် ဇနီးတို့က အလှူတော်မင်္ဂလာအခမ်းအနား အောင်မြင်ခြင်း အထိမ်းအမှတ်အဖြစ် ရတနာရွှေမိုးငွေမိုးများ ရွာသွန်းဖြိုးပေးကြပြီး ဆရာတော် သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။

အဆိုပါ စုပေါင်းရဟန်းခံရှင်ပြု အလှူတော်မင်္ဂလာ အခမ်းအနားတွင် ဇမ္ဗူသီရိမြို့နယ်အတွင်းရှိ သပြေကုန်းရပ်ကွက်၊ ရွှေကြာပင်ရပ်ကွက်၊ အလျှင်လို၊ ပြန်ကပြေး၊ တဲကြီးကုန်း၊ ဂုဏ်မင်းအင်း၊ ရှားတော၊ လက်ပံခါးလှ၊ အောင်ချမ်းသာ၊ တောက်ထိန်၊ ညောင်ပင်ဝိုင်းနှင့် ပြန်ကပြေးလေးစသည့် ကျေးရွာများနှင့် ပုဗ္ဗသီရိမြို့နယ် ဆိတ်နံတုန်းကျေးရွာတို့မှ ရဟန်းအပါး ၂၀ နှင့် ရှင်သာမဏေအပါး ၁၀၀ စုစုပေါင်းအပါး ၁၂၀ တို့အား သာသနာ့ဘောင်သို့ သွတ်သွင်းချီးမြှင့်ခဲ့ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

မြောက်ပိုင်းဒေသများ မိုးဆက်လက်ထစ်ချုန်းရွာနိုင်

နေပြည်တော် ဧပြီ ၂၀

ယနေ့နံနက် ၉နာရီခွဲ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄ နာရီအတွင်းက ကချင်ပြည်နယ်တွင် နေရာကျဲကျဲနှင့် စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်းနှင့် ရှမ်းပြည်နယ်မြောက်ပိုင်းတို့တွင် နေရာကွက်ကျား မိုးထစ်ချုန်း ရွာခဲ့ပြီး ကျန်တိုင်းဒေသကြီးနှင့်ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့သည်။ နေ့အပူချိန်များမှာ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့တွင် ဧပြီလ၏ပျမ်းမျှအပူချိန်တို့ထက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်အထိနှင့် ချင်းပြည်နယ်တွင် ဧပြီလ၏ပျမ်းမျှအပူချိန်ထက် ၅ ဒီဂရီစင်တီဂရိတ်ပိုခဲ့ပြီး ကချင်ပြည်နယ်တွင် ဧပြီလ၏ပျမ်းမျှအပူချိန်အောက် ၄ ဒီဂရီစင်တီဂရိတ် လျော့နည်းခဲ့ကာ ကျန်တိုင်းဒေသကြီးနှင့်ပြည်နယ်တို့တွင် ဧပြီလ၏ပျမ်းမျှအပူချိန်ခန့်သာရှိခဲ့သည်။ ထူးခြားသည့်နေ့အပူချိန်များမှာ ချောက်မြို့တွင် ၄၆ ဒီဂရီ စင်တီဂရိတ်၊ မုံရွာမြို့နှင့်မြင်းခြံမြို့တို့တွင် ၄၅ ဒီဂရီ စင်တီဂရိတ်စီတို့ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေပြီး ကပ္ပလီပင်လယ်ပြင်နှင့်ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေသည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ မြန်မာနိုင်ငံမြောက်ပိုင်းဒေသများတွင် နေရာကွက်ကျား မိုးဆက်လက်ထစ်ချုန်းရွာနိုင်သည်။

နေပြည်တော်နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ဖြစ်သည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

နေ့ဆွမ်းဆက်ကပ်

နိုင်ငံတော်သမ္မတဦးသိန်းစိန်၏ဇနီး ဒေါ်ခင်ခင်ဝင်း ဆရာတော် သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းစဉ်။

(သတင်း-ရှေ့) (သတင်းစဉ်)

ဆွမ်းဆက်ကပ်လှူဒါန်း

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဆရာတော် သံဃာတော်များအား နေ့ဆွမ်း ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းရှေ့)(သတင်းစဉ်)

သံအမတ်ကြီးဦးတင့်ဆွေအား ရိုမေးနီးယားသမ္မတနိုင်ငံဆိုင်ရာ သံအမတ်ကြီးအဖြစ်ပူးတွဲခန့်အပ်

နေပြည်တော် ဧပြီ ၂၀

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အီတလီသမ္မတ နိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် သံအမတ်ကြီးဦးတင့်ဆွေအား ၎င်း၏ လက်ရှိတာဝန်ဝတ္တရားများအပြင် ရိုမေးနီးယားသမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ သံအမတ်ကြီးအဖြစ် ပူးတွဲခန့်အပ်လိုက်ပြီးဖြစ်သည်။ **(သတင်းစဉ်)**

လွှတ်တော်ကိုယ်စားလှယ်များ နေပြည်တော်လွှတ်တော်ရုံးသို့ သတင်းပို့ကြရန် အကြောင်းကြားထားပြီးဖြစ်

နေပြည်တော် ဧပြီ ၂၀

လွှတ်တော်အသီးသီး၏ တတိယပုံမှန်အစည်းအဝေးများကို နေပြည်တော်ရှိ လွှတ်တော်အစည်းအဝေးခန်းမများ၌ ၂၀၁၂ ခုနှစ် ဧပြီ ၂၃ ရက် (တနင်္လာနေ့)တွင် ဆက်လက်ကျင်းပမည်ဖြစ်၍ လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် နေပြည်တော်ရှိ ရုံးအမှတ်(၂၀) လွှတ်တော်ရုံးသို့ ဧပြီ ၂၂ ရက်ထက်နောက်မကျစေဘဲ ဆက်သွယ် သတင်းပို့ကြရန် အကြောင်းကြားထားပြီးဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဗလငါးတန် ဖွံ့ဖြိုးဖို့ စာအုပ်စာပေလေ့လာစို့

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၁၂ ခုနှစ် ဧပြီ ၂၁ ရက်)

အီးခေတ်အိုင်ခေတ်

ကမ္ဘာ့ထိပ်တန်း အီလက်ထရွန်နစ်နှင့် နည်းပညာကုမ္ပဏီကြီးများက ထုတ်ကုန်ပစ္စည်းများ အပြိုင်အဆိုင် ထုတ်လုပ်လာကြသည်နှင့်အမျှ အီးခေတ်အိုင်ခေတ်သည်လည်း တစ်ဟုန်ထိုး တိုးတက်ခဲ့ပေပြီ။ ဒစ်ဂျစ်တယ်စနစ် ရှင်သန်ထွန်းကားလာ၍ အရာရာတိုင်းသည် တိုးတက်မြန်ဆန်လာသည်။

ကမ္ဘာ့တီထွင်ပညာရှင်တို့၏ကျေးဇူးကြောင့် E-mail ဟုခေါ်သော အီလက်ထရွန်နစ်စာပို့စနစ်ကို တွင်ကျယ်စွာအသုံးပြုနေကြပြီ။ လုပ်ငန်းအတော်များများ အွန်လိုင်းစနစ်ကို အသုံးပြုနေကြပြီ။ အီးဗီဇာ (E-Visa) ဟုခေါ်သော အီလက်ထရွန်နစ်စနစ်သုံးဗီဇာစနစ်၊ အီးဗန်းကင်း (E-Banking) ဟုခေါ်သော အီလက်ထရွန်နစ်စနစ်သုံး ဘဏ်စနစ်၊ အီးဘွတ် (E-book) ဟုခေါ်သော အီလက်ထရွန်နစ်စနစ်သုံးစာအုပ် စသည်ဖြင့် အသုံးများလာကြသည်။ ဤသည်ကို အီးခေတ်ဟု ခေါ်ဆိုကြသည်။

ထိုခေတ်ကိုပင် အိုင်ခေတ်ဟုခေါ်ဆိုကြသေးသည်။ အင်တာနက်ကွန်ရက်ကို အသုံးပြုလျက် Digital Device ပစ္စည်းများဖြစ်သည့် အိုင်ဖုန်း (iphone) ၊ အိုင်ပေါ့ (ipod)၊ အိုင်ပက် (ipad) စသည်ဖြင့် ခေါ်ဝေါ်သုံးစွဲလာကြသည်။ အဆိုပါဒစ်ဂျစ်တယ်ပစ္စည်း (Digital Device) များ အားလုံးနီးပါး အင်တာနက်ကို ကြိုးမဲ့စနစ်ဖြင့် အသုံးပြုနိုင်ကြသည်။ E-mail ပြောနိုင်သည်။ ဖုန်းဆက်နိုင်သည်။ ဓာတ်ပုံရိုက်နိုင်သည်။ ဗီဒီယိုကြည့်နိုင်သည်။ ယင်းတို့ကို Media Player များအဖြစ် အသုံးပြုကြသည်။

ယနေ့အသုံးပြုနေသော ဟမ်းဖုန်းများကိုပင် အင်တာနက်အသုံးပြုနိုင်သည့်ဖုန်းများအဖြစ် ကမ္ဘာ့ထိပ်တန်း နည်းပညာကုမ္ပဏီကြီးများက အပြိုင်ထုတ်လုပ်လာကြသည်။ အက်ပဲလ်၊ ဆိုနီ၊ ဆမ်ဆောင်း၊ ဘလက်ဘာရီ၊ နိုကီယာ အစရှိသည်တို့သည် ကမ္ဘာ့ထိပ်တန်းအိုင်တီကုမ္ပဏီကြီးများဖြစ်ကြသည်။ ယင်း ကုမ္ပဏီကြီးများသည် Smartphone များ၊ Tablet ကွန်ပျူတာများ၊ ipad များ၊ iphone များ စသည်ဖြင့် အပြိုင်အဆိုင် ထုတ်လုပ်နေကြသည်။ စမတ်ဖုန်းများသည် ကြိုးမဲ့စနစ်ဖြင့် အသုံးပြုနိုင်သော အင်တာနက်ဖုန်းများပင်ဖြစ်သည်။ ထို့အတူ Tablet ကွန်ပျူတာများသည်လည်း ကြိုးမဲ့စနစ်သုံး အင်တာနက်အသုံးပြုနိုင်သော အလွယ်တကူ သယ်ယူသွားနိုင်သည့် ကွန်ပျူတာငယ်များပင် ဖြစ်သည်။

ယနေ့ခေတ် လူငယ်လူရွယ်တိုင်းသည် အဆိုပါဒစ်ဂျစ်တယ်ပစ္စည်းများကို သိလည်းသိရမည်။ သုံးလည်းသုံးနိုင်အောင် ကြိုးစားရမည်။ သို့မဟုတ်ပါမူ ခေတ်နောက်ကျကျန်ရစ်ပေမည်။ တစ်ခါက ဦးလေးဖြစ်သူတစ်ဦးက ဤသို့ပြောဖူး၏။ ``မောင်ရင်တို့ခေတ်က အီးခေတ်အိုင်ခေတ်ကြီးကွ…၊ ခေတ်နဲ့အညီ ဒစ်ဂျစ်တယ်ပစ္စည်းတွေကို သုံးတတ်ဖို့လိုတယ်။ သိအောင်ကြိုးစားရမယ်။ တော်ကြာ ဒို့ခေတ်တုန်းက လူပျက်တွေ ပြက်လုံးထုတ်သလို လော်စပီကာအစိတ်သားလောက်ဆိုတာမျိုး ဖြစ်နေဦးမယ်နော်'' ဟူ၍ ပြောဖူးသည်။

ထို့ကြောင့် ယနေ့ခေတ်လူငယ်လူရွယ်များသည် ခေတ်ရေစီးနှင့်အတူ အမီလိုက်ဖို့ အရေးကြီးပါသည်။ အီးမေးလ်၊ အင်တာနက်တွေကို အနည်းဆုံးအသုံးပြုနိုင်အောင် ကြိုးစားကြပါ။ နည်းပညာသုံးပစ္စည်းတွေကို သိအောင်လုပ်ကြပါ။ သုံးနိုင်အောင် ကြိုးစားကြပါ။ လူငယ်လူရွယ်များ ခေတ်နောက်မကျစေရေးအတွက် ကြိုးစားကြပါရန် တိုက်တွန်းလိုက်ရပါသည်။ ။

ရေစကြိုမြို့နယ် သာသနာ့ဗိမာန်တော်ကြီးတည်ဆောက်မှု ပြည်ထောင်စုဝန်ကြီး သူရဦးမြင့်မောင် ကြည့်ရှုစစ်ဆေး

နေပြည်တော် ဧပြီ ၂၀

သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးမြင့်မောင်သည် ဧပြီ ၁၄ ရက် နံနက်ပိုင်းတွင် ပုဂံအပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသုတေသနဓမ္မသဘင် သန့်ရှင်းသာယာလှပရေးဆောင်ရွက်ထားမှုများနှင့် ဓမ္မဒူတရောင်ခြည်ကျောင်းဆောင်သစ် တည်ဆောက်နေမှုတို့ကို ကြည့်ရှုသည်။

ထို့နောက်မှတစ်ဆင့် ပခုက္ကူမြို့ တောင်ဇလပ်လူငယ်ပျိုးခင်းသင်တန်းကျောင်းသို့သွားရောက်၍ ကျောင်းသားများအတွက် ထောက်ပံ့ငွေနှင့် စာကြည့်တိုက်အတွက် သုတ၊ ရသ၊ ဂျာနယ်၊ မဂ္ဂဇင်းနှင့် ဘာသာရေးစာအုပ်များလှူဒါန်းပြီး ကျောင်းဆောင်သစ်ဆောက်လုပ်ပြီးစီးမှုကို ကြည့်ရှုသည်။

မွန်းလွဲပိုင်းတွင် ရေစကြိုမြို့နယ် ဆင်မရဲကျေးရွာ အထက်တန်းကျောင်း(ခွဲ) ကျောင်းဆောင်သစ်ဆောက်လုပ်ပြီးစီးမှုကို ကြည့်ရှုပြီး ရပ်မိရပ်ဖများ၊ ကျေးရွာသူကျေးရွာသားများအားတွေ့ဆုံ၍ ကျေးရွာစာကြည့်တိုက်အတွက် သုတ၊ ရသ၊ ဂျာနယ်၊ မဂ္ဂဇင်းနှင့် ဘာသာရေးစာအုပ်များ လှူဒါန်းသည်။ ထို့နောက် ဘုံကျောင်းဆရာတော် ဦးဣန္ဒြိယအား ဖူးမြော်၍လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ယင်းနောက် ရေစကြိုမြို့နယ် ဆင်ချောင်းကျေးရွာနှင့် ဇီးကုန်းကျေးရွာလမ်းရှိ ကွန်ကရစ်တံတားများ တည်ဆောက်နေမှု၊ ဆင်ချောင်းကျေးရွာ အလယ်တန်းကျောင်း ကျောင်းဆောင်သစ်ဆောက်လုပ်နေမှုနှင့် ကျေးရွာစာကြည့်တိုက်ဆောက်လုပ်နေမှုတို့ကို ကြည့်ရှုခဲ့သည်။

ပြည်ထောင်စုဝန်ကြီးသည် ဧပြီ ၁၅ ရက် နံနက်ပိုင်းတွင် ရေစကြိုမြို့နယ် ပခန်းကြီးမြို့ဟောင်းရှိ ပခန်းစည်သူရှင် သရက္ခန် မြတ်စွာဘုရားအား ဖူးမြော်ကြည်ညိုပြီး ပြာသာဒ်နှင့် ကျောင်းဆောင်များ လှည့်လည်ပူဇော်ပွဲသို့တက်ရောက်ကာ ရေစကြိုမြို့နယ် သာသနာ့ဗိမာန်တော်ကြီး တည်ဆောက်မှုကို ကြည့်ရှုစစ်ဆေးခဲ့သည်။

ပြည်ထောင်စုဝန်ကြီးသည် ဧပြီ ၁၆ရက် နံနက်ပိုင်းတွင် နောင်ချိုမြို့နယ် အုမ္မခါးကျေးရွာရှိ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်း အဖွဲ့ချုပ်(ဗဟို)ပိုင် ဧက(၁၀၀၀) စိုက်ခင်းသို့ သွားရောက်ကြည့်ရှုခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၂၁-၄-၂၀၁၂ (စနေနေ့)

နံနက်ပိုင်း

၇း၀၀ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၃၀ နံနက်ခင်းသတင်း
၈း၀၅ ကဗျာပန်းဥယျာဉ်
၈း၃၀ **ကြားညှပ်သီးနံ့ဖရဲ**
၈း၄၀ International News

နေ့လယ်ပိုင်း

၁၁း၀၀ စစ်သည်တေး
၁၁း၅၀ တစ်ပတ်အတွင်းရုပ်မြင်သံကြား ပြည်တွင်းသတင်းစဉ်
၁၂း၃၀ **နှုတ်မြိန်ဖွယ်ရာချစ်ဟင်းလျာ**
၁၂း၄၅ လောကနီတိ
၁၄း၀၅ **အရက်နှင့်ကျန်းမာရေး**(အပိုင်း-၁)
၁၄း၃၀ တိုင်းရင်းသားရိုးရာတေးသံသာ
၁၄း၄၀ အတီးပြိုင်ပွဲ
၁၄း၅၀ International News

ညပိုင်း

၄း၀၀ စစ်ချီတေး၊ စစ်သည်တေး
၄း၄၅ အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ -ပထမနှစ်(ပြည်သူ့ရေးရာ အထူးပြု)(ပြည်သူ့ရေးရာ)
၆း၀၀ ညနေခင်းသတင်း
၆း၁၅ မိုးလေဝသအခြေအနေ
၆း၂၀ **အနုပညာရှင်နှင့် ရင်ခုန်စရာညချမ်း**
၇း၁၀ နိုင်ငံခြားဇာတ်လမ်းတွဲ **အချစ်ချိုချို ကြင်နာပို**(အပိုင်း-၂၉)
၈း၀၀ ပြည်တွင်းသတင်း
-နိုင်ငံတကာသတင်းများ
-ရှင်သန်ခြင်း
-ဂီတတံခါးလေးဖွင့်ပါဦး

ရေကြောင်းသတိပေးချက်ထုတ်ပြန်

နေပြည်တော် ဧပြီ ၂၀

မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် ရေနံရှာဖွေတူးဖော်ရေးလုပ်ငန်းများ၌ အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသော PTTEP International Limited သည် မုတ္တမကမ်းလွန်လုပ်ကွက်အမှတ် M-3 နှင့် M-9 တို့တွင် Geotechnical Site Investigation (GTI) Survey လုပ်ငန်းများကို တိုင်းတာရေးရေယာဉ် MV.MARINER (Call Sign : HO9324) ဖြင့် အောက်ဖော်ပြပါ Coordinates များ၌ ၂၀၁၂ ခုနှစ် မေ ၇ ရက်မှ ၂၆ ရက်အထိ ဆောင်ရွက်သွားမည် ဖြစ်သည်။

လုပ်ကွက်အမှတ် M-3 အတွင်းရှိ အကွက်အမှတ် W-C2 ၌ Point A မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၂၆ မိနစ် ၂၅ ဒသမ ၇၄ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၁၂ မိနစ် ၅၆ ဒသမ ၃၆ စက္ကန့်၊ Point B မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၂၆ မိနစ် ၂၅ ဒသမ ၉၈ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၁၄ မိနစ် ၀၃ ဒသမ ၄၆ စက္ကန့်၊ Point C မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၂၅ မိနစ် ၂၀ ဒသမ ၈၉ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၁၄ မိနစ် ၀၃ ဒသမ ၇၀ စက္ကန့် ၊ Point D မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၂၅ မိနစ် ၂၀ ဒသမ ၆၆ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၁၂ မိနစ် ၅၆ ဒသမ ၆၀ စက္ကန့်အထိ ဖြစ်သည်။

လုပ်ကွက်အမှတ် M-3 အတွင်းရှိ အကွက်အမှတ် W-C4 ၌ Point A မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၂၅ မိနစ် ၀၈ ဒသမ ၂၉ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၁၂ မိနစ် ၀၉ ဒသမ ၆၈ စက္ကန့်၊ Point B မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၂၅ မိနစ် ၀၈ ဒသမ ၅၂ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၁၃ မိနစ် ၁၆ ဒသမ ၇၈ စက္ကန့်၊ Point C မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၂၄ မိနစ် ၀၃ ဒသမ ၄၃ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၁၃ မိနစ် ၁၇ ဒသမ ၀၂ စက္ကန့် ၊ Point D မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၂၄ မိနစ် ၀၃ ဒသမ ၂၀ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၁၂ မိနစ် ၀၉ ဒသမ ၉၃ စက္ကန့်အထိ ဖြစ်သည်။

လုပ်ကွက်အမှတ် M-3 အတွင်းရှိ အကွက်အမှတ် W-C7 ၌ Point A မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၂၅ မိနစ် ၅၀ ဒသမ ၄၃ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၁၅ မိနစ် ၁၅ ဒသမ ၇၃ စက္ကန့်၊ Point B မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၂၅ မိနစ် ၅၀ ဒသမ ၆၅ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၁၆ မိနစ် ၂၂ ဒသမ ၈၃ စက္ကန့်၊ Point C မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၂၄ မိနစ် ၄၅ ဒသမ ၅၆ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၁၆ မိနစ် ၂၃ ဒသမ ၀၆ စက္ကန့် ၊ Point D မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၂၄ မိနစ် ၄၅ ဒသမ ၃၄ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၁၅ မိနစ် ၁၅ ဒသမ ၉၆ စက္ကန့်အထိ ဖြစ်သည်။

လုပ်ကွက်အမှတ် M-3 အတွင်းရှိ အကွက်အမှတ် W-C8 ၌ Point A မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၂၅ မိနစ် ၀၉ ဒသမ ၂၅ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၁၆ မိနစ် ၅၃ ဒသမ ၈၄ စက္ကန့်၊ Point B မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၂၅ မိနစ် ၀၉ ဒသမ ၄၇ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၁၈ မိနစ် ၀၀ ဒသမ ၉၄ စက္ကန့်၊ Point C မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၂၄ မိနစ် ၀၄ ဒသမ ၃၈ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၁၈ မိနစ် ၀၁ ဒသမ ၁၆ စက္ကန့်၊ Point D မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၂၄ မိနစ် ၀၄ ဒသမ ၁၇စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၁၆ မိနစ် ၅၄ ဒသမ ၀၇ စက္ကန့်အထိဖြစ်သည်။

လုပ်ကွက်အမှတ် M-3 အတွင်းရှိ အကွက်အမှတ် W-C 10 ၌ Point A မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၂၈ မိနစ် ၀၁ ဒသမ ၆၅ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၁၇ မိနစ် ၁၅ ဒသမ ၄၀ စက္ကန့်၊ Point B မြောက် လတ္တီတွဒ် ၁၅ ဒီဂရီ ၂၈ မိနစ် ၀၁ ဒသမ ၈၆ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၁၈ မိနစ် ၂၂ ဒသမ ၅၁ စက္ကန့်၊ Point C မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၂၆ မိနစ် ၅၆ ဒသမ ၇၇ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၁၈ မိနစ် ၂၂ ဒသမ ၇၃ စက္ကန့်၊ Point D မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၂၆ မိနစ် ၅၆ ဒသမ ၅၆ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၁၇ မိနစ် ၁၅ ဒသမ ၆၂ စက္ကန့် အထိ ဖြစ်သည်။

လုပ်ကွက်အမှတ် M-9 အတွင်းရှိ အကွက်အမှတ် ZWP-04 ၌ Point A မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၀၂ မိနစ် ၄၁ ဒသမ ၆၀ စက္ကန့်၊ အရှေ့ လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၄၈ မိနစ် ၀၄ ဒသမ ၈၀ စက္ကန့်၊ Point B မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၀၂ မိနစ် ၄၁ ဒသမ ၇၀ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၅၀မိနစ် ၁၈ ဒသမ ၁၇ စက္ကန့်၊ Point C မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၀၀ မိနစ် ၃၁ ဒသမ ၅၀ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၅၀ မိနစ် ၁၈ ဒသမ ၂၆ စက္ကန့်၊ Point D မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၀၀ မိနစ် ၃၁ ဒသမ ၄၀ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၄၈ မိနစ် ၀၄ ဒသမ ၉၁ စက္ကန့်အထိ ဖြစ်သည်။

လုပ်ကွက်အမှတ် M-9 အတွင်းရှိ အကွက်အမှတ် ZWP-05 ၌ Point A မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၂၅ မိနစ် ၃၇ ဒသမ ၄၈ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၀၀ မိနစ် ၅၃ ဒသမ ၁၀ စက္ကန့်၊ Point B မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၂၅ မိနစ် ၃၇ ဒသမ ၄၆ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၀၃ မိနစ် ၀၆ ဒသမ ၆၉ စက္ကန့်၊ Point C မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၂၃ မိနစ် ၂၇ ဒသမ ၂၆ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၀၃ မိနစ် ၀၆ ဒသမ ၆၆ စက္ကန့်၊ Point D မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၂၃ မိနစ် ၂၇ ဒသမ ၂၈ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၀၀ မိနစ် ၅၃ ဒသမ ၀၉ စက္ကန့်အထိဖြစ်သည်။

လုပ်ကွက်အမှတ် M-9 အတွင်းရှိ အကွက်အမှတ် ZWP-06 ၌ Point A မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၀၉ မိနစ် ၃၃ ဒသမ ၇၉ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၅၀ မိနစ် ၁၇ ဒသမ ၈၈ စက္ကန့်၊ Point B မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၀၉ မိနစ် ၃၃ ဒသမ ၈၇ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၅၂ မိနစ် ၃၁ ဒသမ ၃၁ စက္ကန့်၊ Point C မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၀၇ မိနစ် ၂၃ ဒသမ ၆၇ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၅၂ မိနစ် ၃၁ ဒသမ ၃၈ စက္ကန့် ၊ Point D မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၀၇ မိနစ် ၂၃ ဒသမ ၅၉ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၅၀ မိနစ် ၁၇ ဒသမ ၉၇ စက္ကန့်အထိဖြစ်သည်။

အထက်ဖော်ပြပါ လုပ်ငန်းခွင်ဧရိယာမှ (၄)ကီလိုမီတာပတ်လည်အတွင်း သင်္ဘောကြီးငယ်များ၊ ကုန်တင်စက်လှေများ၊ ငါးဖမ်းသင်္ဘောများ၊ စက်တပ်သမ္ဗန်များ ဖြတ်သန်းသွားလာခြင်းနှင့် ကျောက်ချရပ်နားခြင်း၊ ငါးဖမ်းခြင်း၊ ငါးဖမ်းကိရိယာများချထားခြင်းမရှိစေရေး ရေကြောင်းသတိပေးချက် ထုတ်ပြန်ထားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မွန်ပြည်နယ်ဝန်ကြီးချုပ် မုဒုံမြို့နယ်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေး

နေပြည်တော် ဧပြီ ၂၀

မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအုန်းမြင့်သည် ဧပြီ ၁၉ ရက် နံနက်ပိုင်းတွင် မုဒုံမြို့နယ် ကမာဝက်တိုက်နယ် ကျိုက်ဇယ်စေတီတော် ဗုဒ္ဓပူဇနိယပူဇော်ပွဲနှင့် စေတီတော်စောင်းတန်း အနောက်ဘက်အဝင်မုခ်ဦး ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်သည်။

ဆက်လက်၍ ထောင်ကေးကျေးရွာအုပ်စု ထောင်ဖုစာကြည့်တိုက် ပန္နက်တင်မင်္ဂလာအခမ်းအနားသို့တက်ရောက်ပြီး ခြသေ့်ကျောင်းတိုက်၌ ကမာဝက်တိုက်နယ်အတွင်းရှိ ဆရာတော်ကြီးများအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် မုဒုံမြို့ ကန်ကလေးဥယျာဉ်ခြံ၌ နွားနောက်မွေးမြူမှု၊ ကန်ကြီးကန်ပတ်လမ်းရှိ ယာဝဘောဇနကျောင်းဆောင်သစ် တည်ဆောက်ပြီးစီးမှု၊ မုဒုံမြို့ ဗဟိုခြံ ၂၅ ဧက စပါးမျိုးစေ့ထုတ်စိုက်ခင်း၊ ဘဲရမ်းကုန်ထုတ်လယ်ယာအသင်း၌ နွားမွေးမြူထားရှိမှုနှင့် အဏုဇီဝပိုးမွေးမြူထားရှိမှုများကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်သည် မုဒုံမြို့ အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်တန်းကျောင်းအရောင်းဆိုင်၌ ကြိမ်ပစ္စည်းများ၊ အဝတ်အထည်များနှင့် အိမ်သုံးအလှဆင်ပစ္စည်းများရောင်းချနေမှုကို ကြည့်ရှုစစ်ဆေး၍ မြန်မာ့ရိုးရာမုန့်များနှင့် ခြံထွက်သစ်သီးများကိုလည်း ရောင်းချသွားရန် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဆုချီးမြှင့်

၁၃၇၃ ခုနှစ် မြန်မာ့ရိုးရာယဉ်ကျေးမှုမဟာသင်္ကြန် ယိမ်းအကပြိုင်ပွဲ ပထမဆုရ ပျဉ်းမပင်ရပ်ကွက်ကိုယ်စားပြု ဖူးငုံပွင့်ဝေယိမ်းအဖွဲ့အား ရွှေကျင်မြို့နယ် အုပ်ချုပ်ရေးမှူး ဦးခင်သိန်းမောင် ဆုချီးမြှင့်စဉ်။ (၀၀၁)

အာရှအမျိုးသမီးကလပ်အသင်း တံခွန်စိုက်ဘော်လီဘောယှဉ်ပြိုင်ရန် မြန်မာ့လက်ရွေးစင် အမျိုးသမီးဘော်လီဘော ထိုင်းသို့ထွက်ခွာ

ရန်ကုန် ဧပြီ ၂၀

၂၀၁၂ ခုနှစ် ဧပြီ ၂၁ ရက်မှ ၂၉ ရက်အထိ ထိုင်းနိုင်ငံ Nakhonratchasima မြို့၌ကျင်းပမည့် ၂၀၁၂ ခုနှစ် အာရှအမျိုးသမီးကလပ်အသင်းများ တံခွန်စိုက်ဘော်လီဘောပြိုင်ပွဲ (2012 Asian Women's Club Volleyball Championship) တွင် ပါဝင်ယှဉ်ပြိုင်ရန် ဦးသိန်းဝင်း (GM.Asia World Co.,Ltd.) ခေါင်းဆောင်သော

မြန်မာ့လက်ရွေးစင်အမျိုးသမီးဘော်လီဘောအသင်းသည် ဧပြီ ၁၉ ရက် နံနက်ပိုင်းတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ထိုင်းနိုင်ငံသို့ ထွက်ခွာသွားသည်။ **(အပေါ်ပုံ)**

မြန်မာ့လက်ရွေးစင် အမျိုးသမီးဘော်လီဘောအသင်းတွင် နည်းပြ ဦးသိန်းဆွေ၊ လက်ထောက်နည်းပြ ဦးချန်ထွန်းအောင်၊ လေ့ကျင့်ရေးမှူး ဦးကျော်စိုးအောင်တို့နှင့်အတူ မြန်မာ့လက်ရွေးစင်အမျိုးသမီးဘော်လီဘောအားကစားသမားများအဖြစ် နီလာအေး၊ မိုးမိုးစန်း၊ ဖြူဖြူဝေ၊ အေးနန္ဒာကျော်၊ မို့မို့မြင့်၊ သီသီအောင်၊ ခင်သက်ဝေ၊ ရီရီလွင်၊ ချိုချိုဝင်း၊ စုမြတ်မွန်နှင့် စန်းစန်းငွေးတို့ လိုက်ပါသွားကြသည်။

၂၀၁၂ ခုနှစ် အာရှအမျိုးသမီးကလပ်အသင်းများ တံခွန်စိုက်ဘော်လီဘောပြိုင်ပွဲတွင် အသင်း ၁၀ သင်းပါဝင်ကြပြီး အုပ်စုနှစ်စုခွဲထားရာ (က)အုပ်စုတွင် မြန်မာ၊ ထိုင်း၊ ဗီယက်နမ်၊ အီရန်နှင့် ဂျပန်အသင်းတို့ပါဝင်ကြကာ (ခ)အုပ်စုတွင် တရုတ်၊ KAZ၊ မလေးရှား၊ သီရိလင်္ကာနှင့် ကူဝိတ်အသင်းတို့ ပါဝင်ကြသည်။

မြန်မာ့လက်ရွေးစင်အမျိုးသမီးဘော်လီဘောအသင်းသည် ဧပြီ ၂၁ ရက်တွင် ပွဲဦးထွက်ပွဲအဖြစ် ဗီယက်နမ်အမျိုးသမီးလက်ရွေးစင်ဘော်လီဘောအသင်းနှင့် ယှဉ်ပြိုင်ကစားမည်ဖြစ်ကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**

မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော် ပိတ်ပွဲအခမ်းအနား ရွှေကျင်မြို့နယ်၌ ကျင်းပ

ရွှေကျင် ဧပြီ ၂၀

ပဲခူးတိုင်းဒေသကြီး ပဲခူးခရိုင် ရွှေကျင်မြို့နယ် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်ကို ရွှေကျင်မြို့ ရှမ်း/ကြေးရပ်ကွက် ညဈေးလမ်းရှိ ၁၃၇၃ ခုနှစ် မြန်မာ့ရိုးရာ မဟာသင်္ကြန် ဗဟိုမဏ္ဍပ်တွင် မဟာသင်္ကြန်အကြိုနေ့မှ စတင်၍ အကျနေ့၊ ပထမအကြတ်နေ့၊ ဒုတိယအကြတ်နေ့၊ အတက်နေ့များတွင် ကျင်းပပြုလုပ်ခဲ့သည်။

ဖြေဖျော်မှုများပြုလုပ်ခဲ့

အဆိုပါ မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်တွင် ရွှေကျင်မြို့နယ် အတွင်းရှိ ရပ်ကွက်ကျေးရွာအုပ်စုများမှ ယိမ်းအကပြိုင်ပွဲများဖြင့် ဖြေဖျော်ပြီး ရန်ကုန်မြို့မှ (Forward) တေးဂီတအဖွဲ့နှင့်အတူ တေးသံရှင်များ၊ ရုပ်ရှင်နှင့် ဗီဒီယိုသရုပ်ဆောင်များဖြင့် ဖြေဖျော်ကြသည်။ မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်၏ နောက်ဆုံးနေ့ဖြစ်သည့် အတက်နေ့တွင် မဟာသင်္ကြန်ပွဲတော် အောင်မြင်စွာကျင်းပနိုင်ရေး ဝိုင်းဝန်းကူညီပံ့ပိုးပေးသည့် စေတနာရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ခြင်း၊ ပြိုင်ပွဲဝင်ယိမ်းအကအဖွဲ့များအား ဆုများ ပေးအပ်ချီးမြှင့်ခြင်းများ ပြုလုပ်ခဲ့ပြီးနောက် ပြိုင်ပွဲဝင်အသင်းများအနက်မှ ပထမဆု၊ ဒုတိယဆုရအသင်းများ၏ ကပြဖြေဖျော်မှုများ ပြုလုပ်ခဲ့ကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**

လျှပ်စစ်ဓာတ်အားသုံးစွဲမှုသတိပြု

(က) ဟောင်းနွမ်းနေသည့် လျှပ်စစ်မီးကြိုးများကို လဲလှယ်ပေးပါ။
(ခ) လျှပ်စစ်ဒဏ်ခံကြိုးကို ခံနိုင်သည်ထက် ပိုမထည့်ပါနှင့်။
(ဂ) လျှပ်စစ်မီးဖို၊ မီးပူများကို သုံးစွဲပြီးလျှင် (သို့မဟုတ်) လျှပ်စစ်မီးပျက်လျှင် မီးခလုတ်ပိတ်ပြီး ပလပ်ခေါင်းဖြုတ်ထားပါ။
(ဃ) လျှပ်စစ်ဝိုင်ယာရှော့ခ်ဖြစ်လျှင် ပင်မခလုတ်ကို ပိတ်ပြီး ခြောက်သွေ့သော အဝတ်၊ ပိတ်စ စသည်တို့ဖြင့် ရိုက်ပုတ်ဖုံးအုပ်ငြှိမ်းသတ်ပါ။
(င) လျှပ်စစ်ဓာတ်အားကို ခံနိုင်အားထက် ပိုမသုံးပါနှင့်။
(စ) ချွတ်ယွင်းနေသော လျှပ်စစ်ပစ္စည်းကိရိယာများကို မသုံးပါနှင့်။

(မီးသတ်ဦးစီးဌာန)

နိုင်ငံတကာသတင်းများ

ရေလွှမ်းခံရသည့် ဖီဂျီနိုင်ငံအတွက် နယူးဇီလန်က ငွေကြေးထပ်မံထောက်ပံ့

ဝယ်လင်တန် ဧပြီ ၂၀

ယခုလဆန်းပိုင်းက ဖီဂျီနိုင်ငံ၌ အကြီးအကျယ်ရေလွှမ်းမိုးမှု ကြုံတွေ့ပြီးနောက် ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးအတွက် နယူးဇီလန်နိုင်ငံက နောက်ထပ်နယူးဇီလန် ဒေါ်လာတစ်သန်း ကူညီထောက်ပံ့ဦးမည်ဖြစ်ကြောင်း ဧပြီ ၂၀ ရက်က ကြေညာသည်။

ဖီဂျီနိုင်ငံသို့ နောက်ဆုံးထောက်ပံ့မည့်အစီအစဉ်အပါအဝင် ယခုအခါ နယူးဇီလန်နိုင်ငံ၏ ထောက်ပံ့ငွေမှာ နယူးဇီလန်ဒေါ်လာ ၂ ဒသမ ၂၅ သန်းအထိ ရှိပြီဖြစ်ကြောင်း ဆင်ဟွာသတင်းတွင် ဖော်ပြပါရှိသည်။

ဖီဂျီနိုင်ငံ ရေလွှမ်းမိုးမှုကြောင့် ပြည်သူ ၁၄၀၀၀ ဘေးကင်းရာသို့ ပြောင်းရွှေ့နေထိုင်ကြရပြီး လူနေအိမ်များ၊ စီးပွားရေးလုပ်ငန်းရှင်များနှင့် စိုက်ပျိုးထားသည့် ကောက်ပဲသီးနှံများ ပျက်စီးဆုံးရှုံးရသည်ဟု နယူးဇီလန်နိုင်ငံခြားရေးဝန်ကြီး မာရေးဆက်ကူလီက ပြောကြားသည်။ **(အင်တာနက်)**

အာဖဂန်၌ နေတိုးစစ်ရဟတ်ယာဉ်ပျက်ကျ အမေရိကန်တပ်ဖွဲ့ဝင် လေးဦးသေဆုံး

ကဘူးလ် ဧပြီ ၂၀

အာဖဂန်နစ္စတန်နိုင်ငံ ဟယ်မန့်ပြည်နယ်တောင်ပိုင်းတွင် ဧပြီ ၁၉ ရက် ညပိုင်းက နေတိုးစစ်ဘက် ရဟတ်ယာဉ်တစ်စင်း ပျက်ကျခဲ့ရာ အမေရိကန်တပ်ဖွဲ့ဝင်လေးဦး သေဆုံးခဲ့ကြောင်း ဧပြီ ၂၀ ရက်တွင် သတင်းထုတ်ပြန်သည်။ **(အပေါ်ပုံ)**

ပျက်ကျခဲ့

အဆိုပါရဟတ်ယာဉ်ပျက်ကျမှုမှာ မတော်တဆဖြစ်ရပ်ကြောင့်ဖြစ်ပြီး ပစ်ချခံရခြင်းမဟုတ်ကြောင်း အမေရိကန်စစ်ဘက်နှင့် အာဖဂန်အရာရှိများက ပြောကြားသည်။ ၎င်းရဟတ်ယာဉ်မှာ ဧပြီ ၁၉ ရက် ည ၈ နာရီခန့်က ပျက်ကျခဲ့ခြင်းဖြစ်သည်။

ရဟတ်ယာဉ်ပျက်ကျခဲ့သည့်နေရာမှာ ဟယ်မန့်ပြည်နယ်တောင်ပိုင်း လာကာနီအရပ်တွင်ဖြစ်ပြီး ရာသီဥတုဆိုးရွားမှုကြောင့် ပျက်ကျခဲ့ခြင်းဖြစ်ကြောင်း၊ ရဟတ်ယာဉ်ပျက်ကျမှုနှင့်ပတ်သက်ပြီး စုံစမ်းစစ်ဆေးမှုများ ပြုလုပ်လျက်ရှိကြောင်း သတင်း၌ ဖော်ပြသည်။

ယင်းဒေသတွင် ဧပြီ ၈ ရက်ကလည်း အသေခံဗုံးခွဲတိုက်ခိုက်မှုကြောင့် အာဖဂန်ရဲတပ်ဖွဲ့ဝင်လေးဦး သေဆုံးပြီး ရဲတပ်ဖွဲ့ဝင်ခုနစ်ဦး ဒဏ်ရာရရှိခဲ့သည့်ဖြစ်ရပ် ဖြစ်ပွားခဲ့သည်။ **(အင်တာနက်)**

ဆိုမာလီဓားပြများဖမ်းဆီးထားသော သီရိလင်္ကာ ငါးဖမ်းသမားခြောက်ဦး ပြန်လွတ်လာ

ကိုလံဘို ဧပြီ ၂၀

ဆိုမာလီပင်လယ်ဓားပြများက ဖမ်းဆီးထားသော သီရိလင်္ကာငါးဖမ်းသမားခြောက်ဦးအား စပိန်စစ်သင်္ဘောက ကယ်ဆယ်ပေးနိုင်ခဲ့ကြောင်း သီရိလင်္ကာအရာရှိများက ဧပြီ ၂၀ ရက်တွင် ပြောကြားသည်။ **(ယာပုံ)**

အဆိုပါ ငါးဖမ်းသမားများကို တန်ဇန်းနီးယားနိုင်ငံ ကမ်းလွန် ကီလိုမီတာ ၅၀ ခန့်အကွာ ရေပြင်ရှိ သင်္ဘောတစ်စင်းပေါ်၌ ဆိုမာလီဓားပြများက လွှန်ခဲ့သည့် ရှစ်လခန့်ကတည်းက ဖမ်းဆီးထားပြီး ပြန်ပေးငွေတောင်းဆိုနေခဲ့ခြင်းဖြစ်သည်။ ယင်းကို စပိန်စစ်သင်္ဘောတစ်စင်းမှ တိုက်ခိုက်ကယ်ဆယ်ခဲ့ပြီး သီရိလင်္ကာနိုင်ငံမှ တာဝန်ရှိသူများထံ လွှဲပြောင်းပေးခဲ့ခြင်းဖြစ်သည်။ ၎င်းငါးဖမ်းသမားများကို ပြီးခဲ့သည့်နှစ် ဇန်နဝါရီလမှ အိန္ဒိယသမုဒ္ဒရာအတွင်းမှ ဆိုမာလီပင်လယ်ဓားပြများက ဖမ်းဆီးသွားခဲ့ခြင်းဖြစ်သည်။

၎င်းငါးဖမ်းသမားများကို အမေရိကန်ဒေါ်လာ ၆ သန်းဖြင့် ပြန်ရွေးရန် တောင်းဆိုထားပြီး ပြန်မရွေးပါက သတ်ပစ်မည်ဟု ဆိုမာလီပင်လယ်ဓားပြများက ခြိမ်းခြောက်ထားခြင်းဖြစ်သည်။ **(အင်တာနက်)**

မြန်မာ့အလင်း နောက်ဆုံးရ နိုင်ငံတကာသတင်း

မိုးမြင့်လင်းလက် - စုစည်းသည်

ခရီးသည် ၁၇၂ ဦး တင်ဆောင်လာသောလေယာဉ် ငှက်အုပ်နှင့်တိုက်မိပြီး အရေးပေါ်ဆင်းသက်

နယူးယောက် ဧပြီ ၂၀

ဘိုရင်း ၇၅၇ ခရီးသည်တင်လေယာဉ်ကြီးတစ်စင်းသည် ဧပြီ ၁၉ ရက်က ဝေဟင်၌ ပျံသန်းနေစဉ် ငှက်အုပ်တစ်အုပ်နှင့် ဝင်တိုက်မိပြီးနောက် နယူးယောက်မြို့ ဂျွန်အက်ဖ်ကနေဒီ နိုင်ငံတကာလေဆိပ်သို့ အရေးပေါ်ဆင်းသက်ခဲ့ရကြောင်း ဧပြီ ၂၀ ရက်တွင် ပြည်တွင်းမီဒီယာများက ဖော်ပြသည်။

အဆိုပါ လေယာဉ်သည် ခရီးသည် ၁၇၂ ဦးနှင့် လေယာဉ်အမှုထမ်း ခုနစ်ဦးကို တင်ဆောင်ကာ လော့စ်အိန်ဂျလိစ်မြို့လေဆိပ်မှ ပျံသန်းထွက်ခွာလာပြီးနောက် ဝေဟင်၌ ငှက်အုပ်တစ်အုပ်နှင့် တိုက်မိခဲ့ခြင်းဖြစ်သည်။ **(ဝဲပုံ)**

၎င်းလေယာဉ်သည် လော့စ်အိန်ဂျလိစ်လေဆိပ်မှ လေကြောင်းခရီးစဉ် အမှတ် ဒဲလ်တာ ၁၀၆၃ ဖြစ်ကြောင်း၊ ငှက်အုပ်နှင့်တိုက်မိခြင်းဖြစ်နိုင်ကြောင်း အမေရိကန်ဗဟိုလေကြောင်းထိန်းသိမ်းရေးအဖွဲ့က ပြောကြားသည်။ ထိုသို့လေယာဉ်အရေးပေါ်ဆင်းသက်ခဲ့မှုကြောင့် ခရီးသည်နှင့်လေယာဉ်အမှုထမ်းများ တစ်ဦးမျှထိခိုက်ဒဏ်ရာရမှု မရှိကြောင်း၊ လေယာဉ်ကို ဘေးကင်းစွာဆင်းသက် နိုင်ခဲ့ကြောင်း သတင်း၌ဖော်ပြသည်။ **(အင်တာနက်)**

အမေရိကန်စစ်ဘက် အမြန်ရေယာဉ် ဖိလစ်ပိုင်ငါးဖမ်းလှေအား ဝင်တိုက်မိ

မနီလာ ဧပြီ ၂၀

ဖိလစ်ပိုင်နိုင်ငံ ဘာစီလန်မြို့ကမ်းလွန်တွင် ဧပြီ ၂၀ ရက် နံနက်က အမေရိကန်စစ်ဘက်အမြန်ရေယာဉ်တစ်စင်း ဝင်တိုက်မှုကြောင့် ဖိလစ်ပိုင်ငါးဖမ်းလှေတစ်စင်း နစ်မြုပ်ပြီး ယင်းငါးဖမ်းလှေမှ ငါးဖမ်းသမားတစ်ဦးသေဆုံးကာ တစ်ဦး ဒဏ်ရာ ရရှိခဲ့ကြောင်း အမေရိကန်စစ်ဘက်က သတင်းထုတ်ပြန်သည်။

အမေရိကန်တပ်ဖွဲ့ဝင်များကိုတင်ဆောင်လာသော စစ်ဘက်အမြန်ယာဉ်သည် ဖိလစ်ပိုင်နိုင်ငံ ဇမ်ဘိုအင်ဂါမြို့သို့ မောင်းနှင်လာစဉ် အချက်ပြမီးထင်ထင်ရှားရှားမရှိသည့် ၎င်းငါးဖမ်းလှေကို ဝင်တိုက်မိခဲ့ခြင်းဖြစ်သည်။ သေဆုံးခဲ့သည့် ငါးဖမ်းသမားမှာ အဘင်ဂျူဟူရင်ဖြစ်ပြီး ဒဏ်ရာရရှိခဲ့သူမှာ ၎င်း၏သားငယ်ဖြစ်သည်။

ဒဏ်ရာရရှိခဲ့သည့် သားဖြစ်သူအား ဇမ်ဘိုအင်ဂါမြို့ရှိ စစ်ဘက်ဆိုင်ရာဆေးရုံသို့တင်ပို့ကာ ဆေးကုသပေးလျက်ရှိသည်။ အမေရိကန်တပ်ဖွဲ့ဝင်များသည် ဖိလစ်ပိုင်ရှိ အဘူဆာရက်လက်နက်ကိုင်များကို နှိမ်နင်းနိုင်ရန် ဖိလစ်ပိုင်တပ်ဖွဲ့ဝင်များအား လေ့ကျင့်ပေးလျက်ရှိသည်။ **(အင်တာနက်)**

ဒစ္စကာဗာရီအာကာသလွှန်းပြန်ယာဉ် ပြတိုက်၌ ပြသမည်

ဝါရှင်တန် ဧပြီ ၂၀

နာဆာမှ အသုံးမပြုတော့ဘဲ အနားပေးထားခဲ့ပြီဖြစ်သည့် ဒစ္စကာဗာရီအာကာသလွှန်းပြန်ယာဉ်ကို စမစ်ဆိုးနီးယန်းအမျိုးသားလေတပ်နှင့် အာကာသရေးရာ ပြတိုက်တွင် ထာဝရပြသထားနိုင်ရန် လွှဲပြောင်းပေးလိုက်ပြီဖြစ်ကြောင်း ဧပြီ ၂၀ ရက်က သတင်းထုတ်ပြန်သည်။

အဆိုပါဒစ္စကာဗာရီအာကာသလွှန်းပြန်ယာဉ် **(ယာပုံ)** ကို ၁၉၈၄ ခုနှစ်က စတင်လွှတ်တင်ခဲ့ပြီး အာကာသခရီးစဉ် (၃၉) ကြိမ်ပျံသန်းခဲ့ကာ အာကာသယာဉ်မှူး ၂၄ ဦးအား နိုင်ငံတကာအာကာသယာဉ်စခန်းသို့ ပို့ဆောင်ပေးနိုင်ခဲ့သည်။

ဒစ္စကာဗာရီယာဉ်အား အနားပေးမှုအခမ်းအနားကို လေးရက်ကြာကျင်းပခဲ့ပြီးနောက် အမေရိကန်အမျိုးသားလေတပ်နှင့် အာကာသရေးရာပြတိုက်၌ အများပြည်သူများ ကြည့်ရှုလေ့လာနိုင်ရန်ခင်းကျင်းပြသသွားမည်ဖြစ်သည်။

ဒစ္စကာဗာရီအာကာသလွှန်းပြန်ယာဉ်သည် ဖလော်ရီဒါပြည်နယ် ကနေဒီအာကာသယာဉ်စခန်းမှ ဝါရှင်တန်မြို့ အမေရိကန်အမျိုးသားလေတပ်နှင့် အာကာသဆိုင်ရာပြတိုက်သို့ ပို့ဆောင်ပေးခဲ့ခြင်းဖြစ်သည်။ ယင်းဒစ္စကာဗာရီအာကာသလွှန်းပြန်ယာဉ်ကို ဘိုရင်း- ၇၄၇ ဂျမ်ဘိုဂျက်လေယာဉ်ကြီးဖြင့် သယ်ဆောင်လာခဲ့ခြင်း ဖြစ်သည်။ **(အင်တာနက်)**

နိုင်ငံတကာသတင်းအတိုအထွာ ၂၀-၄-၂၀၁၂

တင်မောင်လွင် – စုစည်းသည်

ဘိုလီးဗီးယားတွင် ခရီးသည်တင်ဘတ်စ်ကား မြစ်အတွင်းထိုးကျ

ဘိုလီးဗီးယားနိုင်ငံ လာပတ်မြို့မြောက်ပိုင်း လတ်စ်ယန်ဂတ်စ်ဒေသအနီးတွင် ခရီးသည်တင်ဘတ်စ်ကားတစ်စီး အရှိန်လွန်မှုကြောင့် မြစ်တစ်မြစ်အတွင်း ထိုးကျသွားခဲ့ရာ အနည်းဆုံး ၂၀ သေဆုံးပြီး ၃၉ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း ဒေသဆိုင်ရာ ရဲတပ်ဖွဲ့က ဧပြီ ၁၉ ရက်တွင်ပြောကြားသည်။ (အောက်ပုံ)

အဆိုပါ မတော်တဆမှုသည် ယာနာကချီမြို့ အီချာကိုလူနေရပ်တစ်ခုအနီး လာပတ်-လာအစန်တာ အဝေးပြေးလမ်းမပေါ်၌ ဧပြီ ၁၈ ရက် မွန်းလွဲပိုင်းက ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း၊ ဧပြီ ၁၉ ရက်အစောပိုင်းအချိန်အထိ နာရီပေါင်းများစွာ ကယ်ဆယ်ရေးများ ဆက်လက်ပြုလုပ်လျက်ရှိကြောင်း အရေးပေါ်ကယ်ဆယ်ရေး နှင့် မီးသတ်ဌာနမှ ဒုတိယခေါင်းဆောင် အာနက်စ်တိုဇီဘာလော့စ်က ပြောကြားသည်။ မြစ်အတွင်းဆက်လက်ရှာဖွေခဲ့ရာ ညအချိန်ဖြစ်သည့်အတွက်ကြောင့် အသက်ရှင်ကျန်ရစ်သူများ သို့မဟုတ် သေဆုံးသူရုပ်အလောင်းများပင်တွေ့ရှိရန် ခက်ခဲလျက်ရှိကြောင်း ဇီဘာလော့စ်က သတင်းထောက်များအား ပြောကြားခဲ့သည်။ ယင်းဘတ်စ်ကားသည် ဘရိတ်ချွတ်ယွင်းပြီး လမ်းချော်မှုဖြစ်ကာ မီတာ ၅၀ ခန့်ရှိချောက်ကမ်းပါးမှ မြစ်အတွင်းသို့ ထိုးကျသွားခဲ့ခြင်းဖြစ်ကြောင်း အသက်ရှင်ကျန်ရစ်သည့် အဆိုပါဘတ်စ်ကားမောင်းသူက ပြောကြားခဲ့သည်။



ယူကရိန်းတွင် လေပြင်းမုန်တိုင်းများတိုက်ခတ်

ယူကရိန်းနိုင်ငံ ခရိမီးယားဒေသ ဆင်ဖရိုပိုလ်မြို့တွင် ပြင်းထန်သော မုန်တိုင်း တိုက်ခတ်မှုကြောင့် လူနှစ်ဦးဒဏ်ရာရရှိခဲ့ကြောင်း ယူကရိန်းအရေးပေါ်ဝန်ကြီးဌာနက ဧပြီ ၁၉ ရက်တွင် ပြောကြားသည်။

အဆိုပါမုန်တိုင်းတိုက်ခတ်မှုကြောင့် လူနှစ်ဦးမှာ သစ်ပင်များပြိုလဲရာမှ ဒဏ်ရာရရှိခဲ့ခြင်းဖြစ်ကြောင်း ခရိမီးယားကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပြောရေးဆိုခွင့်ရှိသူ ဗလာဒီမာလာဗန်နေ့ဗ်က ပြောကြားခဲ့သည်။ အဆောက်အအုံအမိုးတစ်ခုမှာ စတုရန်းမီတာ ၄၀၀ ခန့်အထိ ပြိုလဲမှုကြောင့် ပုဂ္ဂလိကပိုင် မော်တော်ကား ငါးစီးလည်း ပျက်စီးခဲ့ကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။ ယင်းလေပြင်းမုန်တိုင်းသည် ခရိမီးယားကျွန်းဆွယ်ဒေသသို့လည်း တိုက်ခတ်ခဲ့ကြောင်း၊ ဆင်ဖရိုပိုလ်နှင့် ဘီလိုရစ်ဒေသတို့တွင် လေတိုက်နှုန်းပြင်းထန်ကြောင်း၊ အဆိုပါဒေသရှိ မိုးလေဝသဌာနကလည်း ဧပြီ ၁၉ ရက်အထိ လေပြင်းများတိုက်ခတ်ပြီး မိုးများရွာသွန်းနိုင်သည်ဟု ကြိုတင်သတိပေးချက်ထုတ်ပြန်ထားကြောင်း လာဗန်နေ့ဗ်က ပြောကြားခဲ့သည်။ (အင်တာနက်)

နိုင်ငံတကာသတင်းမြင်ကွင်း နိုင်ငံတကာသတင်းမြင်ကွင်း

ဇော်ဦးခိုင် - ရေးသားသည်

လျှပ်စစ်မော်တော်ယာဉ်ငယ်များ တရုတ်၌ စတင်အသုံးပြု

ပေကျင်း ဧပြီ ၂၀

ကမ္ဘာ့လူဦးရေအများဆုံး နိုင်ငံဖြစ်သည့် တရုတ်နိုင်ငံတွင် မော်တော်ယာဉ်များမှ မီးခိုးများထွက်ရှိမှုကို လျှော့ချသည့်အနေဖြင့် လျှပ်စစ်မော်တော်ယာဉ်ငယ်များ စတင်အသုံးပြုနေပြီဖြစ်ကြောင်း ဧပြီ ၂၀ ရက်တွင် သတင်းထုတ်ပြန်သည်။ **(ယာပုံ)**

အဆိုပါ လျှပ်စစ်မော်တော်ယာဉ်ငယ်များမှာ လူတစ်ဦး သို့မဟုတ် သုံးဦးအထိစီးနိုင်သော မော်တော်ယာဉ်ငယ်များဖြစ်သည်။ ၎င်းမော်တော်ယာဉ်ငယ်များသည် တစ်နာရီလျှင် ကီလိုမီတာ ၃၀ အထိ မောင်းနှင်နိုင်သည်။ ဘီးသုံးဘီးပါသော အဆိုပါ လျှပ်စစ်မော်တော်ယာဉ်ငယ်သည် ဈေး၊ အလုပ်၊ ကျောင်းစသည့် နေရာများသို့ ပေါ့ပါးလျင်မြန်စွာ မောင်းနှင်သွားလာနိုင်အောင် ထုတ်လုပ်ထားခြင်းဖြစ်သည်။

၎င်းလျှပ်စစ်မော်တော်ယာဉ်ငယ်တစ်စီးလျှင် အမေရိကန်ဒေါ်လာ ၆၀၀ နှင့် အမျိုးအစားလိုက်ပြီး တစ်စီးလျှင် အမေရိကန်ဒေါ်လာ ၁၅၀၀ ဖြင့် ရောင်းချလျက်ရှိကြောင်း သတင်း၌ဖော်ပြသည်။ **(အင်တာနက်)**

ပါကစ္စတန်၌ အမျိုးသမီးများ အက်စစ်ဖြင့်ပက်ကာ တိုက်ခိုက်ခံနေရ



အစ္စလမ္မာဘတ် ဧပြီ ၂၀

ပါကစ္စတန်နိုင်ငံတွင် အမျိုးသမီးများအား အက်စစ်ဖြင့်ပက်ကာ တိုက်ခိုက်မှုများ နေရာအနှံ့အပြားတွင် တိုးမြင့်ဖြစ်ပွားလျက်ရှိကြောင်း အင်တာနက် သတင်း၌ ဧပြီ ၂၀ ရက်က ဖော်ပြသည်။ **(ဝဲပုံ)**

ပါကစ္စတန်နိုင်ငံတွင် ပြီးခဲ့သည့် ၂၀၁၁ ခုနှစ်မှ စတင်ကာ အမျိုးသမီးများအား ထိုသို့တိုက်ခိုက်မှုများ တိုးမြင့်ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ ပြီးခဲ့သည့် ၂၀၁၁ ခုနှစ်မှ ၂၀၁၂ ခုနှစ် ဧပြီလ ဒုတိယသီတင်းပတ်အထိ ပါကစ္စတန်အမျိုးသမီး ၁၅၀ ခန့်တို့မှာ အက်စစ်ဖြင့်ပက်ကာ တိုက်ခိုက်ခံခဲ့ရသည်ဟု ဖော်ပြထားသည်။

ထိုသို့အက်စစ်ဖြင့်ပက်ရာတွင် အမျိုးသမီးများ၏မျက်နှာကို အဓိကတိုက်ခိုက်ခြင်းမပြုဘဲ ခန္ဓာကိုယ်များကိုသာ အက်စစ်ဖြင့်ပက်ခြင်းဖြစ်သည်။ သို့သော် အချို့အမျိုးသမီးများ၏မျက်နှာများကိုလည်း အက်စစ်ဖြင့်ပက်ကာ တိုက်ခိုက်ခဲ့မှုများလည်း ဖြစ်ပွားခဲ့သည်။ အက်စစ်ဖြင့်ပက်ကာ တိုက်ခိုက်သူတရားခံများကို ဖမ်းဆီးနိုင်ခြင်းမရှိသဖြင့် တရားဥပဒေအရ ထိရောက်စွာအရေးယူနိုင်ခြင်းမရှိသေးကြောင်း သတင်း၌ဖော်ပြသည်။ **(အင်တာနက်)**

အသက် ၁၀၁ နှစ်အရွယ်အဘိုး လန်ဒန်အိုလံပစ်မာရသွန်ပြိုင်ရန် လေ့ကျင့်နေ

နယူးဒေလီ ဧပြီ ၂၀

အိန္ဒိယနွယ်ဖွား ဗြိတိန်နိုင်ငံသား အသက် ၁၀၁ နှစ်အရွယ်ရှိအဘိုးတစ်ဦးသည် လာမည့် ၂၀၁၂ လန်ဒန်အိုလံပစ်ပွဲတော်၌ ပါဝင်ဆင်နွှဲရန် လေ့ကျင့်လျက်ရှိကြောင်း ဧပြီ ၂၀ ရက်က အင်တာနက်သတင်း၌ ဖော်ပြသည်။

ဖာရူဂျာဆင်း၏အမည်ရှိ ၎င်းအိန္ဒိယအမျိုးသားကြီးသည် အိန္ဒိယနိုင်ငံတွင် မွေးဖွားကြီးပြင်းခဲ့ပြီးနောက် ၁၉၆၀ ခုနှစ်က ဗြိတိန်နိုင်ငံသို့ ပြောင်းရွှေ့နေထိုင်ခဲ့သူဖြစ်သည်။ ဖာရူဂျာဆင်း၏သည် အသက် ၈၉ နှစ်အရွယ်မှစတင်ကာ မာရသွန်အပြေးပြိုင်ပွဲ ရှစ်ကြိမ်ပါဝင်ဆင်နွှဲခဲ့ပြီးဖြစ်သည်။

ယုံကြည်ထား

မကြာမီက ပါဝင်ဆင်နွှဲခဲ့သော ကနေဒါနိုင်ငံ တိုရွန်တိုမာရသွန်ပြိုင်ပွဲ၌ ဖာရူဂျာဆင်း၏ ပါဝင်ဆင်နွှဲခဲ့ရာ သူ၏အပြေးစံချိန်မှာ ၈ နာရီ ၂၅ မိနစ် ၁၆ စက္ကန့်ဖြစ်သည်။ သူ၏အပြေးနည်းပြဖြစ်သူ ဟာမင်ဒါဆင်း၏က အဆိုပါစံချိန်ထက် ပိုမိုမြန်သောအပြေးစံချိန်ကို လန်ဒန်အိုလံပစ်၌ ပြေးနိုင်မည်ဟုယုံကြည်ထားသည်။

ဖာရူဂျာဆင်း၏ ပါဝင်ယှဉ်ပြိုင်ခဲ့သည့် မာရသွန်ပြိုင်ပွဲတိုင်း၌ ပန်းဝင်သည်အထိ ပြီးဆုံးအောင်ပြေးနိုင်ခဲ့သည့်ပွဲများချည်းပင်ဖြစ်သည်။ **(အင်တာနက်)**

ဘိုလီးဗီးယား၌ မုန်တိုင်းနှင့်မိုးသည်းထန်မှု ဒေသခံ ၂၅၉၀၀၀ ကျော် အိုးမဲ့အိမ်မဲ့ဖြစ်

လာပက်ဇ် ဧပြီ ၂၀

ဘိုလီးဗီးယားနိုင်ငံတွင် လာနီညာရာသီဥတုကြောင့်ဖြစ်ပေါ်သော မိုးသည်းထန်စွာရွာသွန်းမှုနှင့် မုန်တိုင်းတိုက်ခတ်မှုများကြောင့် အိုးအိမ်များစွာပျက်စီးကာ ဒေသခံပြည်သူ ၂၅၉၀၀၀ ကျော် အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ရကြောင်း ဘိုလီးဗီးယားအရာရှိများက ဧပြီ ၂၀ ရက်တွင် သတင်းထုတ်ပြန်သည်။

ဘိုလီးဗီးယားနိုင်ငံ လာပက်ဇ်မြို့ဝန်းကျင်ဒေသများ၊ အော်ရူယိုဒေသ၊ ပိုတိုစီဒေသနှင့် ချူကွီဆာကာဒေသများတွင် မုန်တိုင်းများတိုက်ခတ်မှုနှင့် မိုးသည်းထန်မှုတို့ကြောင့် နေအိမ်များစွာပျက်စီးခဲ့ရသည်။ **(အောက်ပုံ)**

အဆိုပါသဘာဝဘေးအန္တရာယ်များကြောင့် ဘိုလီးဗီးယားအာဏာပိုင်များက အရေးပေါ်ကယ်ဆယ်ရေးစခန်းများဖွင့်လှစ်ကာ နေရာချထားပေးလျက်ရှိသည်။ ထို့အတူ အပျက်အစီးများကိုလည်း ကယ်ဆယ်ရေးအဖွဲ့များက ရှင်းလင်းဖယ်ရှားပေးလျက်ရှိသည်။

ဘိုလီးဗီးယားနိုင်ငံ အချို့ဒေသများတွင် မိုးသည်းထန်စွာရွာသွန်းမှုနှင့် ရေလွှမ်းမှုများ ဆက်လက်ဖြစ်ပေါ်နေဆဲပင်ဖြစ်သည်။

ဘိုလီးဗီးယားအစိုးရကသဘာဝဘေးကြုံတွေ့နေရသည့် ဒေသများသို့ ကယ်ဆယ်ရေးနှင့် ထောက်ပံ့ရေးငွေ အမေရိကန်ဒေါ်လာ၂ ဒသမ ၃ သန်း ပေးအပ်ထားကြောင်း သတင်း၌ဖော်ပြသည်။ **(အင်တာနက်)**

နိုင်ငံတကာသတင်းသုတ

နျူကလီးယားလက်နက်မဲ့ကမ္ဘာဖြစ်ရေး

သတင်းမှတ်စု - တိုး

မြောက်ကိုရီးယားနိုင်ငံအနေဖြင့် မအောင်မြင်သည့် တာဝေးပစ်ဒုံးပျံပစ်မှုအတွက် တာဝန်ယူရလိမ့်မည်ဖြစ်ကြောင်း တောင်ကိုရီးယားနိုင်ငံက ဧပြီ ၁၃ ရက်တွင် ကြေညာလိုက်သည်ဟု ဆင်ဟွာသတင်းတွင် ယနေ့ ဖော်ပြလိုက်သည်။

ဖော်ပြထား

မြောက်ကိုရီးယားနိုင်ငံက ကုလသမဂ္ဂတားမြစ်ချက်ကိုချိုးဖောက်ကာ တန်ချိန် ၉၀ ရှိ အန်ဟာ-၃ ဒုံးပျံကို ဧပြီ ၁၃ ရက် ဒေသစံတော်ချိန် နံနက် ၇ နာရီ ၃၉ မိနစ်တွင် ကုန်ချန်ရီဒုံးပျံလွှတ်ဌာနမှ လွှတ်လိုက်ကြောင်း၊ သို့သော် လွှတ်တင်ပြီးတစ်မိနစ်၊ နှစ်မိနစ်အကြာတွင် ဒုံးပျံသည် အပိုင်းအစ ၂၀ ခန့်ကွဲပြီး ပင်လယ်ထဲကျသွားကြောင်း တောင်ကိုရီးယားကာကွယ်ရေးဌာန၏ ပြောကြားချက်အရ သိရသည်။ မြောက်ကိုရီးယားကမူ တာဝေးပစ်ဒုံးပျံလွှတ်တင်မှုနှင့်ပတ်သက်၍ အတည်ပြုခြင်း၊ ငြင်းဆိုခြင်းမပြုသေးကြောင်း ဆင်ဟွာသတင်း၌ ဆက်လက်ဖော်ပြထားသည်။

မြောက်ကိုရီးယားဒုံးပျံ သို့မဟုတ် ဒုံးပျံ၏အပိုင်းအစများ မိမိတို့ပိုင်နက် နယ်မြေအတွင်းကျလာလျှင် ပစ်ချရန် တောင်ကိုရီးယားနှင့် ဂျပန်တို့က သန္နိဋ္ဌာန်ချထားသည်။ သို့သော် ဒုံးပျံအပိုင်းအစများမှာ ယခုအခါ နိုင်ငံတကာရေပိုင်နက်အတွင်းသို့ ကျကုန်သည်။

ကြေညာထား

မြောက်ကိုရီးယားနိုင်ငံကမူ နိုင်ငံတော်ထူထောင်သူဖခင်ကြီး ကင်အီဆွန်း ဧပြီ ၁၅ ရက်တွင် အသက် ၁၀၀ ပြည့်အထိမ်းအမှတ်အဖြစ် ဂြိုဟ်တုတစ်လုံးကို ဒုံးပျံဖြင့် လွှတ်တင်မည်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာထားပြီးဖြစ်သည်။ ဒုံးပျံလွှတ်တင်ခြင်းသည် ငြိမ်းချမ်းရေးရည်ရွယ်ချက်များဖြင့် လွှတ်တင်ခြင်းဖြစ်ပြီး အခြားနိုင်ငံများကိုလည်း ထိခိုက်စေမည်မဟုတ်ကြောင်း မြောက်ကိုရီးယားက ကြေညာထားသည်။

ကမ္ဘာမြေ လေ့လာရေးဂြိုဟ်တုတစ်လုံးကို ဧပြီ ၁၂ ရက်နှင့် ၁၆ရက်အတွင်း လွှတ်တင်မည်ဖြစ်ကြောင်း မြောက်ကိုရီးယားက ပြီးခဲ့သည့်လကတည်းကကြေညာထားခဲ့သည်။ထို့ကြောင့်ပင် ဂျပန်ဝန်ကြီးချုပ် ယိုရှီဟီကိုနိုဒါသည် ဧပြီ ၁၂ ရက်က တပ်လှန့်နှိုးဆော်ရန်အတွက် ခါတိုင်းလာနေကျထက် တစ်နာရီစောပြီး နံနက် ၇ နာရီမတိုင်မီ ရုံးခန်းသို့ ရောက်လာခဲ့ခြင်းဖြစ်သည်။ သတ်မှတ်ရက်ငါးရက်အနက် ပထမရက်တွင်ပင် ဒုံးပျံလွှတ်တင်မည်ဟု အချို့ကယူဆနေခဲ့ကြသည်မဟုတ်ပါလား။

မြောက်ကိုရီးယားဒုံးပျံလွှတ်မှုနှင့်စပ်လျဉ်း၍ ကုလသမဂ္ဂလုံခြုံရေးကောင်စီက နယူးယောက်မြို့၌ ဧပြီ ၁၃ ရက် နံနက်တွင် ဆွေးနွေးရန်စီစဉ်ထားခဲ့သည်။ ယခုတော့ ဒုံးပျံလွှတ်တင်မှုက မအောင်မြင်ခဲ့။

မြောက်ကိုရီးယား၏ ယင်းဒုံးပျံလွှတ်မှုမှာ ကုလသမဂ္ဂလုံခြုံရေးကောင်စီ ဆုံးဖြတ်ချက်တစ်ရပ်နှင့် တကွ မကြာသေးမီကမှ ရယူထားသော မြောက်ကိုရီးယားအစိုးရနှင့် အမေရိကန်အစိုးရတို့ကြား စားနပ်ရိက္ခာထောက်ပံ့ရေး သဘောတူညီချက်တို့နှင့်လည်း ဆန့်ကျင်နေကြောင်း တောင်ကိုရီးယားနှင့်အမေရိကန်အစိုးရတို့က ရှုမြင်ကြသည်။

ဆောင်ရွက်

အမေရိကန်နိုင်ငံသည် ပစိဖိတ်နိုင်ငံတစ်နိုင်ငံဖြစ်သည့်အားလျော်စွာ အာရှ- ပစိဖိတ်ဒေသ ပုံဖော်ရေးနှင့် အနာဂတ်ရေးတွင် ရှည်ကြာပြီး ပိုမိုကြီးမားသည့် အခန်းကဏ္ဍမှ ပါဝင်ဆောင်ရွက်မည်ဖြစ်ကြောင်း ယခုလဆန်းပိုင်းက တောင်ကိုရီးယားနိုင်ငံ ဆိုးလ်မြို့သို့ရောက်ရှိစဉ် အမေရိကန်သမ္မတ အိုဘားမားက ပြောခဲ့သည်။ ထိုခရီးမှာ တောင်ကိုရီးယားနိုင်ငံ ဆိုးလ်မြို့၌ ကျင်းပသည့် ၂၀၁၂ ခုနှစ် နျူကလီးယားလုံခြုံရေးထိပ်သီးအစည်းအဝေးတက်ရန် သမ္မတအိုဘားမား ဆိုးလ်သို့ရောက်ရှိခြင်းဖြစ်သည်။

ထိပ်သီးအစည်းအဝေးတွင် "ကမ္ဘာ့နျူကလီးယားလက်နက်များလုံခြုံရေးနှင့် နျူကလီးယား အကြမ်းဖက်မှုတားဆီးရေးမှာ ကမ္ဘာ့လုံခြုံရေးအား အလောတကြီး စိန်ခေါ်မှုတစ်ရပ်ကို ကိုင်တွယ်ရမည့်အရေးဖြစ်ကြောင်း၊ ပန်းသီးလုံးလောက်ရှိသည့် သေးငယ်သော ပလူတိုနီယံသတ္တုက လူထောင်ပေါင်းများစွာကို သေစေနိုင်ပြီး တစ်ကမ္ဘာလုံးအကျပ်အတည်း ရိုက်သွားနိုင်ကြောင်း" သမ္မတအိုဘားမားက ပြောကြားလိုက်သည်။

အဆိုပါအစည်းအဝေးသို့ ကုလသမဂ္ဂ၊ နိုင်ငံတကာအဏုမြူစွမ်းအင်အေဂျင်စီ (အိုင်အေအီးအေ)၊ ဥရောပသမဂ္ဂ(အီးယူ)နှင့် အင်တာပိုစသော နိုင်ငံတကာအဖွဲ့အစည်းလေးရပ်မှ အကြီးအကဲများနှင့်အတူ နိုင်ငံပေါင်း ၅၄ နိုင်ငံမှ ခေါင်းဆောင်များ တက်ရောက်ခဲ့သည်။ နျူကလီးယားလက်နက်များ **(အပေါ်ပုံ)** အကြမ်းဖက်သမားများလက်တွင်းသို့ ကျရောက်သွားပြီး ကမ္ဘာပေါ်ရှိနိုင်ငံများကို မကြုံဖူးအောင် ခြိမ်းခြောက်လာနိုင်သည့် နျူကလီးယားအပိုင်းအစများ လုံခြုံရေးကို ထိုထိပ်သီးအစည်းအဝေးက အာရုံစိုက်ခဲ့သည်။

ထိပ်သီးအစည်းအဝေးမတိုင်မီကလည်း နျူကလီးယားလက်နက်မဲ့ကမ္ဘာကြီးဖြစ်အောင် သူတွန်းအားပေးနေကြောင်း၊ ယင်းကိစ္စကို ရုရှား၊ တရုတ်နိုင်ငံတို့နှင့်လည်း လက်တွဲဆောင်ရွက်မည်ဖြစ်ကြောင်း သမ္မတ အိုဘားမားက ပြောကြားခဲ့သည်။

ဆိုးလ်ထိပ်သီးအစည်းအဝေးတွင် နျူကလီးယားအကြမ်းဖက်မှုမှာ ဆိုးရွားစွာခြိမ်းခြောက်မှုအဖြစ်ရှိနေကြောင်း တောင်ကိုရီးယားသမ္မတ အီမြောင်ဘတ်က ပြောကြားသည့်နည်းတူ အမေရိကန်သမ္မတ အိုဘားမားကလည်း အရေးယူရန် ပြောကြားသည်။

အမေရိကန်နှင့် ဆိုဗီယက်ပြည်ထောင်စုတို့ ၁၉၉၁ ခုနှစ်တွင် ချုပ်ဆိုခဲ့သည့် မဟာဗျူဟာလက်နက်လျှော့ချရေးစာချုပ်(စတပ်)ကို အစားထိုးသည့် စတပ်သစ် စာချုပ်ကိုလည်း သမ္မတအိုဘားမားနှင့် ရုရှားသမ္မတ မက်ဗီဒက်တို့ ၂၀၁၀ ပြည့် ဧပြီ ၈ ရက်က ရေးထိုးပြီး နှစ်နိုင်ငံစလုံးက အတည်ပြုပြီးကာ ၂၀၁၁ ခုနှစ် ဖေဖော်ဝါရီ ၅ ရက်တွင် စတင်အသက်ဝင်ခဲ့ပြီဖြစ်သည်။ စစ်အေးတိုက်ပွဲကာလ၏ အမွေအဖြစ် မဟာဗျူဟာလက်နက်များ ကျန်ခဲ့ခြင်းဖြစ်၍ အမေရိကန်နှင့် ရုရှားတို့ကသာ လက်နက်လျှော့ချရုံဖြင့် မလုံလောက်ဘဲ မဟာဗျူဟာလက်နက်များလျှော့ချရုံမက နျူကလီးယားလက်နက်မဲ့ကမ္ဘာ ဖြစ်လာစေရန် နိုင်ငံအားလုံးဝိုင်းဝန်းဆောင်ရွက်မှုသာ အောင်မြင်မည်ဖြစ်ပါသည်။ **ကိုးကား-အင်တာနက်**

ကောင်းမြတ်သူ-စုစည်းသည်

Boyfriend ဗီဒီယိုကား ဂျပ်စတင်ဘီဘာ ပွဲဦးထွက်ပြသ

လော့စ်အိန်ဂျလိစ် ဧပြီ ၂၀

ကမ္ဘာကျော်ပေါ့ပ်အဆိုတော် ဂျပ်စတင်ဘီဘာဟာ Boyfriend လို့ အမည်ရတဲ့ ဗီဒီယိုအခွေထွက်တော့မယ့်အကြောင်း လွန်ခဲ့တဲ့ဧပြီ ၁၀ ရက်ညက ပရိသတ်တွေကို ပွဲဦးထွက်ပြသခဲ့ပါတယ်။ **(ဝဲပုံ)**

အဆိုတော်ဂျပ်စတင်ဘီဘာက သူ့ရဲ့ Boyfriend ဗီဒီယိုအခွေနဲ့ ပတ်သက်ပြီး ၄၅ စက္ကန့်လောက်ပဲ ပရိသတ်တွေကို အမြည်းအဖြစ်ပြသခဲ့တယ်လို့ ဆိုပါတယ်။ ဂျပ်စတင်ဘီဘာဟာ လာမည့်ဇွန် ၁၉ ရက်မှာလည်း အဆိုတော်တေလာဆွစ်နဲ့အတူ သီဆိုထားတဲ့ Believe လို့အမည်ရတဲ့ အယ်လ်ဘမ်အသစ်လည်း ထွက်ဖို့ရှိပါတယ်။ ဒီဗီဒီယိုအခွေမှာ ဂျပ်စတင်ဘီဘာရဲ့ချစ်သူ ဆီလီနာဂိုမက်စ်ကလည်း အားဖြည့်သီဆိုဖျော်ဖြေပေးထားပါတယ်။ သူဟာလာမယ့် မေ ၈ ရက် သီချင်းဆိုပြိုင်ပွဲမှာ Boyfriend သီချင်းနဲ့ပါဝင်သီဆို ဖျော်ဖြေမှာဖြစ်တဲ့အကြောင်း ပရိသတ်ကို ပြောကြားခဲ့ပါတယ်။ **(အင်တာနက်)**

One Direction တီးဝိုင်း နာမည်တူကြောင့် တရားစွဲခံရ

လော့စ်အိန်ဂျလိစ် ဧပြီ ၂၀

အဆိုတော် ဆီမွန်ကောဝဲလ်ရဲ့ ဗြိတိသျှလူငယ်တီးဝိုင်းတစ်ဝိုင်းဖြစ်တဲ့ One Direction တီးဝိုင်းဟာ ဂီတလောကမှာ လျှမ်းလျှမ်းတောက်အောင်မြင်နေတဲ့ တီးဝိုင်းအဖွဲ့ဖြစ်ပါတယ်။ သူတို့တီးဝိုင်းရဲ့နာမည်ဟာ အခြားတီးဝိုင်းငယ်တစ်ခုရဲ့ နာမည်နဲ့တူနေတာကြောင့် အဲဒီတီးဝိုင်းငယ်အဖွဲ့က နာမည်တူမူပိုင်ခွင့်ချိုးဖောက်မှုနဲ့ တရားစွဲဆိုလိုက်ပါတယ်။ **(အပေါ်ပုံ)**

တရားစွဲဆို

သူတို့အဖွဲ့ရဲ့ One Direction အမည်ဟာ အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားပြည်နယ်မှာရှိတဲ့ ပေါ့ပ်ရော့ခ်ဂီတအဖွဲ့ငယ်တစ်ခုနဲ့ အမည်တူနေပါတယ်။ ဒီအတွက် ကယ်လီဖိုးနီးယား ပြည်နယ်မှာရှိတဲ့ အဖွဲ့ငယ်က နာမည်တူမူပိုင်ခွင့်ချိုးဖောက်မှုနဲ့ တရားစွဲဆိုထားတာဖြစ်ပါတယ်။

One Direction ဂီတအဖွဲ့ဟာ ၂၀၁၀ခုနှစ်က ဗြိတိသျှ X Factor သီချင်းဆိုပြိုင်ပွဲအပြီး ဖွဲ့စည်းလိုက်တာဖြစ်ပါတယ်။ ဒီအဖွဲ့ဟာ ဗြိတိသျှ၊ အမေရိကန်နဲ့ ဩစတြေးလျနိုင်ငံတွေမှာ အလွန်လူကြိုက်များနေတဲ့ ဂီတအဖွဲ့ဖြစ်ပါတယ်။ သူတို့အဖွဲ့ရဲ့ Up All Night လို့အမည်ရတဲ့ တေးအယ်လ်ဘမ်ဟာ ပြီးခဲ့တဲ့လက နံပါတ်တစ်အရောင်းရဆုံးအယ်လ်ဘမ်ဖြစ်ခဲ့ပါတယ်။

သူတို့အဖွဲ့ဟာ Facebook ဝက်ဘ်ဆိုက်မှာ ပရိသတ် ၄ ဒသမ ၂ သန်းရှိပြီး Twitter ဝက်ဘ်ဆိုက်မှာ ပရိသတ် ၂ ဒသမ ၈ သန်းရှိပါတယ်။ ဒီတီးဝိုင်းအဖွဲ့ဟာ ဗြိတိသျှလူငယ်ငါးဦးဖြစ်တဲ့ နီအောဟော်ရန်၊ ဇန်းမာလစ်၊ လျန်ပိန်း၊ လူးဝစ်တွန်လေဆင်နဲ့ ဟာရီစတိုင်တို့ပဲဖြစ်ပါတယ်။ ကယ်လီဖိုးနီးယား မြောက်ပိုင်းမှာရှိတဲ့ One Direction အဖွဲ့ကတော့ ၂၀၀၉ ခုနှစ်က စတင်ဖွဲ့စည်းခဲ့ပြီး ၂၀၁၁ ခုနှစ် ဖေဖော်ဝါရီလမှာ တရားဝင်မှတ်ပုံတင်ခဲ့တယ်လို့ ဆိုပါတယ်။ **(အင်တာနက်)**

အဆိုတော်အဒေလီ အချမ်းသာဆုံးဂီတပညာရှင်ဖြစ်လာ

လန်ဒန် ဧပြီ ၂၀

ကမ္ဘာကျော်အဆိုတော်အဒေလီ **(ယာပုံ)**ဟာ ဗြိတိန်နိုင်ငံမှာ အသက်အငယ်ဆုံး၊ အချမ်းသာဆုံးဂီတပညာရှင်တစ်ဦးဖြစ်လာပါတယ်။ သူမရဲ့ချမ်းသာကြွယ်ဝမှုဟာ ပေါင်သန်း ၂၀ ရှိပါတယ်။ ပြီးခဲ့တဲ့နှစ်က သူမရဲ့ချမ်းသာကြွယ်ဝမှုဟာ ပေါင်ခြောက်သန်းလောက်ပဲရှိခဲ့ပါတယ်။

ရောင်းချခဲ့ရ

ဒါပေမယ့် 21 လို့အမည်ရတဲ့ တေးအယ်လ်ဘမ်ဟာ လွန်ခဲ့တဲ့ ၁၂ လအတွင်းမှာ အလွန်အောင်မြင်ခဲ့တာကြောင့် ဝင်ငွေပေါင် ၁၄ သန်းအထိ ရရှိခဲ့ပါတယ်။ ဒီတေးအယ်လ်ဘမ်ဟာ ကမ္ဘာတစ်ဝန်း တေးအယ်လ်ဘမ် အချပ်ပေါင်းခြောက်သန်းနီးပါးရောင်းချခဲ့ရတယ်လို့ ဆိုပါတယ်။

အဒေလီဟာ ဗြိတိသျှနာမည်ကျော်အဆိုတော်တွေဖြစ်တဲ့ ဂျေအယ်လ်ဘမ်၊ ဂျက်ဆီးဂျေတို့ကိုကျော်ဖြတ်ပြီး အသက်အငယ်ဆုံး၊ အချမ်းသာဆုံးတေးဂီတပညာရှင်ဖြစ်ခဲ့ပါတယ်။ ချယ်ရီကိုးလ်နဲ့ လီယိုနာလူးဝစ်တို့က ပေါင် ၁၂ သန်းစီနဲ့ ဒုတိယအချမ်းသာဆုံးဂီတအနုပညာရှင်တွေအဖြစ် ရပ်တည်နိုင်ခဲ့ကြပါတယ်။ ဗြိတိန်နိုင်ငံမှာ အသက်ငယ်ဆုံး၊ အချမ်းသာဆုံးဂီတပညာရှင် ၁၀ ဦးမှာ နှစ်ဦးလောက်သာ အမျိုးသားဂီတပညာရှင် ပါဝင်ခဲ့ပါတယ်။ **(အင်တာနက်)**

မောင်မောင်မြင့်ဆွေ-စုစည်းသည်

ယူရိုပါလိဂ်ဘောလုံးပြိုင်ပွဲ အကြိုဗိုလ်လုပွဲများယှဉ်ပြိုင် အက်သလက်တီကိုနှင့် စပို့တင်းလစ္စဘွန်းတို့ နိုင်ပွဲရ

မက်ဒရစ် ဧပြီ ၂၀

ယူရိုပါလိဂ်ဘောလုံးပြိုင်ပွဲ အကြိုဗိုလ်လုပွဲ ပထမအကျော့ပွဲစဉ်များကို ဧပြီ ၂၀ ရက် နံနက်က ဆက်လက်ယှဉ်ပြိုင်ကစားရာ အက်သလက်တီကိုမက်ဒရစ်နှင့် ဗလင်စီယာတို့ပွဲတွင် အက်သလက်တီကိုမက်ဒရစ်က လေးဂိုး-နှစ်ဂိုးဖြင့် နိုင်ပွဲရရှိခဲ့သည်။ **(အပေါ်ပုံ)**

အိမ်ကွင်း၌ ကစားရသော အက်သလက်တီကိုမက်ဒရစ်တို့ ပထမပိုင်းပွဲချိန် ၁၈ မိနစ်မှာပင် ဖာလ်ကာအိုက အဖွင့်ဂိုးသွင်းယူပေးခဲ့သည်။ သို့သော် ပထမပိုင်းပွဲချိန် ပြည့်ခါနီး ၄၅ မိနစ်၌ ဂျိုနက်စ်က ဗလင်စီယာအတွက် ချေပဂိုးသွင်းယူပေးနိုင်ခဲ့သည်။

ဒုတိယပိုင်းပွဲချိန် ၄၉ မိနစ်၌ အက်သလက်တီကိုမက်ဒရစ်အတွက် မီရန်ဒါက တစ်ဂိုး၊ အက်ဒရင်းက ၅၄ မိနစ်၌ တစ်ဂိုးသွင်းယူပေးနိုင်ခဲ့သည်။ ဆက်တိုက်ပင် ပွဲချိန် ၇၅ မိနစ်၌ ဖာလ်ကာအိုက တစ်ဂိုးထပ်မံသွင်းယူခဲ့သဖြင့် အက်သလက်တီကိုမက်ဒရစ်တို့ စုစုပေါင်း လေးဂိုးရရှိခဲ့သည်။

ဗလင်စီယာအသင်းအတွက် ဒုတိယချေပဂိုးကို ဒုတိယပိုင်းပွဲချိန်ပြည့်ပြီးနောက် လေလွင့်ချိန် အစားထိုးပေးသည့် အချိန် ၉၄ မိနစ်၌ ရီကာဒိုလက်စတာက သွင်းယူပေးခဲ့ခြင်းဖြစ်သည်။ ထို့ကြောင့် ပွဲအပြီး အက်သလက်တီကိုမက်ဒရစ်က လေးဂိုး-နှစ်ဂိုးဖြင့် နိုင်ပွဲရရှိခဲ့ခြင်းဖြစ်သည်။

ထို့အတူ ယူရိုပါလိဂ်အကြိုဗိုလ်လုပွဲ ပထမအကျော့ပွဲစဉ်တစ်ပွဲဖြစ်သည့် ပေါ်တူဂီကလပ်စပို့တင်းလစ္စဘွန်းနှင့် စပိန်ကလပ်ဘီလ်ဘာအိုအသင်းတို့ပွဲတွင် စပို့တင်းလစ္စဘွန်းက နှစ်ဂိုး-တစ်ဂိုးဖြင့် နိုင်ပွဲရရှိခဲ့သည်။ အိမ်ရှင်စပို့တင်းလစ္စဘွန်းတို့ ယခုပွဲ၌ အဖွင့်ဂိုးစတင်မသွင်းနိုင်ဘဲ ချေပဂိုးနှင့် အနိုင်ဂိုးများကို နောက်မှ လိုက်လံသွင်းယူခဲ့ရခြင်းဖြစ်သည်။ ဧည့်သည် ဘီလ်ဘာအိုအသင်းအတွက် အဖွင့်ဂိုးကို ပွဲချိန် ၅၄ မိနစ်၌ နက်စီက သွင်းယူပေးခဲ့ခြင်း ဖြစ်သည်။

စပို့တင်းလစ္စဘွန်းအတွက် ချေပဂိုးကို ပွဲချိန် ၇၆ မိနစ်၌ အင်ဆွာက သွင်းယူပေးခဲ့ပြီး အနိုင်ဂိုးကို ပွဲချိန် မိနစ် ၈၀ ၌ ကာပယ်လ်က သွင်းယူပေးခဲ့ခြင်းဖြစ်သည်။ **(အင်တာနက်)**

ကမ္ဘာ့အချမ်းသာဆုံးဘောလုံးအသင်း မန်ယူက ထိပ်ဆုံး၌ ရပ်တည်

လန်ဒန် ဧပြီ ၂၀



မန်ယူဘောလုံးအသင်းသည် ကမ္ဘာပေါ်တွင် အချမ်းသာဆုံးကလပ်ဘောလုံးအသင်းအဖြစ် ထိပ်ဆုံး၌ ရပ်တည်လျက်ရှိကြောင်း ကမ္ဘာကျော်ဖောဘတ်မဂ္ဂဇင်းက ဧပြီ ၂၀ ရက်၌ စာရင်းထုတ်ပြန်ဖော်ပြလိုက်သည်။

မန်ယူအသင်းသည် လက်ရှိအချိန်၌ ငွေကြေးချမ်းသာကြွယ်ဝမှုမှာ အမေရိကန်ဒေါ်လာ ၂ ဒသမ ၂၃ ဘီလီယံရှိရာ ကမ္ဘာ့အချမ်းသာဆုံး ဘောလုံးအသင်းဖြစ်သည်။ **(ယာပုံ)** စပိန်ကလပ် ရီးရဲမက်ဒရစ်အသင်းမှာ အမေရိကန်ဒေါ်လာ ၁ ဒသမ ၈၇၇ ဘီလီယံဖြင့် ဒုတိယအချမ်းသာဆုံး ဘောလုံးအသင်းအဖြစ် ရပ်တည်လျက်ရှိသည်။

ထို့အတူ စပိန်ကလပ်ဘာစီလိုနာအသင်းမှာ ငွေကြေးကြွယ်ဝမှု အမေရိကန်ဒေါ်လာ ၁ ဒသမ ၃၀၇ ဘီလီယံရှိရာ ကမ္ဘာ့တတိယမြောက် ငွေကြေးအချမ်းသာဆုံးကလပ်ဘောလုံးအသင်းဖြစ်သည်။ တစ်ဖန်အင်္ဂလန်ကလပ်အာဆင်နယ်အသင်းမှာ ငွေကြေးအမေရိကန်ဒေါ်လာ ၁ ဒသမ ၂၉၂ ဘီလီယံဖြင့် စတုတ္ထအချမ်းသာဆုံးဘောလုံးအသင်းအဖြစ် ရပ်တည်လျက်ရှိသည်။

ပဥ္စမမြောက် အချမ်းသာဆုံး ဘောလုံးအသင်းမှာ ဂျာမန်ကလပ် ဘေယန်မြူးနစ်အသင်းဖြစ်ပြီး အမေရိကန်ဒေါ်လာ ၁ ဒသမ ၂၃၅ ဘီလီယံချမ်းသာသည်။ ဆဋ္ဌမမြောက်အချမ်းသာဆုံးဘောလုံးအသင်းမှာ အီတလီကလပ် အေစီမီလန်အသင်းဖြစ်ပြီး အမေရိကန်ဒေါ်လာ ၉၈၉ သန်း ချမ်းသာကာ သတ္တမမြောက်အချမ်းသာဆုံး ဘောလုံးအသင်းမှာ ချယ်လ်ဆီးဖြစ်သည်။

ချယ်လ်ဆီးအသင်း၏ ချမ်းသာမှုမှာ အမေရိကန်ဒေါ်လာ ၇၆၁ သန်းဖြစ်ပြီး အဋ္ဌမမြောက်အချမ်းသာဆုံးအသင်းမှာ လီဗာပူးဖြစ်သည်။ လီဗာပူးအသင်းသည် အမေရိကန်ဒေါ်လာ ၆၁၉ သန်းကြွယ်ဝပြီး မန်စီးတီးအသင်းမှာ အဆင့် ၁၃ ၌သာ ရပ်တည်နိုင်ကာ အမေရိကန်ဒေါ်လာ ၄၄၃ သန်း ချမ်းသာကြောင်း ဖော်ပြထားသည်။ **(အင်တာနက်)**

ရီးရဲမက်ဒရစ်တိုက်စစ်မှူးဟောင်း ရာအူးလ် ရှော့လ်ကေးအသင်းမှ ထွက်ခွာမည်



ဘာလင် ဧပြီ ၂၀

ဂျာမန် ဘွန်ဒက်စ်လီဂါကလပ် ရှော့လ်ကေးအသင်းတွင် ကစားနေသော စပိန်တိုက်စစ်မှူး ရာအူးလ်သည် ယခုနှစ် ဘောလုံးရာသီကုန်ချိန်၌ အသင်းမှ ထွက်ခွာတော့မည်ဖြစ်ကြောင်း ၎င်းက ဧပြီ ၂၀ ရက်တွင် ထုတ်ဖော်ပြောကြားလိုက်သည်။

စပိန်ကလပ်ရီးရဲမက်ဒရစ်အသင်းမှ ၂၀၁၀ ခုနှစ်က ထွက်ခွာလာခဲ့သော တိုက်စစ်မှူးရာအူးလ် **(ဝဲပုံ)** သည် ရှော့လ်ကေးအသင်းတွင် ဆက်လက်ကစားရန်အတွက် စာချုပ်ချုပ်ဆိုလိုသော်လည်း ရာအူးလ်က ဆက်လက်မကစားရန် ဆုံးဖြတ်ထားခြင်းဖြစ်သည်။

အသက် ၃၄နှစ်အရွယ်ရှိ ရာအူးလ်သည် ၂၀၁၀ ခုနှစ်က ရီးရဲမက်ဒရစ်အသင်းအတွက် ပွဲပေါင်း ၆၄ ပွဲ ကစားပေးခဲ့ပြီး ဂိုးပေါင်း ၂၇ ဂိုး သွင်းယူပေးနိုင်ခဲ့သည့် တိုက်စစ်မှူး ဖြစ်သည်။ တစ်ဖန် စပိန်ဘောလုံးအသင်းအတွက်လည်း ဝါရင့်တိုက်စစ်မှူးဟောင်းတစ်ဦးအဖြစ် စွမ်းဆောင်ပေးနိုင်ခဲ့သူဖြစ်သည်။ မိမိသည် ဘောလုံးကစားခြင်းမှ အနားယူဦးမည်မဟုတ်ကြောင်း၊ ဥရောပထိပ်တန်း ကလပ်အသင်းတစ်သင်းသို့ ပြောင်းရွှေ့ကစားမည်ဖြစ်ကြောင်း၊ အကောင်းဆုံး တိုက်စစ်မှူးတစ်ဦးအဖြစ် ခြေစွမ်းပြနေဦးမည်ဖြစ်ကြောင်း၊ ရီးရဲမက်ဒရစ်သို့ ပြန်လည်ကစားမည်မဟုတ်ကြောင်း ၎င်းက ပြောကြားသည်။ **(အင်တာနက်)**

● ကျော့ဖုံးမှ

ဦးစီးဌာနက နိုင်ငံအတွက်၊ တောင်သူလယ်သမား များအတွက် ဆည်မြောင်းတာတမံများ တည်ဆောက်လျက်ရှိရာ ရှာင်မြို့နယ် မြို့ကြီးကျေးရွာအနီးရှိ မြို့ကြီးရေလှောင်တမံ ဘက်စုံစီမံကိန်းလည်း တစ်ခုအပါအဝင်ဖြစ်သည်။

ဆည်မြောင်းဦးစီးဌာနက စိုက်ပျိုးရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ခြောက်သွေ့ဒေသများ စိမ်းလန်းစိုပြည်ရေးတို့အတွက် ဆည်မြောင်းတာတမံများ တည်ဆောက်ပေးလျက်ရှိရာ ယခုအခါ တည်ဆောက်ပြီး ဆည်တမံများမှ ရေကို အကျိုးရှိစွာ အသုံးချနိုင်ရေး၊ မူလစိုက်ပျိုးဧရိယာများအား အပြည့်အဝစိုက်ပျိုးနိုင်ရေးနှင့်ဆည်ရေများ ပိုမိုသိုလှောင်ရေးတို့ကို ဆောင်ရွက်လျက်ရှိသည်။

၂၀၀၄ ခုနှစ် မေလက ဇော်ဂျီမြစ်ပေါ်၌ ရေလှောင်တမံတစ်ခု ဆောက်လုပ်ရန် စတင်စီမံဆောင်ရွက်ခဲ့သည်။ ထိုနှစ်မှာပင် ရှာင်မြို့နယ် မြို့ကြီးကျေးရွာအနီးတွင် မြို့ကြီး ရေလှောင်တမံဘက်စုံစီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်ရန် အတည်ပြု ရွေးချယ်ခဲ့သည်။ မြို့ကြီးရေလှောင်တမံစီမံကိန်း နေရာအတည်ပြုပြီးနောက် အကြိုတည်ဆောက်မှုလုပ်ငန်းများဖြစ်သည့် စခန်းအဝင်အထွက်လမ်းဖောက်လုပ်ခြင်း၊ စခန်းအဆောက်အအုံတည်ဆောက်ခြင်း၊ မြေပြင်တိုင်းတာခြင်းနှင့် ဘူမိဗေဒဆိုင်ရာ စူးစမ်းလုပ်ငန်းများကို ၂၀၀၄ ခုနှစ်က စတင်လုပ်ကိုင်ဆောင်ရွက်ခဲ့သည်။ ဂျပန်နိုင်ငံ SANYU CONSULTANTS INC မှ အတိုင်ပင်ခံပညာရှင်များသည် မြို့ကြီး စီမံကိန်းသို့ ဆည်မြောင်းဦးစီးဌာနမှ ဒီဇိုင်းအင်ဂျင်နီယာများနှင့်အတူ အကြိမ်ကြိမ် ကွင်းဆင်းရောက်ရှိ၍ ဒီဇိုင်းပုံစံများ ရေးဆွဲခြင်း၊ ရေလွှဲဥမင်၊ ရေအားလျှပ်စစ်ဥမင်၊ ရေပိုလွှဲတည်ဆောက်မည့်နေရာများအား ထပ်မံစစ်ဆေး ဆောင်ရွက်ခဲ့သည်။

မြို့ကြီးရေလှောင်တမံ ဘက်စုံစီမံကိန်းသို့ သတင်းခရီးသည် လေ့လာရေးသွားရောက်ခဲ့သည်။ သတင်းအဖွဲ့၏ဆည်မြောင်း တိုရိုတာကားအပြာလေးသည် ရန်ကုန်-မန္တလေး ကားလမ်းဟောင်းအတိုင်း မောင်းလာရာ လက်ညှိုးထိုး ကားလမ်းအလွန်တွင် ဟံမြင့်မိုရ်ရွာကြီးကို တွေ့ရသည်။ ဟံမြင့်မိုရ်ရွာမှ ရှာင်မြို့နယ်သို့ သွားသောကားလမ်းရှိသည်။ ဟံမြင့်မိုရ်ရွာကြီးလမ်းခွဲမှ အရှေ့ဘက်သို့ ချိုးကွေ့ဝင်ကာ ကားလမ်းအတိုင်းလာခဲ့ရာ ကားလမ်းဘေးဝဲယာတွင် သရက်ပင်များ၊ ကွမ်းခြံများ၊ လယ်ကွင်းများဖြင့် စိမ်းစိုသာယာနေသည်။ လယ်တွင်းကိုးခရိုင်တွင်ပါဝင်၍ စပါးအလွန်အထွက်ကောင်းသည်။ ငှက်ပျောပင်များလည်း စိုက်ပျိုးကြသည်။ ကားလမ်းတစ်လျှောက်တွင် ဆိုင်ကယ်များ၊ သုံးဘီးဆိုင်ကယ်များ၊ ထော်လာဂျီများ၊ ဟိုင်းလတ်ကားများ၊ လိုက်ထရပ်ကားများ အသွားအပြန် အဆက်မပြတ်တွေ့ရသည်။ လမ်းဘေးတွင် ရွာကြီးများလည်းရှိသည်။ စံပြသံရွာကိုလည်း ဖြတ်ခဲ့ရသည်။ ဟံမြင့်မိုရ်မှ မြို့ကြီးသို့ ၁၅ မိုင်ဝေးသည်။ ကားလမ်းဘေး တစ်လျှောက်တွင် ဇော်ဂျီမြစ်သည် ဖြတ်သန်းစီးဆင်းနေသည်။ ဇော်ဂျီမြစ်ရေဖြင့် ခြံများစိုက်ပျိုးနေရာ အထူးအောင်မြင်ဖြစ်ထွန်းနေသည်။ မြို့ကြီးရေလှောင်တမံဘက်စုံစီမံကိန်းသည် ရှာင်မြို့နယ် မြို့ကြီးကျေးရွာအနီးတွင် တည်ဆောက်လျက်ရှိသည်။ ဇော်ဂျီမြစ်ကို တမံထုတ်၍ တည်ဆောက်နေခြင်း ဖြစ်သည်။ ရေဆင်းဧရိယာမှာ ၇၂၅ စတုရန်းမိုင်ဖြစ်သည်။ နှစ်စဉ်ပျမ်းမျှမိုးရေချိန်မှာ လက်မ ၄၀ ရှိသည်။ နှစ်စဉ်ပျမ်းမျှစီးဝင်ရေ ဧကပေ ၃၇၃၄၂၀ ဖြစ်သည်။ ကန်ရေပြည့်ရေလှောင်ပမာဏမှာ ဧကပေ ၃၅၉၅၅၀ ဖြစ်သည်။ ကန်ရေသေ ရေလှောင် ပမာဏ ပေ ၅၉၇၇၀ ရှိပြီး ကန်ရေပြည့်ရေပြင်ကျယ် ဧရိယာမှာ ဧက ၃၄၂၀ ဖြစ်သည်။ ရေစိမ့်တား နံရံအလျား ၁၆၉၅ ပေဖြစ်ပြီး အနက်မှာ ၄၈ ပေဖြစ်သည်။ တမံအမျိုးအစားမှာ မြေသားတမံ (ဇုန်အမျိုးအစား)ဖြစ်၍ အလျား ၂၄၆၁ ပေနှင့် တမံအမြင့်မှာ ၂၅၈ ပေဖြစ်သည်။ ရေလွှဲဥမင်မှာ အချင်း ၁၈ ပေ (၅ ဒသမ ၅ မီတာ) (မြင်းခွာပုံသဏ္ဍာန်ဖြစ်သည်)။ ဥမင် အလျား ၁၅၃၅ ပေ(၄၆၈) မီတာရှိသည်။ ဒီဇိုင်း ရေထုစီးနှုန်းမှာ ၁၅၅၄၀ ကုဗပေ/ စက္ကန့် ဖြစ်သည်။ ရေအားလျှပ်စစ်ဥမင်အချင်း မှာ ၂၃ ပေ(၇ မီတာ)နှင့် အလျား ၁၂၈၁ ဒသမ ၅ ပေ(၃၉၀ ဒသမ ၅၇ မီတာ) ဖြစ်သည်။ ရေအားလျှပ်စစ်စက်ရုံအမျိုးအစားမှာ သံကူကွန်ကရစ် ဖြစ်ပြီး အလျားမှာ ၁၃၅ ပေ(၄၁ ဒသမ ၁၅ မီတာ)၊ အနံ ၈၄ ပေ၊ အမြင့် ၈၁ပေ (၂၄ ဒသမ ၆၉ မီတာ) ဖြစ်ပြီး တာဘိုင်အမျိုးအစားမှာ ဖရန့်ဖြစ်သည်။ ရေအားလျှပ်စစ် တပ်ဆင်ဓာတ်အား ၃၀ မဂ္ဂါဝပ်(၁၅ မဂ္ဂါဝပ်နှစ်လုံး)ဖြစ်သည်။ ဓာတ်အားလိုင်းမှာ 33 KV နှစ်ထပ်လိုင်း ၁၈ မိုင်ဖြစ်၍ နှစ်စဉ်ပျမ်းမျှ ထုတ်လွှတ်မည့် လျှပ်စစ်စွမ်းအားမှာ ၁၃၅ ဒသမ ၇၀ ကီလိုဝပ် နာရီသန်းပေါင်း ဖြစ်သည်။ မြို့ကြီးရေလှောင်တမံ၏ ရေပိုလွှဲအမျိုးအစားမှာ သံကူကွန်ကရစ်ဖြစ်ပြီး အကျယ်မှာ ၂၉၅၃ ပေဖြစ်၍ ဒီဇိုင်းရေထုစီးနှုန်းမှာ ၇၂၇၆၀ ကုဗပေ/စက္ကန့်ဖြစ်သည်။ ရေလွှဲဆည်မှာလည်း သံကူကွန်ကရစ်အမျိုးအစားဖြစ်၍ အကျယ်မှာ ပေ ၁၆၀ ဖြစ်သည်။ ဒီဇိုင်းရေထုစီးနှုန်းမှာ ၁၂၀၀၀ ကုဗပေ/စက္ကန့်ဖြစ်သည်။ မြို့ကြီးမြောင်းမတော်မှာ ၁၁ ဒသမ ၄ မိုင်ရှိ၍ ဒီဇိုင်းရေထုစီးနှုန်းမှာ ၉၀၀ ကုဗပေ/စက္ကန့်ဖြစ်သည်။

မြို့ကြီးရေလှောင်တမံတည်ဆောက်ရာတွင် အဓိက ရေစိမ့်တား ကွန်ကရစ် နံရံကို ၂၀၀၆ ခုနှစ်ကစ၍ တမံတည်အောက်ခြေတွင် အလျား ၁၆၉၅ ပေနှင့် ပျမ်းမျှ အနက် ၄၈ ပေရှိ ရေစိမ့်တား ကွန်ကရစ်နံရံတည်ဆောက်ခြင်းလုပ်ငန်းကို အထက် နှင့်အောက်တွင် ဘိလပ်မြေသရွတ်မှုတ်လုပ်ငန်းကိုလည်း တစ်ပြိုင်နက်ဆောင်ရွက်ခဲ့သည်။ ပင်မတမံတည်ဆောက်ခြင်းလုပ်ငန်းကို မြေကျင်းတူးခြင်း ၄၁၃၀၆၈ ကျင်းတူးဖော်ခြင်း၊ ၃၁၁၈၄၆၆ ဖို့ခြင်း၊ ကျင်းစုစုပေါင်း ၃၅၃၁၅၃၄ ကျင်းဆောင်ရွက်ပြီးစီးနေပြီ ဖြစ်သည်။ ဇော်ဂျီမြစ်ပိုင်းရှင်းလင်းရန်အတွက် ယာယီရေတားတမံပိတ်ပြီး ရေလွှဲ ဥမင်လိုဏ်မှ ရေလွှဲခြင်းလုပ်ငန်းကို ဆောင်ရွက်ပြီး ရေလွှဲဥမင်လိုဏ်အတွင်း ရေစိမ့်ယိုမှုများကို စစ်ဆေးပြီး ဥမင်လိုဏ်ကြံ့ခိုင်ရေးအတွက် ဘိလပ်မြေသရွတ်မှုတ်ခြင်းလုပ်ငန်းကိုလည်း အသေးစိတ်ဆောင်ရွက်ခဲ့သည်။ ရေအားလျှပ်စစ်ဥမင်လိုဏ်နှင့် အဆောက်အအုံတည်ဆောက်ခြင်းလုပ်ငန်းလည်း အလျား ၁၃၂၅ ပေ၊ အချင်း ၂၃ ပေရှိ ရေအားလျှပ်စစ်ဥမင်၏ ကျောက်သား ဖောက်လုပ်ခြင်းလုပ်ငန်း အဝင်ပိုင်းနှင့် အထွက်ပိုင်းဥမင်လိုဏ်တို့ လျှိုပေါက် ဖောက်လုပ်ခဲ့ရာ ၅၅၉၀၇ ကျင်းဆောင်ရွက်ခဲ့သည်။ POWER HOUSE အဆောက်အအုံလုပ်ငန်းအား ၂၀၁၄-၂၀၁၅ ခုနှစ်တွင် ပြီးစီးအောင် ဆောင်ရွက်သွားမည်ဖြစ်သည်။

ရေပိုလွှဲတည်ဆောက်ခြင်းလုပ်ငန်းကို မြေကြီးကျင်း ၂၉၃၀၇၈ ကျင်းတူးပြီး ကွန်ကရစ်ကျင်း ၆၇၉ ကျင်းပြီးစီးနေပြီဖြစ်သည်။ ရေပိုလွှဲတည်ဆောက်ခြင်းလုပ်ငန်းကိုလည်း ၂၀၁၃-၂၀၁၄ ခုနှစ်တွင် ပြီးစီးအောင် ဆောင်ရွက်သွားမည် ဖြစ်သည်။ တမံတည်ဆောက်ခြင်း၊ ရေလွှဲဥမင် တည်ဆောက်ခြင်း လုပ်ငန်းများကို တစ်ပြိုင်တည်း ဆောင်ရွက်ခဲ့ရာ ရေလွှဲဆည်တည်ဆောက်ခြင်းလုပ်ငန်းကို မြေကြီးလုပ်ငန်း ၂၀၈၇၄၆ ကျင်း ဆောင်ရွက်ပြီးစီး၍ ရေလွှဲဆည်ကွန်ကရစ်လုပ်ငန်းအား ၁၂၄၆ ကျင်း ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးနေပြီဖြစ်သည်။

မြို့ကြီးမြောင်းမတော်တည်ဆောက်ခြင်းလုပ်ငန်းကို ရေလွှဲဆည်မှ ကင်းတားလက်ယာမြောင်းအထိ တူးဖော်ရမည့် မြို့ကြီးမြောင်းမတော် ၁၁ ဒသမ ၄ မိုင်မှာ ဖောက်လုပ်ပြီးစီးနေပြီး မြောင်းမတော်ခိုင်ခံ့ကောင်းမွန်ရေးအတွက် အုတ်လိုင်းနှစ်စီခြင်းလုပ်ငန်းကိုလည်း ပေ ၅၇၀၀၀ အရှည်အထိ ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

သတင်းခရီးသည်သည် မြို့ကြီးရေလှောင်တမံ ဘက်စုံစီမံကိန်းလုပ်ဆောင်နေသည့် ပင်မတမံတည်ဆောက်ခြင်း၊ ရေလွှဲဥမင်လိုဏ်တည်ဆောက်ခြင်း၊ ရေအားလျှပ်စစ် ဥမင်လိုဏ်တည်ဆောက်ခြင်း၊ ရေပိုလွှဲတည်ဆောက်ခြင်း၊ ရေလွှဲဆည်တည်ဆောက်ခြင်းလုပ်ငန်းများကို ကားဖြင့်လှည့်လည်ကြည့်ရှုရာ စက်ယန္တရားကြီးများဖြင့် အားကြိုးမာန်တက် ဆောင်ရွက်နေသည်ကို တွေ့ရသည်။ မြို့ကြီးရေလှောင်တမံ ဘက်စုံလုပ်ငန်းကို ၂၀၀၅-၂၀၀၆ ခုနှစ်မှစ၍ ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၇)မှ ညွှန်ကြားရေးမှူး ဦးကျော်ချစ် ခေါင်းဆောင်၍ လက်ထောက်ညွှန်ကြားရေးမှူး(၁)ဦးတိုးဝင်းနှင့်အဖွဲ့က စက်ယန္တရားပေါင်း ၁၃၅ စီး၊ အရာထမ်း၊ အမှုထမ်း၊ နေ့စား၊ ပုတ်ပြတ်ဝန်ထမ်း ၇၀၀ ကျော်ဖြင့် နေ့မနား ညမအား ဆောင်ရွက်နေရာ မြို့ကြီးရေလှောင်တမံ ဘက်စုံစီမံကိန်းကြီးသည် ၂၀၁၃-၂၀၁၄ ခုနှစ်တွင် ပြီးစီးမည်ဖြစ်ပြီး ၂၀၁၄-၂၀၁၅ ခုနှစ်တွင် ရေအားလျှပ်စစ်စတင်ထုတ်လုပ်သွားမည်ဖြစ်သည်။ မြို့ကြီးရေလှောင်တမံဘက်စုံစီမံကိန်း ရည်ရွယ်ချက်မှာ တည်ဆောက်ဆဲ ကျိုင်းခမ်းရေလှောင်တမံနှင့်တည်ဆောက်အကောင်အထည်ဖော်ပြီးသော ဇော်ဂျီရေလှောင်တမံမှ ထုတ်လွှတ်ရေနှင့်ဇော်ဂျီတမံနှင့် မြို့ကြီးရေလှောင်တမံကြားရှိ ရေဆင်းဧရိယာများမှ စီးဆင်းရေစုစုပေါင်းပမာဏ ဧက ၁၁၅၀၉၂၀ခန့်ကို ထိန်းချုပ်သိုလှောင်နိုင်ရေးအတွက် မြို့ကြီးရေလှောင်တမံကို တည်ဆောက်ခြင်းဖြစ်သည်။ မြို့ကြီး ရေလှောင်တမံမှနေ၍ ကျောက်ဆည်ခရိုင်အတွင်းရှိ ဇော်ဂျီ ရေသောက်စနစ်သို့ ရေပမာဏဧကပေ ၇၀၅၃၃၀နှင့် မိတ္ထီလာလွင်ပြင် စိမ်းလန်းစိုပြည်ရေးအတွက် ရေပမာဏဧကပေ ၄၄၅၅၉၀ကို ချထားလွှတ်၍ ကင်းတားလက်ယာမြောင်းမှ တစ်ဆင့် မိတ္ထီလာလွင်ပြင်အတွင်းရှိ ဆည်ရေသောက်ဧရိယာ ဧက ၃၃၀၀၀ ခန့်ကို စိုက်ပျိုးရေ လုံလောက်စွာရရှိသွားမည် ဖြစ်သည်။ မြို့ကြီးရေလှောင်တမံစီမံကိန်းမှ ရေအားလျှပ်စစ်ဓာတ်အား၃၀မဂ္ဂါဝပ်မှလည်း နှစ်စဉ်ပျမ်းမျှလျှပ်စစ်စွမ်းအား ၁၃၅ ဒသမ ၇၀ ကီလိုဝပ်နာရီသန်းပေါင်း ထုတ်လုပ်ပေးမည်ဖြစ်၍ မြို့ကြီး ကျေးရွာအုပ်စုတွင်ပါဝင်သည့် မြို့ကြီးကျေးရွာ၊ ခန်တောကျေးရွာ၊ ဒေါင်းမီးစုံကျေးရွာ၊ ဥမ္မရပ်ကွက်၊ ကင်းတက် ရပ်ကွက်၊ ရွာသစ်ရပ်ကွက်၊ ကျွန်းကြီးကျေးရွာ၊ ပြင်ဆုံကျေးရွာနှင့်ဆည်ရွာကျေးရွာများမှာ မီးအဆက်မပြတ် ရရှိမည်ဖြစ်၍ မြို့ကြီး ရေလှောင်တမံဘက်စုံစီမံကိန်းလုပ်ငန်းကြီးကို ဒေသခံပြည်သူများ ဝမ်းမြောက်ဝမ်းသာ ကြိုဆိုနေကြသည်ကို တွေ့မြင်ခဲ့ရပါကြောင်း။ ။

မြို့ကြီး ဆည်တမံ တည်ဆောက်မှုမြင်ကွင်းကို ဤသို့ တွေ့ရသည်။



မြို့ကြီး ရေလွှဲဆည်ကို ဤသို့ တွေ့ရသည်။

ရွှေလုံ့ပိုလ်လျှပ်စစ်မြစ်ရေတင်စီမံကိန်း ရေသောက်ဧရိယာအတွင်း ကောက်စိုက်စက်ဖြင့် ပုလဲသွယ်အထူးအထွက်တိုးစပ်မျိုးစပါးစိုက်ပျိုး

နေပြည်တော် ဧပြီ ၂၀

မန္တလေးတိုင်းဒေသကြီး စဉ့်ကိုင်မြို့နယ်အတွင်း ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာနကတည်ဆောက် အကောင်အထည်ဖော်လျက်ရှိသော ရွှေလုံ့ပိုလ် လျှပ်စစ်မြစ်ရေတင်စီမံကိန်း၏ ရေသောက်ဧရိယာအတွင်းပုလဲသွယ် အထူးအထွက်တိုးစပ်မျိုးစပါး ကောက်စိုက်စက်ဖြင့်စိုက်ပျိုးပွဲကို ဧပြီ ၉ရက် နံနက်ပိုင်းက မီးသွေးဘုတ်ကျေးရွာမှ တောင်သူဦးအောင်ကြည်လေး၏ စိုက်ကွင်း၌ ကျင်းပရာ **(ယာပုံ)** စဉ့်ကိုင်မြို့နယ်အုပ်ချုပ်ရေးမှူးဦးခင်ဇော်၊ စဉ့်ကိုင်မြို့နယ်မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း မန်နေဂျာ ဦးအောင်ဝင်းနှင့်တာဝန်ရှိသူများ၊ ရွှေလုံ့ပိုလ် လျှပ်စစ်မြစ်ရေတင်စီမံကိန်းမှ တာဝန်ရှိသူများ၊ ရွာသာယာ၊ မီးသွေးဘုတ်နှင့်ကန်အောက်ကျေးရွာမှ ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့်ဒေသခံတောင်သူများ တက်ရောက် အားပေးကြသည်။

ရွှေလုံ့ပိုလ် လျှပ်စစ်မြစ်ရေတင်စီမံကိန်းမှ စီမံကိန်းကြီးကြပ်အင်ဂျင်နီယာ (လက်ထောက်ညွှန်ကြားရေးမှူး) ဦးရဲဝင်းထွန်းက "ဒေသခံတောင်သူတွေအနေနဲ့ ခေတ်မီစိုက်ပျိုးနည်းစနစ်ဖြင့် စိုက်ပျိုးခြင်း၊ အထွက်တိုးစပါးမျိုးစိုက်ပျိုးခြင်းတို့ကို စတင် စမ်းသပ်စိုက်ပျိုးဖို့ မဝံ့မရဲရှိနိုင်တာကြောင့် အခုလိုကောက်စိုက်စက် ဝယ်ယူပြီး ကူညီ ပံ့ပိုးစီစဉ်ပေးရခြင်းဖြစ်ပါတယ်။ ရရှိလာမယ့်အကျိုးကျေးဇူးကို မြင်တွေ့သိရှိလာတာနဲ့အမျှ ဒေသခံတောင်သူတွေအားလုံး ပါဝင်ဆောင်ရွက်လာနိုင်ကြမှာဖြစ်ပါတယ်"ဟု ပြောကြားသည်။

ရွှေလုံ့ပိုလ် လျှပ်စစ်မြစ်ရေတင်စီမံကိန်းသည် ရေသောက်ဧရိယာဧက ၃၀၀၀ကို အကျိုးပြုရန် ရည်ရွယ်တည်ဆောက်ခြင်းဖြစ်သည်။ စီမံကိန်းအကောင်အထည်ဖော်ဆဲကာလမှာပင် စိုက်ပျိုးရေပေးဝေနိုင်ခဲ့သဖြင့် တောင်သူများ တစ်နှစ်လျှင် နှစ်သီးမှသုံးသီးအထိ သီးထပ်စိုက်ပျိုးလာနိုင်ကြပြီး ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေးအထောက်အကူပြုလျက်ရှိကြောင်း သိရသည်။ **(ကိုထွေး)**

အရှိန်လွန်ကား လမ်းဘေးကျတိမ်းမှောက်

မြင်းမူ ဧပြီ ၂၀

မြင်းမူမြို့နယ် ပျော့ရွာအနီး မြင်းမူ-မန္တလေးကားလမ်း မိုင်တိုင်အမှတ် (၄၃/၁)နှင့် (၄၃/၂)ကြားတွင် မန္တလေးဘက်မှ အောင်နိုင်ဦး(ဘ) ဦးသန်းဆွေ မာလကာခြံအရပ် မဟာအောင်မြေမြို့နယ် နေသူ မောင်းနှင်လာသည့် ၂က/. . . နီဆန်အဖြူရောင်ကားမှာ အရှိန်မထိန်းနိုင်ဘဲအရှိန်လွန်ပြီး လမ်းဝဲဘက်ဘေးသို့ လဲကျတိမ်းမှောက်သွားခဲ့ရာ ယာဉ်ပေါ်လိုက်ပါလာသော ကျား ခုနစ်ဦး၊ မ တစ်ဦးတို့ ဒဏ်ရာများရရှိသွားသဖြင့် မြင်းမူပြည်သူ့ဆေးရုံသို့ ပို့ဆောင်ပေးလိုက်ကြောင်း သိရှိရသည်။ အဆိုပါဖြစ်စဉ်နှင့်ပတ်သက်၍ ယာဉ်မောင်းအား သက်ဆိုင်ရာက အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။ (၀၇၉)

ဆိုင်ကယ်က ကားကိုကျော်တက်ရာမှ ကားဖြင့်တိုက်မိ၍ ဆိုင်ကယ်စီးသူ သေဆုံး

သာစည် ဧပြီ ၂၀

မိတ္ထီလာခရိုင် သာစည်မြို့နယ် သပြေဝကားလမ်းတွင် ဧပြီ ၁၆ရက်က ပျော်ဘွယ်မြို့နယ် ဝါးရုံကျေးရွာနေ ကျော်မိုး (၃၂)နှစ်သည် တစ်ရွာတည်းနေ မြင့်ဦး (၃၅)နှစ်စီးနင်းသည့်နံပါတ်မပါ ရင်ဇင်းဆိုင်ကယ် ၁၁၀ အနက်ရောင်နောက်မှ စီး၍ ရွာကြီးကျေးရွာမှ သာစည်မြို့သို့ပြန်လာခဲ့ရာ သပြေဝကားလမ်းအတိုင်း မြောက်မှတောင်သို့ စီးလာစဉ် မိုင်တိုင်အမှတ် (၁/၅)ဘတ်ကြီးအင်းကျေးရွာအနီးရောက်တွင် ရှေ့မှမောင်းနှင်သော ဆန်နီအပြာရောင်ကားကို ကျော်တက်ရာ ကား၏နောက်ဘီးနှင့် တိုက်မိ၍ ဆိုင်ကယ်မှာ လဲကျသွားပြီး ဆိုင်ကယ်စီးသူ ကိုမြင့်ဦးမှာ ပြင်းထန်စွာဒဏ်ရာရရှိသွား၍ သာစည်ဆေးရုံသို့ပို့စဉ်သေဆုံးသွားခဲ့သည်။ ရှေ့မှသွားနေသော ဆန်နီကားမှာ ၁ဃ/. . . ဖြစ်သည်ဆို၏။ ယာဉ်တိုက်မှုကို သက်ဆိုင်ရာက အမှုဖွင့် အရေးယူထားသည်။ (၀၁၂)

မြန်မာ့အလင်း မှုခင်းသတင်း

ကလေးမြို့တွင် ယာဉ်တိုက်မှုဖြစ်ပွား၊ တစ်ဦးသေ၊ နှစ်ဦးဒဏ်ရာရ

ကလေး ဧပြီ ၂၀

ဧပြီ ၁၇ ရက် ညနေ ၃ နာရီ မိနစ် ၄၀ ခန့်က ကလေးမြို့ ဗိုလ်ချုပ်လမ်းမကြီးပေါ်တွင် အနောက်မှအရှေ့သို့ ကျုံးလျှန်ထန် မောင်းနှင်သော က/---- ဂျစ်ကားမှာ အတူယှဉ်လျက်မောင်းနှင်လာသော ညီညီဝင်း မောင်းနှင်သည့် HIH-ONBO-125 ဆိုင်ကယ်ကို တိုက်မိပြီး ဦးစတိုး စီးနင်းလာသည့် စက်ဘီးကို ထပ်မံတိုက်မိရာ ဂျစ်ကားမှာ အရှိန်မထိန်းနိုင်ဘဲ တိမ်းမှောက်ခဲ့သည်။

ယင်းယာဉ်တိုက်မှုတွင် စက်ဘီးစီးနင်းလာသူမှာ နေရာတွင် ပြင်းထန်သည့်ဒဏ်ရာဖြင့် သေဆုံးခဲ့ပြီး ဆိုင်ကယ်မောင်းနှင်သူ ညီညီဝင်းနှင့် ဂျစ်ကားမောင်းနှင်သူ ကျုံးလျှန်ထန်တို့နှစ်ဦးမှာ ပြင်းထန်သည့်ဒဏ်ရာရရှိ၍ ကလေးမြို့ ပြည်သူ့ဆေးရုံကြီးတွင် တက်ရောက်ကုသလျက်ရှိသည်။ (၁၆၅)

ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်း ခေါင်းဆောင်သည့်အဖွဲ့ ရုရှားမှ ပြန်လည်ရောက်ရှိ (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲဆိုင်ရာလုပ်ငန်းများ အမြင်ချင်းဖလှယ်ခဲ့

နေပြည်တော် ဧပြီ ၂၀

အပြည်ပြည်ဆိုင်ရာ အိုလံပစ်ကော်မတီနှင့် အမျိုးသားအိုလံပစ်ကော်မတီများအဖွဲ့ချုပ်တို့၏ ပူးပေါင်းဆောင်ရွက်မှုဖြင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ မော်စကိုမြို့၌ ဧပြီ ၁၃ ရက်မှ ၁၇ ရက်အထိ ကျင်းပခဲ့သည့်(၁၈)ကြိမ်မြောက် အမျိုးသားအိုလံပစ်ကော်မတီများအဖွဲ့ချုပ် အထွေထွေညီလာခံ (18th ANOC GENERAL ASSEMBLY) နှင့်ဒုတိယအကြိမ် ကမ္ဘာ့အိုလံပစ်အားကစားဆိုင်ရာအားကစားဝန်ကြီးများအဆင့် ကွန်ဗင်းရှင်း (2nd WORLD OLYMPIC SPORT CONVENTION FOR MINISTERS OF SPORTS)တို့သို့ တက်ရောက်ခဲ့သော မြန်မာနိုင်ငံ အိုလံပစ်ကော်မတီနှင့် မြန်မာနိုင်ငံအမျိုးသားအားကစားကော်မတီဥက္ကဋ္ဌအားကစားဝန်ကြီးဌာနနှင့် ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်း ခေါင်းဆောင်သည့် မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ ကိုယ်စားလှယ်အဖွဲ့သည် ယမန်နေ့ နံနက်ပိုင်းတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ပြန်လည်ရောက်ရှိသည်။

အဆိုပါ အထွေထွေညီလာခံနှင့် ကွန်ဗင်းရှင်းတွင် အပြည်ပြည်ဆိုင်ရာ အိုလံပစ်ကော်မတီဥက္ကဋ္ဌ၊ အမျိုးသားအိုလံပစ်ကော်မတီများအဖွဲ့ချုပ်ဥက္ကဋ္ဌ၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံ အားကစားဝန်ကြီး Mr. VITALY MUTKO နှင့် လန်ဒန် (၂၀၁၂) အိုလံပစ်အားကစားပြိုင်ပွဲကျင်းပရေးကော်မတီဥက္ကဋ္ဌ LORD SEBASTIAN COE တို့က အဖွင့်အမှာစကားပြောကြားကြပြီး အိုလံပစ်မူဝါဒနှင့် လုပ်ဆောင်မှုများ၊ အားကစားနှင့် ကျန်းမာရေး၊ ပညာရေး၊ စီးပွားရေး၊ ဆက်သွယ်တုံ့ပြန်မှုများ၊ အဆင့်မြင့်ထူးချွန်အားကစား လုပ်ငန်းများ၊ အားကစားနှင့် တားမြစ်ဆေးဝါးဆန့်ကျင်ရေးနှင့် တရားမဝင်လောင်းကစားမှုများ၊ လူငယ်မျိုးဆက်သစ် အားကစားသမားများ ပြုစုပျိုးထောင်မှုလုပ်ငန်းများ၊ အမျိုးသားအိုလံပစ်ကော်မတီများနှင့် နိုင်ငံတော်အစိုးရအဖွဲ့အစည်းများ၏ လက်တွဲပူးပေါင်းဆောင်ရွက် အကောင်အထည်ဖော်မှုများ စသည်တို့ကို အလေးထားဆွေးနွေးကြပြီး လုပ်ငန်းစဉ်များ ချမှတ်ခဲ့ကြသည်။

မြန်မာနိုင်ငံအိုလံပစ်ကော်မတီနှင့် မြန်မာနိုင်ငံအမျိုးသားအားကစားကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာနနှင့် ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးတင့်ဆန်း ရုရှားဖက်ဒရေးရှင်းနိုင်ငံ မော်စကိုမြို့၌ကျင်းပသည့် (၁၈)ကြိမ်မြောက် အမျိုးသားအိုလံပစ်ကော်မတီများအဖွဲ့ချုပ် အထွေထွေညီလာခံနှင့် ဒုတိယအကြိမ် ကမ္ဘာ့အိုလံပစ်အားကစားဆိုင်ရာ အားကစားဝန်ကြီးများအဆင့် ကွန်ဗင်းရှင်းသို့ တက်ရောက်စဉ်။ (သတင်းစဉ်)

မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီးသည် ခရီးစဉ်အတွင်း အမျိုးသားအိုလံပစ်ကော်မတီများအဖွဲ့ချုပ် (ANOC) ဥက္ကဋ္ဌ SHEIKHAHMADAL. FAHAD ALSABAH၊ အပြည်ပြည်ဆိုင်ရာ အိုလံပစ်ကော်မတီ (IOC)မှ တာဝန်ရှိသူများ၊ အပြည်ပြည်ဆိုင်ရာ အားကစားအဖွဲ့ချုပ်များမှ တာဝန်ရှိသူများ၊ အမျိုးသား အိုလံပစ်ကော်မတီများမှ ဥက္ကဋ္ဌများနှင့်တာဝန်ရှိသူများ၊ အားကစားဝန်ကြီးများနှင့် တွေ့ဆုံပြီး အိုလံပစ်လှုပ်ရှားမှု လုပ်ငန်းများ၊ အပြည်ပြည်ဆိုင်ရာ အားကစား တိုးတက်ဖွံ့ဖြိုးမှု လုပ်ငန်းများနှင့် ၂၀၁၃ခုနှစ် မြန်မာနိုင်ငံတွင် အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲဆိုင်ရာ လုပ်ငန်းများနှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာအမြင်ချင်းဖလှယ် ဆွေးနွေးခဲ့သည်။

အဆိုပါ အထွေထွေညီလာခံနှင့် ကွန်ဗင်းရှင်းတို့ကို မော်စကိုမြို့ WORLD TRADE CENTER ရှိ CROWNE PLAZA HOTEL ၌ ကျင်းပခဲ့ခြင်းဖြစ်ပြီး အပြည်ပြည်ဆိုင်ရာ အိုလံပစ်ကော်မတီဥက္ကဋ္ဌ Dr.JACQUES ROGGE၊ အမျိုးသားအိုလံပစ်ကော်မတီများ အဖွဲ့ချုပ်ဥက္ကဋ္ဌ SHEIKHAHMADAL. FAHAD ALSABAH၊ ရုရှားနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ Mr. ALEXANDER ZHUKOV နှင့် ကမ္ဘာတစ်ဝန်းရှိ အမျိုးသားအိုလံပစ်ကော်မတီ(၂၀၃)ခုတို့မှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ၊ အားကစားဝန်ကြီးများ၊ အပြည်ပြည်ဆိုင်ရာ အားကစားအဖွဲ့ချုပ် ဥက္ကဋ္ဌများ၊ အထူးဖိတ်ကြားထားသော ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကျောင်းဆောင်သစ်တည်ဆောက်ရေးလုပ်ငန်းများ စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် စစ်ဆေး

နေပြည်တော် ဧပြီ ၂၀

စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသာအေးသည် ဧပြီ ၁၈ ရက် နံနက်ပိုင်းတွင် ဘုတလင်မြို့နယ် ရွာသစ်ကျေးရွာ မူလတန်းကျောင်း ကျောင်းဆောင်သစ် ဆောက်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးပြီး ကျေးရွာတောင်သူများနှင့်တွေ့ဆုံကာ စိုက်ပျိုးရေး၊ ကျန်းမာရေး၊ စီးပွားရေးကိစ္စများကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် ဘုတလင်မြို့နယ် မကျီးအုပ်ကျေးရွာနှင့် ကနီမြို့နယ် ရွာသာကျေးရွာ၊ ဝက်ချောင်းကြီးကျေးရွာ၊ နတ်ကြီးကျေးရွာ၊ ငွေးပင်ကျေးရွာများမှ ဒေသခံ တောင်သူများနှင့် တွေ့ဆုံပြီး ကျေးရွာစာကြည့်တိုက်များအတွက် စာအုပ်၊စာစောင်နှင့် ဂျာနယ်များ ပေးအပ်သည်။ ဝက်ချောင်းလေးကျေးရွာ ကမ်းပြိုမှုကာကွယ်ရေး လုပ်ငန်းမျောတိုင်တန်း ကျောက်ဖြည့်ရေကာတာ တည်ဆောက်မှုများကိုလည်း ကြည့်ရှုစစ်ဆေးသည်။ **(ဓါတ်ပုံ)**

ပေးအပ်

ဆက်လက်၍ ဘုတလင်မြို့နယ် တောင်ကျဉ်းကျေးရွာ ချောင်းကူးတံတား တည်ဆောက်မည့်နေရာကို ကြည့်ရှုစစ်ဆေးပြီး ရသစ်ကျေးရွာ၊ ခိုချောင်းကျေးရွာများမှ ဒေသခံတောင်သူများနှင့်တွေ့ဆုံ၍ ခိုချောင်းကျေးရွာ အလယ်တန်းကျောင်း(ခွဲ) ကျောင်းဆောင်သစ် ဆောက်လုပ်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် တွင်းတောင်ကျေးရွာ၌ ဒေသခံများနှင့်တွေ့ဆုံပြီး လိုအပ်ချက်များကို ဆောင်ရွက်ပေးကာ ကျေးရွာစာကြည့်တိုက်အတွက် စာအုပ်၊ စာစောင်နှင့် ဂျာနယ်များ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြဝတီရုပ်မြင်သံကြား

၂၁-၄-၂၀၁၂ (စနေနေ့)

နံနက်ပိုင်း

၈း၀၀ မြဝတီရုပ်မြင်သံကြားသတင်း

နေ့လယ်ပိုင်း

၁၂း၀၀ မြဝတီရုပ်မြင်ပေါ်က ရုပ်ရှင် **အဲ့ဒီလိုနဲ့ သူတို့နဲ့ကိုယ်နဲ့** လွင်မိုး၊ သဇင်၊ ချောရတနာ၊ ဖူးစုံ၊ ပြည့်ဖူးခိုင်နှင့် သရုပ်ဆောင်များ

၁၄း၀၀ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ရှင်သန်နေသရွေ့** (အပိုင်း-၁၈)

ညပိုင်း

၆း၀၀ မြဝတီရုပ်မြင်သံကြားသတင်း

၇း၀၀ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ထောင်စုနှစ်သမီးပျို** (အပိုင်း-၁၀)

၈း၀၀ မြဝတီရုပ်မြင်သံကြားသတင်း
- နိုင်ငံတကာသတင်း
- မိုးလေဝသသတင်း
- ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **တမလွန်မှပြောသောစကား** (အပိုင်း-၁၄)
- ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **အရဏ်ဦးရဲ့လင်းသံစဉ်** (အပိုင်း-၂၀)

ဆုချီးမြှင့်

ဧပြီ ၁၆ ရက်က ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ် အုပ်ချုပ်ရေးမှူးရုံး မဟာသင်္ကြန် ဗဟိုမဏ္ဍာပ်ပိတ်ပွဲနှင့် ဆုပေးပွဲတွင် ပထမဆုရ အမှတ်(၁၈) ရပ်ကွက် မိုးကောင်း လှပျိုဖြူယိမ်းအဖွဲ့အား မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထိန်စိုး ဆုဖလားနှင့် ငွေသားဆုချီးမြှင့်စဉ်။ (၀၀၁)

ရန်ကုန်တိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့နှင့် အမျိုးသမီးရေးရာအဖွဲ့တို့၏ စုပေါင်းသွေးလှူဒါန်းပွဲကို လသာမြို့နယ် အမျိုးသားသွေးဘဏ်၌ ဧပြီ ၁၉ ရက်က ကျင်းပရာ သွေးလှူရှင် ၉၄ ဦး သွေးများ လှူဒါန်းကြစဉ်။ (မြို့နယ် ထွေ/အုပ်)

ဘဝအမောပြေ

သိရမယ် — **အာကာဟိန်း-ရေးသားသည်**

လန်ဒန်မြို့တွင်ရှိသော ဘဏ်တစ်ခုအတွင်းသို့ ဝင်ရောက်ကာ ငွေများကို အိတ်နှင့်ထမ်းပိုးပြီး ခိုးထုတ်လာသည့် သူခိုးနှစ်ဦးသည် လွတ်မြောက်ရေးအတွက် ပြေးရင်း စကားပြောကြလေသည်။

ပထမသူခိုး - ဘဏ်က ငွေတွေယူခဲ့တာ အတော်များတယ်။

ဒုတိယသူခိုး - အေး. . . ငွေတွေလည်း မထွက်ကျစေနဲ့နော်. . .။

ပထမသူခိုး - စိတ်ချ။

ဒုတိယသူခိုး - ဒီငွေတွေနဲ့ ငါတို့တော့သူဋ္ဌေးဖြစ်ပြီဟေ့။

ပထမသူခိုး - ဒါထက်…အခုငါတို့ခိုးလာတဲ့ ဘဏ်ကငွေတွေ ဘယ်လောက်ရှိလဲမသိဘူးနော်…။

ဒုတိယသူခိုး - ဒါတော့ မစိုးရိမ်နဲ့. . . အတိအကျသိရမှာပါ။

ပထမသူခိုး - ဘယ်လိုသိနိုင်မလဲ…။

ဒုတိယသူခိုး - မနက်ဖြန်ထုတ်သတင်းစာတွေမှာ ငွေဘယ်လောက်ဆိုတာ ပါလာမှာပေါ့ကွ။

ပထမသူခိုး - "ဟေ"

ရန်ကုန်မြောက်ပိုင်းခရိုင် ဗဟိုရေကစားမဏ္ဍာပ် ပြိုင်ပွဲဆုရယိမ်းအဖွဲ့များအား ဆုချီးမြှင့်

ရန်ကုန် ဧပြီ ၂၀

၁၃၇၃ ခုနှစ် မဟာသင်္ကြန် ရန်ကုန်မြောက်ပိုင်းခရိုင် ရွှေရည်နှံ့သာ ဗဟိုရေကစားဆုပေးမဏ္ဍာပ် ဆုချီးမြှင့်ပွဲကို ဧပြီ ၁၆ ရက် (အတက်နေ့)ညနေ ၅နာရီက အင်းစိန်မြို့နယ် စော်ဘွားကြီးကုန်းလမ်းဆုံ ပြည်လမ်းနှင့် လမ်းသစ်လမ်းထောင့်၌ ကျင်းပသည်။

အခမ်းအနားတွင် အထူးဆုရရှိသော ပြိုင်ပွဲဝင်ယိမ်းအဖွဲ့ ၁၂ ဖွဲ့အား ခရိုင်အမျိုးသမီးရေးရာ အဖွဲ့ဥက္ကဋ္ဌ ဒေါ်စိမ်းစိမ်းစိုးနှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌတို့က ဆုများချီးမြှင့်သည်။ ဆက်လက်၍ တတိယဆုရရှိသော မြို့သစ်(က+ခ) (ဂ)ရပ်ကွက် ပိတောက်ရွှေဝါယိမ်းအဖွဲ့၊ ဒုတိယဆုရရှိသော စော်ဘွားကြီးကုန်းရပ်ကွက် တန်ခူးရွှေဝါယိမ်းအဖွဲ့နှင့် ပထမဆုရရှိသော လှိုင်သာယာမြို့နယ် မိုးကောင်းလှပျိုဖြူ ယိမ်းအဖွဲ့အား ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ခရိုင်အုပ်ချုပ်ရေးမှူး ဦးနေလင်းနှင့် တာဝန်ရှိသူတို့က ဆုဖလားနှင့် ငွေသားဆုအား ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရှိရသည်။ **(အောက်ပုံ)**

(မြန်မာ့အလင်း)

ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးသက်နိုင်ဝင်း ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့ မလေးရှားမှ ပြန်လည်ရောက်ရှိ

နေပြည်တော် ဧပြီ ၂၀

ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးသက်နိုင်ဝင်း ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့ Putra World Trade Center ၌ ကျင်းပသည့် (၁၃)ကြိမ်မြောက် Defence Services Asia Exhibition and Conference 2012(DSA-2012) ပြပွဲသို့ တက်ရောက်ခဲ့ပြီး ယနေ့ နံနက်ပိုင်းတွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိလာရာ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ဆန်းဦး၊ တပ်မတော်အရာရှိကြီးများနှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

ဒုတိယဗိုလ်ချုပ်ကြီးသက်နိုင်ဝင်းနှင့်အတူ အဖွဲ့ဝင်အဖြစ်လိုက်ပါသွားသော အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးသိန်းနှင့် တပ်မတော်အရာရှိကြီးများ ပြန်လည်လိုက်ပါလာကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့ Putra World Trade Center ၌ ကျင်းပသည့် (၁၃)ကြိမ်မြောက် Defence Services Asia Exhibition and Conference 2012(DSA-2012) ပြပွဲသို့ တက်ရောက်ခဲ့ပြီး ပြန်လည်ရောက်ရှိလာသော ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးသက်နိုင်ဝင်း ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြစဉ်။ (သတင်းစဉ်)

ဧပြီ ၁၇ ရက် (နှစ်ဆန်းတစ်ရက်နေ့)က ဗဟန်းမြို့နယ် ကြေးသွန်းဘုရားကြီးရှိ မင်္ဂလာကန်တော်၌ ရန်ကုန်တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့နာယကများနှင့် အဖွဲ့ဝင်များ၊ ရန်ကုန်တိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့နှင့် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်သောင်းမြနှင့် ခရိုင်/မြို့နယ် မိခင်နှင့်ကလေးနှင့် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ စုပေါင်း၍ ဇီဝိတဒါနသက်လွှတ်ပွဲ ကျင်းပစဉ်။ (မြို့နယ် ထွေ/အုပ်)

စာရင်းကိုင်သင်တန်းများ တက်ရောက်နိုင်

ရန်ကုန် ဧပြီ ၂၀

မြန်မာနိုင်ငံစာရင်းကိုင်များအသင်း၏ (၂၄၂)ကြိမ်မြောက် စာရင်းကိုင်သင်တန်းနှင့် (၁၅၃)ကြိမ်မြောက် ဒုတိယအဆင့် စာရင်းကိုင်ပညာအခြေခံသင်တန်းများကို ဧပြီ ၂၉ ရက်တွင် ဖွင့်လှစ်သင်ကြားမည်ဖြစ်ရာ တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်ပြီးသူများ တက်ရောက်နိုင်သည်။

(၂၄၂)ကြိမ်မြောက် စာရင်းကိုင်သင်တန်းကို လုပ်ငန်းခွင်ဝင်ရောက်နေသူများ အဆင်ပြေစေရန် တနင်္ဂနွေတစ်ရက်တက် သင်တန်းနှင့် စနေ၊ တနင်္ဂနွေ နှစ်ရက်တက် သင်တန်းဟူ၍ ခွဲခြားဖွင့်လှစ်မည်ဖြစ်ကြောင်းနှင့် သင်တန်းတက်ရောက်လိုသူများ မြန်မာနိုင်ငံစာရင်းကိုင်များအသင်း အမှတ် ၉၁/၉၃ (၄၉ လမ်း (အလယ်ဘလောက်) ပုဇွန်တောင်မြို့နယ် ရန်ကုန်မြို့၊ ဖုန်း-၀၁-၂၉၁၈၂၆ နှင့် ၀၉-၅၀၁၉၉၇၉ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရှင်းလင်းတင်ပြ

ကမ္ဘာ့တီဘီရောဂါတိုက်ဖျက်ရေးနေ့ ရက်သတ္တပတ်လှုပ်ရှားမှုအခမ်းအနားကို ဧပြီ ၁၀ ရက်က မော်လမြိုင်ကျွန်းမြို့ ကျန်းမာရေးစောင့်ရှောက်မှုသင်တန်းခန်းမ၌ကျင်းပရာ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ခုတင်(၁၀၀) ဆေးရုံအုပ်ကြီး ဒေါက်တာအေးအောင် တီဘီရောဂါအကြောင်း သိကောင်းစရာများကို ပရိုဂျက်တာဖြင့် ရှင်းလင်းဟောပြောစဉ်။

(၀၆၅)

မြန်မာ့အလင်း ဖောင်ပိတ်သတင်း

ပါကစ္စတန်၌ ခရီးသည်တင်လေယာဉ်ပျက်ကျ၊ ၁၁၈ ဦးသေဆုံး

အစ္စလမ္မာဘတ် ဧပြီ ၂၀

မောင်ချစ်ကြည်-ရေးသားသည်

ပါကစ္စတန်နိုင်ငံ ဘီဟိုဂျာလေကြောင်းလိုင်းမှ ခရီးသည်တင်လေယာဉ်ကြီး တစ်စင်းသည် ဧပြီ ၂၀ ရက် မွန်းလွဲပိုင်းက အစ္စလမ္မာဘတ်မြို့လေဆိပ်အနီး ရာသီဥတုဆိုးရွားမှုကြောင့် ပျက်ကျခဲ့ရာ ခရီးသည် ၁၁၈ ဦး သေဆုံးကြောင်း ပါကစ္စတန် လေကြောင်းအရာရှိများက သတင်းထုတ်ပြန်သည်။

ဘိုရင်း-၇၃၇ အမျိုးအစားလေယာဉ်ကြီးသည် ခရီးသည် ၁၁၈ ဦးနှင့် လေယာဉ်အမှုထမ်း ကိုးဦးကို တင်ဆောင်ကာ ပါကစ္စတန်နိုင်ငံ ကရာချိဆိပ်ကမ်းမြို့မှ အစ္စလမ္မာဘတ်မြို့တော်သို့ ပျံသန်းလာစဉ် ရာသီဥတုဆိုးရွားမှုကြောင့် လေယာဉ်မီးလောင်ပေါက်ကွဲမှု ဖြစ်ပွားကာ ပျက်ကျခဲ့ခြင်းဖြစ်သည်။

လေယာဉ်ပျက်ကျသည့်နေရာမှာ မြို့တော်အစ္စလမ္မာဘတ်အနီး လိုဟိုင်ဘီဟာအရပ်ရှိ ဟူစိန်အဘတ်ရွာ နေအိမ်များပေါ်သို့ မီးလောင်ပျက်ကျခဲ့ခြင်းဖြစ်သည်။ မီးသတ်တပ်ဖွဲ့နှင့် ကယ်ဆယ်ရေးအဖွဲ့များ ရောက်ရှိကာ မီးငြိမ်းသတ်မှုနှင့် ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။ ၎င်းလေယာဉ်ပျက်ကျမှုကြောင့် ၁၁၈ ဦး သေဆုံးခဲ့ပြီး ကျန်လူများ အပြင်းအထန် ဒဏ်ရာရရှိခဲ့သည်ကို ပါကစ္စတန်ကာကွယ်ရေးဝန်ကြီးဌာနမှ အတည်ပြုခဲ့သည်။ အဆိုပါလေယာဉ်ပျက်ကျမှုကြောင့် မြေပြင်ရှိ လူအချို့ဒဏ်ရာရရှိခဲ့သည်။ ၎င်းလေယာဉ်ပျက်ကျမှုနှင့် ပတ်သက်ပြီး စုံစမ်းစစ်ဆေးမှုများ ပြုလုပ်လျက်ရှိသည်။ **(အင်တာနက်)**

မြန်မာ့အလင်း ထူးခြားဆန်းပြား

ထူးခြားစွာထွက်ပေါ်နေသည့် ငှက်ပျောဖူး

ပြင်ဦးလွင် ဧပြီ ၂၀

သတင်းမှတ်စု နှင့်ဓာတ်ပုံ ကိုလင်း(သတင်းထောက်)

စာရေးသူ ပြင်ဦးလွင်မြို့သို့ ရောက်ခိုက် အသိမိတ်ဆွေ တစ်ဦးက ခေါ်ဆောင်သွားသဖြင့် သစ်တောလမ်းရှိ အမှတ် (၁၄၀) နေအိမ်သို့ ရောက်သွားသည်။ အဆိုပါအိမ်တွင် သစ်သီးမျိုးစုံ ဖျော်ရည်လုပ်ငန်း လုပ်ကိုင်နေသည်ကို လေ့လာရန်ဖြစ်သော်လည်း အဆိုပါနေအိမ်ခြံဝင်းအတွင်း၌ ထူးဆန်းစွာဖူးနေသော ငှက်ပျောဖူးနှင့် ပဒုမ္မာကြာသဖွယ်ပွင့်နေသော ပွင့်ဖတ်များဖြင့် ငှက်ပျောပင်ကို တွေ့လိုက်ရသဖြင့် စိတ်ဝင်တစားလေ့လာမိခဲ့သည်။

ဆေးဖက်ဝင်အပင်တစ်မျိုးဖြစ်

အဆိုပါအပင်မှာ ငှက်ပျောပင်မျိုးနွယ်ဖြစ်ကြောင်း၊ ငှက်ပျောဖူးသာထွက်ပြီး ငှက်ပျောသီး သီးလေ့မရှိကြောင်း၊ ၎င်းငှက်ပျောဖူးမှ ပွင့်ဖတ်များသည် ပဒုမ္မာကြာကဲ့သို့ ပွင့်တတ်ပြီး **(အပေါ်ပုံ)** အဝါရောင်ရှိကြောင်း၊ အဆိုပါ ပွင့်ဖတ်များသည် အဖျားလွန်ကဲသော ကလေးလူကြီးများအတွက် ချက်ချင်းပင် အဖျားကျစေတတ်သည့် ဆေးဖက်ဝင် အပင်တစ်မျိုးဖြစ်ကြောင်း၊ အချို့က ၎င်းအပင်ကို ပဒုမ္မာကြာငှက်ပျောဟု ခေါ်လေ့ရှိကြောင်း သိရှိရသည်ကို ရေးသားဖော်ပြလိုက်ရပါသည်။ **(မြန်မာ့အလင်း)**

မြန်မာ့အလင်း စာအုပ်စင်ကလျာ ၂၀-၄-၂၀၁၂

ကိုလင်းစုစည်းသည်

နင်လားဟဲ့ ကင်ဆာနှင့် အလှူခံဖြတ်ပိုင်းစာအုပ်ထုတ်ဝေ

ဝေစည် (ရွှေဘို) ရေးသားသည့် နင်လားဟဲ့ကင်ဆာနှင့် အလှူခံဖြတ်ပိုင်း စာအုပ်ထုတ်ဝေဖြန့်ချိလိုက်သည်။

အဆိုပါစာအုပ်တွင် နင်လားဟဲ့ ကင်ဆာ၊ ပရိတ်ရွတ်သူနှင့် ပရိတ်နာသူတို့၏ ကောင်းကျိုးချမ်းသာ အဖြာဖြာ၊ ဝဋ်ဆိုတာ လည်တတ်ပါလား၊ စာပေထဲကမိတ်ဆွေ စာပေထဲက ရန်သူ၊ အဖေ့ကို မကျွေးလိုက်ရတဲ့ ငှက်ပျောသီးမှည့် တစ်လုံး၊ အဘိုးအိုကိုင်တဲ့ တောင်ဝှေး၊ အလှူငွေဖြတ်ပိုင်းစသည့် စာစု များပါဝင်သည်။ အဆိုပါစာအုပ်ကို ရွှေပြည်သာစာပေ ဖုန်း-၀၉-၅၀၁၆၆၆၃၊ ၀၁-၆၁၁၄၅၇မှ ဖြန့်ချိထားကြောင်း သိရှိရသည်။

သမိုင်းဝင်ဖြစ်စဉ် ပြင်ဦးလွင်စာအုပ် ဒုတိယအကြိမ်ထုတ်ဝေဖြန့်ချိ

စာရေးဆရာ မေမြို့ချစ်ဆွေ၏ သမိုင်းဝင်ဖြစ်စဉ် ပြင်ဦးလွင်စာအုပ်ကို ဒုတိယအကြိမ် ထုတ်ဝေဖြန့်ချိလိုက်သည်။

သမိုင်းဝင်ဖြစ်စဉ် ပြင်ဦးလွင်စာအုပ်သည် ပြင်ဦးလွင်မြို့၏ သမိုင်းအကြောင်းကို မှတ်တမ်းတင်ထားသည့် မှတ်တမ်းစာအုပ်ကောင်း တစ်အုပ်ဖြစ်သည်။ အဆိုပါစာအုပ်တွင် မြို့၏ သမိုင်းဆိုင်ရာဓာတ်ပုံများကိုပါ ဝေဝေဆာဆာဖော်ပြထားပြီး ကျွန်တော်နှင့် ပြင်ဦးလွင်သမိုင်း၊ မြန်မာမင်းများလက်ထက်က ပြင်ဦးလွင်၊ ပြင်ဦးလွင်က သီပေါမင်း၏ အနွယ်တော်များ၊ တောင်စခန်းမြို့တည်ဆောက်ခြင်း၊ ကာနယ်မေနှင့် မေမြို့၊ မီးခိုးခေါင်းတိုင်နှင့် မျှော်စင်ပါအိမ်ကြီးများ၊ မေမြို့ရောက် မြန်မာနိုင်ငံဘုရင်ခံ ဆာဒေါ်မန်စမစ်၏ နောက်ဆုံးနေ့များ၊ ဂျပန်ခေတ်က မေမြို့၊ အမျိုးသားအထိမ်းအမှတ်ဥယျာဉ်၊ မေမြို့တွင် ပထမဦးဆုံးရိုက်ကူးသည့် ရုပ်ရှင်စသည့် စိတ်ဝင်စားဖွယ် စာစုများပါဝင်သည်။

အဆိုပါစာအုပ်ကို ကြီးပွားရေးစာအုပ်တိုက် (၂၂၁)၊ ၈၄လမ်းနှင့် ၃၃ လမ်းထောင့် မန္တလေး ဖုန်း-၀၂-၉၇၁၇၇က တစ်အုပ်လျှင် ငွေကျပ် ၆၀၀၀ နှုန်းဖြင့် ထုတ်ဝေဖြန့်ချိထားကြောင်း သိရှိရသည်။

မြင့်မားသည့်ပညာရေးဖြင့်သာ စာအုပ်ထုတ်ဝေဖြန့်ချိ

စာရေးဆရာ ဒေါက်တာမောင်သင်း၏ မြင့်မားသည့်ပညာရေးဖြင့်သာ စာအုပ်ထုတ်ဝေဖြန့်ချိလိုက်သည်။

စာရေးသူက စာအုပ်တွင် စကားဦးအဖြစ် "ကျွန်တော်တို့ မြန်မာ့လူ့အဖွဲ့အစည်းမှာ တန်ဖိုးမြင့်တဲ့ ခေါင်းဆောင်ကောင်း၊ စိတ်ထားမြင့်မြတ်တဲ့နိုင်ငံသား၊ ကြီးမြတ်တဲ့ မိဘနဲ့ စံထားအပ်တဲ့ ဆရာမွန်တွေကို မြင့်မားတဲ့ပညာရေးဖြင့်သာ မွေးထုတ်ပေးနိုင်ပါလိမ့်မယ်"ဟု ၎င်း၏ ခံယူချက်ကို ဖော်ညွှန်းထားသည်။

စာအုပ်တွင် မြင့်မားသည့်ပညာရေး၏ အရေးပါပုံကို သင့်ကလေးကို ဘာလို့ ကျောင်းထားတာလဲ၊ ဘယ်လိုကျောင်းမျိုးကိုရွေးမလဲ၊ မိဘဖြည့်ဆည်းမှုနှင့် ကလေးများပညာရေး၊ ကျောင်းတွေဖွင့်ရတဲ့အခြေခံဒဿန၊ ပညာရှာလိုစိတ် မပိတ်မိစေရန်၊ ပညာခေတ် စသည့်စာစုများဖြင့် ပုံဖော်ရေးသားထားသည်ကို မှတ်သားအတုယူဖွယ် ဖတ်ရှုလေ့လာရမည်ဖြစ်သည်။ အဆိုပါစာအုပ်ကို နေမျိုးပဒေသာစာပေ အမှတ်(၁) သုမင်္ဂလာလမ်း (၅)ရပ်ကွက် တောင်ဥက္ကလာပမှ ထုတ်ဝေပြီး ငွေကျပ် ၂၀၀၀ နှုန်းဖြင့် ဖြန့်ချိထားကြောင်း သိရှိရသည်။

ဖိုးဉာဏ်၏ သတင်းလောကကို ဖြတ်သန်းခြင်းစာအုပ်ထုတ်ဝေ

စာရေးဆရာ ဖိုးဉာဏ်၏ သတင်းလောကကိုဖြတ်သန်းခြင်း စာအုပ်ကို ပထမအကြိမ်အဖြစ် ထုတ်ဝေဖြန့်ချိလိုက်သည်။

စာရေးဆရာ ဖိုးဉာဏ် ကွယ်လွန်ပြီးနောက်မှ သားဖြစ်သူ ကိုသာဉာဏ် (မြန်မာ့သတင်းစဉ်)က စီစဉ်ထုတ်ဝေလိုက်သော စာအုပ်ဖြစ်သည်။ ဖခင်မကွယ်လွန်မီကပင် အဆိုပါစာအုပ်ကို ထုတ်ဝေရန် စာမူများ အဆင်သင့်ရှိနေခဲ့ပြီးဖြစ်ကြောင်း သိရသည်။ စာအုပ်တွင် စာရေးသူက ၎င်း၏ သတင်းစာသမားဘဝအတွေ့အကြုံများကို စုစည်းရေးသားထားခြင်းဖြစ်သည်။ စာအုပ်တွင် မြန်မာသတင်းစာများရဲ့ခရီး၊ သတင်းသမားဆိုသည်မှာ၊ သတင်းအရေးအသားနှင့် သတင်းဓာတ်ပုံ၊ သတင်းနှင့် နောက်ခံအချက်လက်များ၊ စာနယ်ဇင်းတွေထဲက အမှားတွေ၊ သတင်းသမားနဲ့ တာဝန်ယူမှုစသည့် အခန်းများပါဝင်သည်။

စာအုပ်ကို ပန်းဝေဝေစာပေ အမှတ်(၃၆၀) ဗိုလ်အောင်ကျော်လမ်း ကျောက်တံတားမြို့နယ် ရန်ကုန်မြို့မှ ငွေကျပ် ၃၀၀၀ နှုန်းဖြင့် ထုတ်ဝေဖြန့်ချိထားကြောင်း သိရှိရသည်။

သွားပိုးစားရောဂါအကြောင်း

ဒေါက်တာလေးအောင်(သံတွဲ)

သွားကို ပျက်စီးဆုံးရှုံးစေသော အဓိကရောဂါနှစ်မျိုးတွင် သွားပိုးစားရောဂါမှာ ပထမနေရာတွင် ပါဝင်သည်။ သွားရောဂါအမျိုးမျိုးရှိသည့်အထဲတွင် သွားပိုးစားရောဂါမှာ ကလေးရော လူကြီးပါ အဖြစ်အများဆုံးရောဂါတစ်ခု ဖြစ်နေပါသည်။ သွားနုတ်ရသည့် အကြောင်းရင်းများတွင် သွားပိုးစားခြင်းကြောင့် နုတ်ပစ်ရခြင်းသည် အများဆုံးဖြစ်သည်။

သွားပိုးစားရောဂါမှာ စားသောက်နေထိုင်မှုပုံစံနှင့် ပတ်သက်ဆက်နွယ်နေပါသည်။ သားစိမ်း ငါးစိမ်းနှင့် သစ်သီးသစ်ရွက်ကဲ့သို့ အမျှင်ဓာတ်ကြွယ်ဝသော အစားအစာကြမ်းများစားသုံးခဲ့သော ရှေးဦးလူများတွင် အဖြစ်နည်းပါးသည်ကို တွေ့ရပြီး လူ့ယဉ်ကျေးမှုဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ လူနေမှုဘဝနှင့် စားသောက်မှုပုံစံများ ပြောင်းလဲလာသောအခါ သွားပိုးစားမှုနှုန်းပို၍ များပြားလာကြသည်ကို တွေ့ရသည်။ အမျှင်ပါ အစာကြမ်းများစားသောက်ရာမှလူနေမှုဘဝတိုးတက်လာမှုနှင့်အတူ လိုက်ပြီး ပြုပြင်စီမံထားသော ချို၍ကပ်ငြိရန်လွယ်ကူသော အစားအစာများကို ပိုမိုများပြားစွာ စားသုံးလာကြခြင်းကြောင့် သွားပိုးစားခြင်းမှာ ပိုမိုဖြစ်ပွားလာရသည်ဟု သုတေသီများက သိရှိခဲ့ပါသည်။ ချို၍စေးကပ်သော အစားအစာကို ကြိမ်ဖန်များစွာ အမြောက်အမြား စားသုံးခြင်းကြောင့် သွားပိုးစားခြင်းကို ဖြစ်စေသည်ဟု ဆိုသည်။

ကျွန်တော်တို့နိုင်ငံသည်လည်း တစ်စထက်တစ်စ ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ နိုင်ငံသူနိုင်ငံသားတို့၏ဘဝ၊ နေထိုင်မှုနှင့်စားသောက်မှုပုံစံများပို၍တိုးတက်ပြောင်းလဲလာကာ ပြုပြင်စီမံထားသည့် ချိုစေးကပ်အစားအစာများ အမြောက်အမြား စားသုံးလာကြ၍ သွားပိုးစားရောဂါအဖြစ်များလာနိုင်စရာရှိမည်ဟု တွေးပူမိပါသည်။

တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်စေရေးအတွက် ကျန်းမာရေးစီမံချက်များ ချရာတွင် သွားနှင့်ခံတွင်း ကျန်းမာရေး စီမံချက်ပန်းတိုင်များချမှတ်ရန် လိုအပ်လာပါသည်။ ကမ္ဘာ့ဖွံ့ဖြိုးပြီးနိုင်ငံများတွင် ချမှတ်ကျင့်သုံးနေသည့် အသက်(၈၀) တွင် ကောင်းမွန်နေသည့် သွားအချောင်း ၂၀ ရှိရမည်ဆိုသော စီမံချက်မျိုးလုပ်ဆောင်ရန်လိုပါသည်။ သွား၊ ခံတွင်း ကျန်းမာရေးအတွက် ပို၍ အသိပညာများပေးဖို့လိုပါသည်။ သွားပိုးစားခြင်းမှာ လူအများစုတွင်ဖြစ်နိုင်သော ရောဂါဖြစ်သဖြင့် သွားပိုးစားရောဂါအကြောင်းသိရှိမှသာ သွားပိုးစားခြင်း မဖြစ်အောင် မည်သို့သောအချက်များအား ဆောင်ရန်၊ ရှောင်ရန်တို့ကို သတိထားဆင်ခြင်နိုင်ပါမည်။

သွားပိုးစားခြင်းဖြစ်စဉ်

"သွားပိုးစား"ဟု လူသိများခေါ်ဆိုသော်လည်း အမှန်မှာ "သွားဆွေးမြည့်" ပျက်စီးခြင်း (Dentaldecay)သာ ဖြစ်သည်။ အချို့လူများထင်မြင်သကဲ့သို့ သွားပိုးကောင်ငယ်များက သွားကိုကိုက်စားခြင်း မဟုတ်ပါ။ ပါးစပ်ထဲရှိ မျက်စိဖြင့်မမြင်နိုင်သည့် စေးကပ်ပျော့ပျောင်းသော အလွှာပါးလေးဖြစ်သော သွားချေးလွှာ (Bacterial Plaque)ရှိ မမြင်နိုင်သည့် ဗက်တီးရီးယားတချို့က အစားအသောက်များတွင်ပါရှိသော "ဆူးခရို့စ်"ခေါ် သကြားဓာတ်ကို အချဉ်ဖောက်ရာမှ အက်စစ်ပျော့တစ်မျိုးထွက်လာပါသည်။ ထိုအက်စစ်ကသာ သွားဖွဲ့စည်းမှုတွင် ပါဝင်သော ကယ်လ်ဆီယမ်နှင့် ဖော့စဖိတ်သတ္တုဓာတ်များကို ပျော်ဝင်ပျက်စီးစေကာ သွားပိုးစားခြင်း သို့မဟုတ် ပိုးပေါက်ကို ဖြစ်လာစေခြင်းဖြစ်သည်။

သွားပိုးစားရောဂါဖြစ်စဉ်ဖြစ်သော သွားကြွေလွှာရှိ သတ္တုဓာတ်များ ပြိုကွဲပျက်စီးခြင်း (demineralization) စတင်သည်နှင့် တစ်ချိန်တည်းမှာပင် သွားကြွေလွှာသတ္တုဓာတ်များအား ပြန်လည်ဖွဲ့စည်းတည်ဆောက်ခြင်း (remineralization) မှာ တစ်ပြိုက်နက်တည်းရှိနေသည်။ ပြိုကွဲပျက်စီးမှု ဖြစ်စဉ်က ပိုမိုများမှသာလျှင် သွားပိုးစားခြင်း ဖြစ်လာရပါသည်။

အက်စစ်တို့နှင့် သွားထိတွေ့မှုအချိန်ကြာလာလေလေ သွားပိုးစားခြင်းဆိုးရွားလာကာ သွားပိုးပေါက်ပိုမိုကြီးလာလေလေဖြစ်သည်။ ဖြစ်စတွင် နာကျင်မှုမဖြစ်တတ်ဘဲ ပိုးပေါက်ကြီး၍ အတွင်းလွှာအသားနုသို့ ရောက်မှသာမခံနိုင်အောင် နာကျင်မှုရှိတတ်ပါသည်။

သွားပိုးစားခြင်းဖြစ်ရန် လွယ်ကူသောနေရာများမှာ ကြိတ်ဝါးသော သွားမျက်နှာပြင်ရှိ ချိုင့်ခွက်နှင့် မြောင်းငယ်လေးများ၊ သွားနှစ်ချောင်းကြားနေရာများနှင့် သွားဖုံးဝန်းကျင်နေရာများတွင် သွားပိုးစားလေ့ရှိပါသည်။ သွားပိုးစားခြင်းစတင်ဖြစ်လျှင် ပိုးစားသောနေရာများနှင့် အမည်းစက်များ၊ အမည်းကြောင်းများနှင့် အမည်းရိပ်ထင်ဟပ်မှုများဖြစ်လာပြီး ပို၍ဆိုးရွားလာလျှင် ပိုးစားပေါက်အခေါင်းများဖြစ်လာပါသည်။ ပိုးစားမှုအစတွင် သွား၏အပေါ်ဆုံးကြွေလွှာကို စတင်ပိုးစားခြင်းဖြစ်၍ နာကျင်မှု မရှိနိုင်ပါ။ ဒုတိယအလွှာဖြစ်သည့် ဆင်စွယ်နှစ်လွှာကို ပိုးစားလျှင် အပူအအေးစာ စားသောက်ရာတွင် နာကျင်မှုဖြစ်လာနိုင်ပါသည်။ ထိုအချိန်တွင် သွားနှင့်ခံတွင်း ဆရာဝန်ထံ အချိန်မီပြသ၍ ကုသမှုကို အလျင်အမြန်လုပ်သင့်ပါသည်။ သွား၏အောက်ဆုံးအလွှာ အသားနုအထိ ပိုးစားလျှင်မူ မခံနိုင်အောင်နာကျင်မှုဝေဒနာကို ခံစားရတော့မည်ဖြစ်ပြီး ကုသမှုခက်ခဲသွားပါသည်။ အလျဉ်းမသင့်ပါက သွားနုတ်ပစ်ရ၊ သွားဆုံးရှုံးရသည်အထိ ရောက်သွားနိုင်ပါသည်။

သွားပိုးစားရောဂါဖြစ်စေသော အဓိက ဗက်တီးရီးယား နှစ်မျိုးဖြစ်သည့် စထရက်တိုကော့ကိုင်းမျူးတန်နှင့် လက်တိုဘက်ဆဲလိုင်းတို့မှာ မိဘများမှတစ်ဆင့် ကလေးငယ်များသို့ ကူးစက်ရောက်ရှိနိုင်သဖြင့် ဆိုးရွားစွာ သွားပိုးစားခြင်းရှိသည့် မိဘများ၏ ကလေးငယ်များတွင် သွားပိုးစားခြင်းဖြစ်ရန် လွယ်ကူပါသည်။ ဆေးသိပ္ပံပညာရှင်များ၏ တွေ့ရှိချက်များအရ သွားပိုးစားရောဂါကို ဖြစ်စေနိုင်သော အကြောင်းတရားများကို သိရှိခဲ့ရပြီးဖြစ်ပါသည်။ သွားပိုးစားခြင်း ဖြစ်လွယ်မှု၊ မဖြစ်လွယ်မှုတို့သည် အောက်ပါအချက်အလက်များပေါ်တွင် မူတည်ပါသည်။

(၁) **လူတစ်ဦးချင်းစီ၏ အခြေအနေ**

သွားပိုးစားခြင်းဖြစ်ရန် လူတစ်ဦးချင်းစီနှင့် ပါးစပ်တစ်ခုထဲရှိ သွားတစ်ချောင်းစီ၏ ရရှိထားသော အခြေအနေတို့ပေါ်တွင်မူတည်ပြီး ဖြစ်နိုင်ခြေကွာခြားပါသည်။ သွားပိုးစားခြင်းမှာ လူတစ်ဦးချင်းစီ၏ မေးရိုးတည်ဆောက်ပုံ၊ ပါးစပ်၏ ပုံသဏ္ဌာန်၊ သွားဖွဲ့စည်းတည်ဆောက်ပုံနှင့် တံတွေးထွက်မှုပမာဏနှင့်အရည်အချင်းတို့ပေါ်တွင် မူတည်၍ တချို့သွားမှာ တချို့သွားထက် သွားပိုးစားမှု ပိုမိုနေသည်ကို တွေ့ရသည်။ ဥပမာ-တချို့သွားတွင် ချိုင့်ခွက်များနှင့် အက်ကြောင်းငယ်များ ပိုမိုရှိနေခြင်းဖြင့် အစာများကပ်ငြိရန်လွယ်ကူခြင်း၊ ဗက်တီးရီးယား ခိုအောင်းနိုင်ခြင်းနှင့် အက်စစ်ဓာတ်များကို ကြာရှည်စွာ ထိန်းသိမ်းထားနိုင်ခြင်းတို့ကို ဖြစ်စေပါသည်။

မေးရိုးနှင့်သွားပေါက်ပုံ မူမမှန်ခြင်းတို့ကြောင့် သွားသန့်ရှင်းမှုလုပ်ရာ၌ ပိုမိုခက်ခဲသဖြင့် သွားပိုးစားခြင်းကို ပို၍ဖြစ်စေပါသည်။ တံတွေးသည် သွားတွင်တွယ်ကပ်နေသော အစာကြွင်း အစာကျန်များကို ဆေးကြောသန့်စင်နိုင်ပြီး အက်စစ်ကို ချေဖျက်နိုင်သဖြင့် သွားပိုးစားခြင်းကို ကာကွယ်နိုင်ပါသည်။ ပါးစပ်ထဲရှိ ပိုးစားခြင်းဖြစ်စဉ်တွင်ပါဝင်သော ဗက်တီးရီးယားပိုးမွှား အနည်းအများပေါ်တွင်လည်း မူတည်သည်။ ခံတွင်းသန့်ရှင်းမှုမရှိသောသူ၏ ပါးစပ်တွင် ပိုးမွှားပမာဏ ပိုမိုများပြား၍ ပိုးစားခြင်းဖြစ်လွယ်ပြီး ခံတွင်းသန့်ရှင်းသူ၏ ပါးစပ်တွင် ပိုးမွှားပမာဏနည်းသဖြင့် ပိုးစားခြင်းဖြစ်ရန် မလွယ်ကူပါ။

(၂) **ခံတွင်းသန့်ရှင်းမှုနှင့် ဖလိုရိုက်သုံးစွဲမှု**

လေ့လာချက်များအရ ဖွံ့ဖြိုးပြီးနိုင်ငံအများစုတွင် သွားနှင့်ခံတွင်း သန့်ရှင်းမှုကို အလေးထားလုပ်ဆောင်ခြင်းနှင့် ဖလိုရိုက်သုံးစွဲမှုတို့ကြောင့် သွားပိုးစားခြင်း ပိုမို လျော့ချနိုင်ကြောင်း တွေ့ရပါသည်။ သွားနှင့်ခံတွင်း သန့်ရှင်းရန် အချိန်မှန်၊ စနစ်မှန်၊ ဖလိုရိုက်ပါသွားတိုက်ဆေး သုံးစွဲသွားတိုက်ခြင်း၊ သွားကြားပွတ်ကြိုးသုံးခြင်းနှင့် ပုံမှန်သွားစစ်ဆေးမှုခံယူခြင်းတို့သည် သွားပိုးစားရောဂါတိုက်ဖျက်ရေးတွင် အဓိကကျ အရေးပါအရာရောက်ကြောင်း တွေ့ရသည်။

ဖလိုရိုက်ဓာတုဒြပ်စင်သည် သွားပိုးစားရောဂါကာကွယ်ရန် အလွန်အသုံးဝင်သော ဓာတ်ပစ္စည်းတစ်ခုဖြစ်သည်။ ဖလိုရိုက်သည် သွားကြွေလွှာ ဖွဲ့စည်းမှုကို ပိုမိုခိုင်ခံ့စေသည်။ ကြွေလွှာကို မာကြောလာစေပါသည်။ အက်စစ်ကြောင့် ပျော်ထွက်လာသော သတ္တုဓာတ်များကို သွားသို့ပြန်ရောက်ရှိရန် ပြန်လည်ဖွဲ့စည်းခြင်း (Remineralization) ဖြစ်စဉ်ကို အားပေးသည်။ ဗက်တီးရီးယားများ၏ အက်စစ်ထုတ်နိုင်မှုစွမ်းအားကို လျော့ပါးစေသည်။ ထို့ကြောင့် ကမ္ဘာ့နိုင်ငံအများအပြားတွင် သွားပိုးစားရောဂါကာကွယ်ရန်အတွက် မှန်ကန်သောအချိုးအစားဖြင့် သောက်သုံးရေတွင် ထည့်သွင်းဖြန့်ဖြူးကြပါသည်။

နို့၊ အိမ်သုံးဆား၊ သွားတိုက်ဆေး၊ သွားသန့်ငုံဆေးရည်၊ ဖလိုရိုက် ဆေးပြားနှင့် အခြားစားသောက် ကုန်ပစ္စည်းအမျိုးမျိုးတို့တွင်လည်း ထည့်သွင်း အသုံးပြုကြသည်ကို တွေ့ရပါသည်။ ထိုအထဲတွင် သွားတိုက်ဆေး၌ ဖလိုရိုက် ထည့်သွင်းအသုံးပြုခြင်းမှာ လူအများအတွက် လက်လှမ်းအမီဆုံးနှင့် အထိရောက်ဆုံးသော သွားပိုးစားရောဂါကာကွယ်ရေး လက်နက်တစ်ခု ဖြစ်ပါသည်။

(၃) **အစားအသောက်နှင့်ဆက်စပ်မှု**

ရှေးနှစ်ပေါင်းများစွာကပင် သုတေသီများ တွေ့ရှိချက်က သွားပိုးစားခြင်းသည် အစားအစာများ၏ အချိုပါဝင်မှုနှင့် တိုက်ရိုက်အချိုးကျဖြစ်သဖြင့် သွားပိုးစားခြင်း ကာကွယ်ရန် အချိုစာများအလွန်အကျွံမစားသင့်ဟု အကြံပြု ပညာပေးခဲ့ကြပါသည်။ သို့သော် နောက်ထပ်လေ့လာတွေ့ရှိချက်များအရ ဥရောပနိုင်ငံအများစုတွင် အစားအစာများ၌ သကြားပါဝင်မှုနှုန်း ယခင်ကအတိုင်းရှိသော်လည်း သွားပိုးစားခြင်းမှာ ကျဆင်းလာကြောင်း တွေ့ရသည်။ ယင်းသို့ဖြစ်ရခြင်းမှာ သွားနှင့်ခံတွင်း ကျန်းမာရေးအသိပညာများ တိုးပွားလာပြီး သွားနှင့်ခံတွင်း သန့်ရှင်းမှုကို ပိုမိုလုပ်ဆောင်လာကြခြင်းနှင့် ဖလိုရိုက်ပါ သွားတိုက်ဆေးနှင့် စားသောက်ကုန်ပစ္စည်းများ သုံးစွဲရမှုရရှိခြင်းနှင့် ပုံမှန်သွား နှင့်ခံတွင်း စစ်ဆေးမှုခံယူလာခြင်းတို့ကြောင့် ဖြစ်သည်ဟု ဆိုပါသည်။

နောက်ထပ်လေ့လာတွေ့ရှိချက်များအရ သွားပိုးစားခြင်းဖြစ်ရန် အချိုစာ၊ အချိုရည်များကြောင့်သာ မဟုတ်ဘဲ သွားပေါ်တွင် ကြာရှည်တွယ်ကပ်နေနိုင်သော အချဉ်ပေါက်နိုင်သည့် ကစီဓာတ်ပါဝင်သည့် စေးကပ်သော အစားအစာများကြောင့်လည်းဖြစ်စေနိုင်ကြောင်း တွေ့ရှိရပါသည်။ လေ့လာစမ်းသပ်ချက်များအရ ဆန် (ထမင်း)၊ အာလူးနှင့်ပေါင်မုန့်စသည်တို့ကိုစားသုံးပြီး ဖြစ်လာနိုင်သော အက်စစ်ပမာဏနှင့် ၁၀ ရာခိုင်နှုန်း သကြားဖျော်ရည်မှ ထွက်ပေါ်နိုင်သော အက်စစ်ပမာဏတို့မှာ တူညီနေသည်ကို တွေ့ရသည်။ ထို့ပြင် ပေါင်မုန့်၊ အာလူးချောင်းကြော် စသည်တို့ စားသုံးပြီး ဖြစ်ပေါ်လာသော အက်စစ်သည် သကြားစား၍ဖြစ်သော အက်စစ်အချဉ်ဓာတ်ထက် ပမာဏများပြီး သွားတွင်ပို၍ အချိန်ကြာရှည်စွာ တွယ်ကပ်နေနိုင်ကြောင်းတို့ကို တွေ့ရှိပါသည်။ ထို့ကြောင့် စေးကပ်သော အစားအစာများကြောင့် သွားပိုးစားခြင်းကို ပိုမိုဖြစ်နိုင်ကြောင်း တွေ့ရသည်။ နို့ပိုးစားခြင်းမှာ မိခင်နို့ရည်နှင့် နို့ဘူးတို့တွင် သကြားဓာတ်ပါဝင်မှုများခြင်းကြောင့် ဖြစ်ပါသည်။

(၄) **အစားအစာပမာဏနှင့် အကြိမ်အရေအတွက်**

အစာစားပြီး အချဉ်ပေါက် အက်စစ်ဖြစ်ပေါ်လာရန် အချိန်ငါးမိနစ်သာကြာပါသည်။ နာရီဝက်အတွင်း တံတွေးက အက်စစ်ဓာတ်ကို ချေဖျက်နိုင်ပါသည်။ ချိုစေးကပ်အစာပမာဏ များများစားခြင်းနှင့် အကြိမ်အရေအတွက် များများစားခြင်းတို့ကြောင့် တံတွေး၏ဓာတ်ပြယ်စေနိုင်မှုကို လျော့ပါးစေသဖြင့် သွားပိုးစားခြင်းကို ဖြစ်လာစေပါသည်။

(၅) **အကျိုးပြုအစားအစာများ**

ဒိန်ခဲနှင့်နို့တွင် ကယ်လ်ဆီယမ်၊ ဖော့စဖိတ်၊ ကာဆိန်နှင့် အသားဓာတ်တို့ပါဝင်၍ သွားပိုးစားခြင်းကို ကာကွယ်နိုင်ပါသည်။ အစားအသောက်တို့တွင် အချိုဓာတ်ရရန် သကြားအစား Saccharin, Isomalt, Sorbital နှင့် Xylitol တို့ကိုသုံးခြင်းဖြင့် သွားပိုးစားခြင်းကို ကာကွယ်နိုင်ပါသည်။

သွားပိုးစားရောဂါကို ကာကွယ်တားဆီးရန် အောက်ပါအချက်အလက်များ လိုက်နာသင့်သည်-

(၁) ချိုစေးကပ်အစာများကို ပမာဏနှင့် အကြိမ်အရေအတွက်အား လျှော့ပေါ့စားသောက်ပါ။
(ဥပမာ-ထိုးမုန့်၊ ဟာလဝါ၊မုန့်ခေါ်ပြင်၊ မုန့်စိမ်းပေါင်း၊ ဘီစကစ်၊ ကွတ်ကီး၊ ကိတ်မုန့်)

(၂) ထမင်းနှင့် မုန့်ပဲသရေစာများကိုစားပြီးတိုင်း သွား၌ ကပ်တွယ်နေသော အစာကြွင်း၊ အစာကျန်များစင်ကြယ်သွားအောင် ရေဖြင့် ပလုတ်ကျင်းပေးပါ။

(၃) နံနက်စာနှင့် ညစာစားပြီးလျှင် ဒိန်ခဲအနည်းငယ်စားပေးပါ။ သကြားမပါ ပီကေဝါးပေးပါ။ ပီကေဝါးခြင်းဖြင့် သွားတွင်ကပ်တင်နေသော အစားကြွင်း၊ အစာကျန်များကို စင်ကြယ်သွားစေပြီး တံတွေးအထွက်များလာသဖြင့် သွားပိုးစားမှုဖြစ်စဉ်ကို ရပ်တန့်စေနိုင်ပါသည်။

(၄) တစ်နေ့လျှင် နှစ်ကြိမ်မှသုံးကြိမ်ခန့် ဖလိုရိုက်ပါငုံဆေးရည်ဖြင့် သွားနှင့်ခံတွင်းကို သန့်ရှင်းပါ။

(၅) ဖလိုရိုက်ပါသွားတိုက်ဆေးသုံး၍ နံနက်စာစားပြီး တစ်ကြိမ်၊ ညမအိပ်မီ တစ်ကြိမ် သွားနှင့်ခံတွင်းကို သန့်ရှင်းစင်ကြယ်သွားအောင် နည်းစနစ်မှန်ကန်စွာ ပုံမှန် သွားတိုက်ပေးပါ။ (အိပ်နေစဉ် တံတွေးအထွက်နည်း၍ ညမအိပ်မီသွားတိုက်ရန် အလွန်အရေးကြီးပါသည်။)

(၆) နို့စို့ကလေးငယ်များအား သွားပေါက်ချိန်မှစ၍ သွား သန့်ရှင်းအောင် မိခင်မှဂရုတစိုက်လုပ်ပေးပါ။ နို့ဘူးတိုက်လျှင် သကြားလျှော့ထည့်ပါ။ ညအိပ်လျှင် နို့ဘူးအစား သကြားမပါ ရေဘူးတိုက်ပါ။ နို့စို့၊ အစာစားပြီးတိုင်း သန့်ရှင်းသောဂွမ်းစ သို့မဟုတ် အဝတ်စကိုရေဆွတ်၍ သွားနှင့်ခံတွင်း သန့်ရှင်းရေးလုပ်ပေးပါ။ သွားပွတ်တံဖြင့် သွားတိုက်၍ရနိုင်သည့် အရွယ်ကလေးငယ်များကို မိဘတစ်ဦးဦးအကူအညီဖြင့် သွားတိုက်ပေးပါ။ (ကလေးသွားတိုက်ဆေး မရနိုင်ပါက လူကြီးသုံး သွားတိုက်ဆေးကို အနည်းငယ် (ပြောင်းစေ့ခန့်)သာထည့်ပါ။)

(၇) ခြောက်လတစ်ကြိမ် ပုံမှန်သွားနှင့်ခံတွင်းစစ်ဆေးမှုကို ခံယူပါ။

အထက်ပါအတိုင်း လိုက်နာလုပ်ဆောင်နိုင်ပါက သွားပိုးစားရောဂါမှ ကင်းဝေးနိုင်လိမ့်မည်ဖြစ်ကြောင်း တင်ပြလိုက်ရပါသည်။ ။

လေလံ/B.O.T လမ်းဂိတ်များ သတ်မှတ်နှုန်းထားအတိုင်း တိကျစွာကောက်ခံနိုင်ရေးအတွက် တွက်ချက်မှုဇယားများ ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ထုတ်ပြန်

နေပြည်တော် ဧပြီ ၂၀

ဆောက်လုပ်ရေးဝန်ကြီးဌာနသည် ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ် လမ်းအသုံးပြုခ ကောက်ခံရေး လေလံလုပ်ကိုင်ခွင့်ပေးအပ်ရာတွင် ယခင်နှစ်များကဲ့သို့ ချိပ်ပိတ်တင်ဒါစနစ်ဖြင့်ဆောင်ရွက်ပြီး ဈေးအများဆုံးလေလံတင်သွင်းသူကို လုပ်ကိုင်ခွင့်ပေးအပ်ခြင်းမပြုတော့ဘဲ စနစ်တကျစုဖွဲ့ကာ တစ်နှစ်စာစံနှုန်း ကောက်ယူထားသော ကြမ်းခင်းဈေး ကိုအခြေခံ၍ လေလံ/B.O.T လမ်းဂိတ်များတွင် ၈၀ ရာခိုင်နှုန်းကို နိုင်ငံတော်သို့ ပေးသွင်းစေပြီး ၂၀ ရာခိုင်နှုန်းကို လုပ်ကိုင်ခွင့်ရသူ၏ ဝန်ဆောင်မှုနှင့် လုပ်ငန်းအကျိုးအမြတ်အဖြစ် သတ်မှတ်ပေးထားသည်။ လေလံမဲစနစ်ဖြင့် လုပ်ကိုင်ခွင့်ပေးအပ်ထားသည့်အတွက် ဆောက်လုပ်ရေးဝန်ကြီးဌာနမှ သတ်မှတ်ပေးထားသော ယာဉ်အမျိုးအစားအလိုက်၊ ဝင်ရိုးတန်းအလိုက် သတ်မှတ်နှုန်းထား အတိုင်းသာ ကောက်ခံရေး စာချုပ်တွင် ထည့်သွင်းထားပြီးဖြစ်ကြောင်းနှင့် ခရီးအကွာအဝေးအလိုက် ကျသင့်နှုန်းထားအတိုင်းသာ လမ်းဖြတ်သန်းခ ပေးဆောင်စေရေး တွက်ချက်မှုဇယားများကို လုပ်သားပြည်သူများ၊ ယာဉ်မောင်း/ယာဉ်ပိုင်ရှင်များ သိရှိနိုင်ရန် အသေးစိတ်တွက်ချက်ထုတ်ပြန်ထားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဝမ်းတွင်းမြို့နယ် တစ်ဦးတည်းအလှူရှင် ဦးမြင့်သူ (M. Group)၊ ဒေါ်ဖြူဖြူသန့်၊ သား မောင်ဆန်းသူရိန်သန့်တို့ မိသားစုလှူဒါန်းသော အရှည် ၈၂ ပေ၊ အကျယ် ၁၀ ပေ ၃ လက်မနှင့် လူသွားလမ်း အကျယ် ၅ ပေရှိ သံကူကွန်ကရစ်လိန်ပင်ရွာတံတားသစ်ကို ဧပြီ ၇ ရက် နံနက်က ဖဲကြိုးဖြတ်ဖွင့်လှစ်စဉ်။ (၀၁၂)

မြန်မာနိုင်ငံမြင်းစီးအားကစားအဖွဲ့ချုပ်ကိုယ်စားလှယ် ကိုရီးယားသို့ထွက်ခွာ

ရန်ကုန် ဧပြီ ၂၀

အာရှမြင်းစီးအားကစားအဖွဲ့ချုပ်၏ ဖိတ်ကြားချက်အရ ဧပြီ ၂၀ ရက်မှ စ၍ ကိုရီးယားသမ္မတနိုင်ငံ ဆိုးလ်မြို့၌ ကျင်းပမည့် ၂၀၁၂ ခုနှစ် အာရှမြင်းစီးအားကစားအဖွဲ့ချုပ် နှစ်ပတ်လည်အစည်းအဝေးနှင့် KRA Cup ပြိုင်ပွဲသို့တက်ရောက်ရန် မြန်မာနိုင်ငံမြင်းစီးအားကစားအဖွဲ့ချုပ် ကိုယ်စားလှယ် အရှေ့တောင်အာရှမြင်းစီး အားကစားအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ၊ မြန်မာနိုင်ငံမြင်းစီးအားကစားအဖွဲ့ချုပ် ဒုတိယ ဥက္ကဋ္ဌ ဦးငြိမ်းကျော် **(ယာပုံ)**သည် ဧပြီ ၁၅ ရက် မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ကိုရီးယားသမ္မတနိုင်ငံသို့ ထွက်ခွာသွားကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

အကြိမ်(၈၀)မြောက်သွေးလှူ

မူဆယ် ဧပြီ ၂၀

မူဆယ်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြဟန် ပ/၃၂၄၄ (လူမှုထူးချွန်ပထမဆင့်) **(ဝဲပုံ)** သည် ဧပြီ ၁၁ ရက်က မူဆယ်မြို့ ပြည်သူ့ဆေးရုံတွင် အကြိမ် (၈၀)မြောက် သွေးလှူဒါန်းခဲ့ကြောင်း သိရှိရသည်။ **(၁၄၃)**

မြန်မာနှစ်ဆန်းတစ်ရက်က ပုသိမ်မြို့ မြို့နယ်သတင်းထောက် ပုသိမ်လှကြည်-ဇနီးဒေါ်မြမြဝင်း၊ သား ကိုနေမျိုး၊ ကိုဆွေမျိုး၊ ကိုတင်လှဝင်းဌေး၊ သမီး မသင်းသင်းလှ၊ မမွေးမွေးလှ၊ မြေး မောင်စိုးဇေယျမျိုး (ခေတ္တ-USA) မိသားစုက နှစ်သစ်ကူး စတုဒိသာအလှူဒါနအဖြစ် ဆန်၊ ဆား၊ စားသောက်ကုန်ပစ္စည်း၊ ကျောင်းသုံးစာအုပ်၊ ဘောလ်ပင်များကို ပေးဝေလှူဒါန်းစဉ်။ (၀၇၇)

၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ် လမ်းအသုံးပြုခကောက်ခံရေး လေလံ/B.O.T လမ်းဂိတ်များ သတ်မှတ်နှုန်းထား ထုတ်ပြန်ခြင်း

၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ် လမ်းအသုံးပြုခကောက်ခံရေးနှင့် စပ်လျဉ်း၍ ခရီးအကွာအဝေးအလိုက် ကျသင့်နှုန်းထားတွက်ချက်မှုဇယားများကို လုပ်သားပြည်သူများ၊ ယာဉ်မောင်း/ယာဉ်ပိုင်ရှင်များ သိရှိနိုင်ပါရန် အောက်ပါအတိုင်း အသေးစိတ် တွက်ချက် ထုတ်ပြန်အပ်ပါသည်။

ဆောက်လုပ်ရေးဝန်ကြီးဌာန

လေလံမဲစနစ်ဖြင့် လမ်းအသုံးပြုခကောက်ခံရမည့်နှုန်းထားများစာရင်း

စဉ်	လမ်းအမည်	လမ်းဂိတ်အမည်	ခရီးစဉ်	ကောက်ခံသည့်လမ်းမိုင်	ယာဉ်အမျိုးအစားအလိုက် လမ်း (၁) မိုင် ကောက်ခံနှုန်းနှင့် ကျသင့်ကောက်ခံနှုန်း (ကျပ်)													
					၂တန်အောက်ယာဉ် (ခရီးသည်တင်ယာဉ်) ကိုယ်ပိုင်ယာဉ်ငယ်များ၊ အငှားယာဉ်များ၊ မှန်လုံယာဉ်ငယ်-၇ယောက်စီးအထိ၊ အခြားယာဉ်များ၊ ထော်လာဂျီယာဉ် (ခရီးသည်တင်)	၂တန်မှ ၅.၅တန်ထိ (ခရီးသည်တင်ယာဉ်) ဟိုင်းလပ်၊ လိုက်ထရပ်၊ ဒိုင်နာ၊ ကင်တာ၊ မှန်လုံယာဉ်ငယ်-၉ယောက်စီးနှင့်အထက်၊ ထော်လာဂျီယာဉ် (ကုန်တင်)	၂ တန်အောက်ယာဉ် (ကုန်တင်)	၂တန်မှ ၅.၅တန်အထိယာဉ် (ကုန်တင်ယာဉ်ငယ်) လိုက်ထရပ်များ (ကိုယ်ထည်အလျား - ၁၅ ပေအောက်)	၅.၅တန်အထက်မှ ၁၆တန်အထိ (ခရီးသည်တင်) ယာဉ်ကြီးနှင့် မှန်လုံယာဉ်ကြီး	(ယာဉ်+ကုန်) (၅ + ၅) ၁၀ တန် (ဝင်ရိုး - ၂ခု ပါ) ကုန်တင်ယာဉ်လတ်ငယ်(၆)ဘီးကား (ကိုယ်ထည်အလျား - ၁၅ပေမှ ၂၀ပေအထိ)	(ယာဉ်+ကုန်) (၆.၅+၆.၅) ၁၃ တန် (ဝင်ရိုး - ၂ခု ပါ) ကုန်တင်ယာဉ်လတ် (၆)ဘီးကား	(ယာဉ်+ကုန်) (၈ + ၈) ၁၆ တန် (ဝင်ရိုး - ၂ခု ပါ) ကုန်တင်ယာဉ်ကြီး (၆)ဘီးကား	(ယာဉ်+ကုန်) (၁၀.၅+၁၀.၅) ၂၁ တန် (ဝင်ရိုး - ၃ခု ပါ) ကုန်တင်ယာဉ်ကြီး (၁၀)ဘီးကား	(ယာဉ်+ကုန်) (၁၂.၅+၁၂.၅) ၂၅ တန် (ဝင်ရိုး - ၄ခု ပါ) ကုန်တင်ယာဉ်ကြီး (၁၂)ဘီးကား	(ယာဉ်+ကုန်) (၁၄+၂၀) ၃၄ တန် (ဝင်ရိုး - ၄ခု ပါ) ကုန်တင်ယာဉ်ကြီး (၁၄)ဘီးကား (နောက်တွဲပါ)	(ယာဉ်+ကုန်) (၁၅+၃၁) ၄၆ တန် (ဝင်ရိုး - ၅ခု ပါ) ကုန်တင်ယာဉ်ကြီး (၁၈)ဘီးကား (နောက်တွဲပါ)	(ယာဉ်+ကုန်) (၁၆+၃၉) ၅၅ တန် (ဝင်ရိုး - ၆ခု ပါ) ကုန်တင်ယာဉ်ကြီး (၂၂)ဘီးကား (နောက်တွဲပါ)	အမှတ်စဉ် (၈)မှ (၁၃)ထိ ကုန်တင်ယာဉ်ကြီးများ ကုန်မပါ အလွတ်ဖြစ်ပါက
					၂/-	၅/-	၆/-	၈/-	၁၀/-	၁၃/-	၁၅/-	၂၀/-	၃၀/-	၃၅/-	၄၅/-	၆၀/-	၇၀/-	၂၀/-
					(၁)	(၂)	(၃)	(၄)	(၅)	(၆)	(၇)	(၈)	(၉)	(၁၀)	(၁၁)	(၁၂)	(၁၃)	(၁၄)
	စစ်ကိုင်းတိုင်းဒေသကြီး																	
၁	တကောင်း-သာယာကုန်း (ဂရိတ်ဝေါလ်ကုမ္ပဏီ)	မြတောင်	တကောင်း-သာယာကုန်း	၅၉/၆	၁၂၀	၂၉၉	၃၅၉	၄၇၈	၅၉၈	၇၇၇	၈၉၆	၁၁၉၅	၁၇၉၃	၂၀၉၁	၂၆၈၉	၃၅၈၅	၄၁၈၃	၁၁၉၅
			သာယာကုန်း-တကောင်း	၅၉/၆	၁၂၀	၂၉၉	၃၅၉	၄၇၈	၅၉၈	၇၇၇	၈၉၆	၁၁၉၅	၁၇၉၃	၂၀၉၁	၂၆၈၉	၃၅၈၅	၄၁၈၃	၁၁၉၅
၂	မုံရွာ-ရေဦး (ဆုထူးပန်ကုမ္ပဏီ)	ရေဦး	ရေဦး-ဘုတလင်	၃၃	၆၆	၁၆၅	၁၉၈	၂၆၄	၃၃၀	၄၂၉	၄၉၅	၆၆၀	၉၉၀	၁၁၅၅	၁၄၈၅	၁၉၈၀	၂၃၁၀	၆၆၀
			ဘုတလင်-ရေဦး	၃၃	၆၆	၁၆၅	၁၉၈	၂၆၄	၃၃၀	၄၂၉	၄၉၅	၆၆၀	၉၉၀	၁၁၅၅	၁၄၈၅	၁၉၈၀	၂၃၁၀	၆၆၀
၃	ရွှေဘို-မြစ်ကြီးနား (ဆုထူးပန်ကုမ္ပဏီ)	အင်းတော်/ ကသာ/ နန့်စီးအောင်	ကသာ-အင်းတော်	၁၈	၃၆	၉၀	၁၀၈	၁၄၄	၁၈၀	၂၃၄	၂၇၀	၃၆၀	၅၄၀	၆၃၀	၈၁၀	၁၀၈၀	၁၂၆၀	၃၆၀
			အင်းတော်-ကသာ	၁၈	၃၆	၉၀	၁၀၈	၁၄၄	၁၈၀	၂၃၄	၂၇၀	၃၆၀	၅၄၀	၆၃၀	၈၁၀	၁၀၈၀	၁၂၆၀	၃၆၀
			အင်းတော်-နဘား-နန့်စီးအောင်	၂၂	၄၄	၁၁၀	၁၃၂	၁၇၆	၂၂၀	၂၈၆	၃၃၀	၄၄၀	၆၆၀	၇၇၀	၉၉၀	၁၃၂၀	၁၅၄၀	၄၄၀
			နန့်စီးအောင်-နဘား-အင်းတော်	၂၂	၄၄	၁၁၀	၁၃၂	၁၇၆	၂၂၀	၂၈၆	၃၃၀	၄၄၀	၆၆၀	၇၇၀	၉၉၀	၁၃၂၀	၁၅၄၀	၄၄၀
၄	မုံရွာ-ယာကြီး (မုံရွာအုပ်စုကုမ္ပဏီ)	(၂၄)မိုင်	အောင်မင်္ဂလာ-ယာကြီး	၂၀	၄၀	၁၀၀	၁၂၀	၁၆၀	၂၀၀	၂၆၀	၃၀၀	၄၀၀	၆၀၀	၇၀၀	၉၀၀	၁၂၀၀	၁၄၀၀	၄၀၀
			ယာကြီး-အောင်မင်္ဂလာ	၂၀	၄၀	၁၀၀	၁၂၀	၁၆၀	၂၀၀	၂၆၀	၃၀၀	၄၀၀	၆၀၀	၇၀၀	၉၀၀	၁၂၀၀	၁၄၀၀	၄၀၀
၅	မန္တလေး-စစ်ကိုင်း-ရွှေဘို (လေလံ)	ရွှေဘို	ရွှေဘို - စပယ်နံ့သာ	၄၃	၈၆	၂၁၅	၂၅၈	၃၄၄	၄၃၀	၅၅၉	၆၄၅	၈၆၀	၁၂၉၀	၁၅၀၅	၁၉၃၅	၂၅၈၀	၃၀၁၀	၈၆၀
			ရွှေဘို - ကျောက်မြောင်း	၁၇	၃၄	၈၅	၁၀၂	၁၃၆	၁၇၀	၂၂၁	၂၅၅	၃၄၀	၅၁၀	၅၉၅	၇၆၅	၁၀၂၀	၁၁၉၀	၃၄၀
			ကျောက်မြောင်း- ရွှေဘို	၁၇	၃၄	၈၅	၁၀၂	၁၃၆	၁၇၀	၂၂၁	၂၅၅	၃၄၀	၅၁၀	၅၉၅	၇၆၅	၁၀၂၀	၁၁၉၀	၃၄၀
၆	မန္တလေး-ရွှေဘို-မြစ်ကြီးနား (လေလံ)	စပယ်နံ့သာ	စပယ်နံ့သာ-ကျောက်တန်း	၅၂	၁၀၄	၂၆၀	၃၁၂	၄၁၆	၅၂၀	၆၇၆	၇၈၀	၁၀၄၀	၁၅၆၀	၁၈၂၀	၂၃၄၀	၃၁၂၀	၃၆၄၀	၁၀၄၀
			စပယ်နံ့သာ-ရွှေဘို	၄၃	၈၆	၂၁၅	၂၅၈	၃၄၄	၄၃၀	၅၅၉	၆၄၅	၈၆၀	၁၂၉၀	၁၅၀၅	၁၉၃၅	၂၅၈၀	၃၀၁၀	၈၆၀
၇	မုံရွာ-အရာတော်-ရွှေဘို ဖြတ်လမ်း(လေလံ)	အရာတော်	အရာတော်-(စစ်ကိုင်း-မုံရွာလမ်းဆုံ)	၄၄	၈၈	၂၂၀	၂၆၄	၃၅၂	၄၄၀	၅၇၂	၆၆၀	၈၈၀	၁၃၂၀	၁၅၄၀	၁၉၈၀	၂၆၄၀	၃၀၈၀	၈၈၀
			(စစ်ကိုင်း-မုံရွာလမ်းဆုံ)-အရာတော်	၄၄	၈၈	၂၂၀	၂၆၄	၃၅၂	၄၄၀	၅၇၂	၆၆၀	၈၈၀	၁၃၂၀	၁၅၄၀	၁၉၈၀	၂၆၄၀	၃၀၈၀	၈၈၀
၈	မုံရွာ-ပုလဲ-ဂန့်ဂေါ (လေလံ)	ပုလဲ	ပုလဲ-ညောင်ပင်ကြီး	၆၇	၁၃၄	၃၃၅	၄၀၂	၅၃၆	၆၇၀	၈၇၁	၁၀၀၅	၁၃၄၀	၂၀၁၀	၂၃၄၅	၃၀၁၅	၄၀၂၀	၄၆၉၀	၁၃၄၀
			ညောင်ပင်ကြီး-ပုလဲ	၆၇	၁၃၄	၃၃၅	၄၀၂	၅၃၆	၆၇၀	၈၇၁	၁၀၀၅	၁၃၄၀	၂၀၁၀	၂၃၄၅	၃၀၁၅	၄၀၂၀	၄၆၉၀	၁၃၄၀
၉	မုံရွာ-ယာကြီး-ကလေးဝ (လေလံ)	ယာကြီး/စခန်းကြီး	ယာကြီး-ကလေးဝ	၇၅/၅	၁၅၁	၃၇၈	၄၅၄	၆၀၅	၇၅၆	၉၈၃	၁၁၃၄	၁၅၁၃	၂၂၆၉	၂၆၄၇	၃၄၀၃	၄၅၃၈	၅၂၉၄	၁၅၁၃
			ကလေးဝ-ယာကြီး	၇၅/၅	၁၅၁	၃၇၈	၄၅၄	၆၀၅	၇၅၆	၉၈၃	၁၁၃၄	၁၅၁၃	၂၂၆၉	၂၆၄၇	၃၄၀၃	၄၅၃၈	၅၂၉၄	၁၅၁၃
၁၀	မန္တလေး-ရွှေဘို-မြစ်ကြီးနား (လေလံ)	ကျောက်တန်း	ကျောက်တန်း-အင်းတော်	၄၅	၉၀	၂၂၅	၂၇၀	၃၆၀	၄၅၀	၅၈၅	၆၇၅	၉၀၀	၁၃၅၀	၁၅၇၅	၂၀၂၅	၂၇၀၀	၃၁၅၀	၉၀၀
			အင်းတော်-ကျောက်တန်း	၄၅	၉၀	၂၂၅	၂၇၀	၃၆၀	၄၅၀	၅၈၅	၆၇၅	၉၀၀	၁၃၅၀	၁၅၇၅	၂၀၂၅	၂၇၀၀	၃၁၅၀	၉၀၀
			ကျောက်တန်း-စပယ်နံ့သာ	၅၂	၁၀၄	၂၆၀	၃၁၂	၄၁၆	၅၂၀	၆၇၆	၇၈၀	၁၀၄၀	၁၅၆၀	၁၈၂၀	၂၃၄၀	၃၁၂၀	၃၆၄၀	၁၀၄၀
၁၁	အင်းတော်-ဗန်းမောက် (လေလံ)	ဗန်းမောက်	အင်းတော်-ဗန်းမောက်	၂၉	၅၈	၁၄၅	၁၇၄	၂၃၂	၂၉၀	၃၇၇	၄၃၅	၅၈၀	၈၇၀	၁၀၁၅	၁၃၀၅	၁၇၄၀	၂၀၃၀	၅၈၀
			ဗန်းမောက်-အင်းတော်	၂၉	၅၈	၁၄၅	၁၇၄	၂၃၂	၂၉၀	၃၇၇	၄၃၅	၅၈၀	၈၇၀	၁၀၁၅	၁၃၀၅	၁၇၄၀	၂၀၃၀	၅၈၀
၁၂	ကလေး-ကျီကုန်း-တမူး (လေလံ)	အင်ဒိုင်းကြီး/ ကျီကုန်း/ ပန်းသာ	ကလေး-တမူး	၈၃	၁၆၆	၄၁၅	၄၉၈	၆၆၄	၈၃၀	၁၀၇၉	၁၂၄၅	၁၆၆၀	၂၄၉၀	၂၉၀၅	၃၇၃၅	၄၉၈၀	၅၈၁၀	၁၆၆၀
			တမူး-ကလေး	၈၃	၁၆၆	၄၁၅	၄၉၈	၆၆၄	၈၃၀	၁၀၇၉	၁၂၄၅	၁၆၆၀	၂၄၉၀	၂၉၀၅	၃၇၃၅	၄၉၈၀	၅၈၁၀	၁၆၆၀
			ကလေးဝ-တမူး	၉၃	၁၈၆	၄၆၅	၅၅၈	၇၄၄	၉၃၀	၁၂၀၉	၁၃၉၅	၁၈၆၀	၂၇၉၀	၃၂၅၅	၄၁၈၅	၅၅၈၀	၆၅၁၀	၁၈၆၀
			တမူး-ကလေးဝ	၉၃	၁၈၆	၄၆၅	၅၅၈	၇၄၄	၉၃၀	၁၂၀၉	၁၃၉၅	၁၈၆၀	၂၇၉၀	၃၂၅၅	၄၁၈၅	၅၅၈၀	၆၅၁၀	၁၈၆၀
			ကလေးဝ-ကလေး	၂၄	၄၈	၁၂၀	၁၄၄	၁၉၂	၂၄၀	၃၁၂	၃၆၀	၄၈၀	၇၂၀	၈၄၀	၁၀၈၀	၁၄၄၀	၁၆၈၀	၄၈၀
			ကလေး-ကလေးဝ	၂၄	၄၈	၁၂၀	၁၄၄	၁၉၂	၂၄၀	၃၁၂	၃၆၀	၄၈၀	၇၂၀	၈၄၀	၁၀၈၀	၁၄၄၀	၁၆၈၀	၄၈၀
၁၃	ပုသိမ်-မုံရွာ (လေလံ)	ဆားလင်းကြီး	ဆားလင်းကြီး-မုံရွာ	၂၆	၅၂	၁၃၀	၁၅၆	၂၀၈	၂၆၀	၃၃၈	၃၉၀	၅၂၀	၇၈၀	၉၁၀	၁၁၇၀	၁၅၆၀	၁၈၂၀	၅၂၀
			မုံရွာ-ဆားလင်းကြီး	၂၆	၅၂	၁၃၀	၁၅၆	၂၀၈	၂၆၀	၃၃၈	၃၉၀	၅၂၀	၇၈၀	၉၁၀	၁၁၇၀	၁၅၆၀	၁၈၂၀	၅၂၀
	မကွေးတိုင်းဒေသကြီး																	
၁	ရန်ကုန်-ပြည်-မန္တလေး (ကောင်းမွန်ကုမ္ပဏီ)	မကွေး(အထွက်)	မကွေး-ပင်းချောင်းတံတား	၃၆	၇၂	၁၈၀	၂၁၆	၂၈၈	၃၆၀	၄၆၈	၅၄၀	၇၂၀	၁၀၈၀	၁၂၆၀	၁၆၂၀	၂၁၆၀	၂၅၂၀	၇၂၀
			ပင်းချောင်းတံတား-မကွေး	၃၆	၇၂	၁၈၀	၂၁၆	၂၈၈	၃၆၀	၄၆၈	၅၄၀	၇၂၀	၁၀၈၀	၁၂၆၀	၁၆၂၀	၂၁၆၀	၂၅၂၀	၇၂၀
၂	မင်းဘူး-တညောင်-ဆိပ်ဖြူ	မင်းဘူး (၂)	မင်းဘူး - တညောင်	၆၀	၁၂၀	၃၀၀	၃၆၀	၄၈၀	၆၀၀	၇၈၀	၉၀၀	၁၂၀၀	၁၈၀၀	၂၁၀၀	၂၇၀၀	၃၆၀၀	၄၂၀၀	၁၂၀၀
၃	ရန်ကုန်-ပြည်-မန္တလေး (မက်စ်မြန်မာကုမ္ပဏီ)	အောင်လံ	အောင်လံ - ပြည်	၄၀	၈၀	၂၀၀	၂၄၀	၃၂၀	၄၀၀	၅၂၀	၆၀၀	၈၀၀	၁၂၀၀	၁၄၀၀	၁၈၀၀	၂၄၀၀	၂၈၀၀	၈၀၀
			အောင်လံ-တောင်တွင်းကြီး	၆၀	၁၂၀	၃၀၀	၃၆၀	၄၈၀	၆၀၀	၇၈၀	၉၀၀	၁၂၀၀	၁၈၀၀	၂၁၀၀	၂၇၀၀	၃၆၀၀	၄၂၀၀	၁၂၀၀
၄	ရန်ကုန်-ပြည်-မန္တလေး (မက်စ်မြန်မာကုမ္ပဏီ)	တောင်တွင်းကြီး/ သစ်ရာကောက်	တောင်တွင်းကြီး-အောင်လံ	၆၀	၁၂၀	၃၀၀	၃၆၀	၄၈၀	၆၀၀	၇၈၀	၉၀၀	၁၂၀၀	၁၈၀၀	၂၁၀၀	၂၇၀၀	၃၆၀၀	၄၂၀၀	၁၂၀၀
			မကွေး-သစ်ရာကောက်	၃၁	၆၂	၁၅၅	၁၈၆	၂၄၈	၃၁၀	၄၀၃	၄၆၅	၆၂၀	၉၃၀	၁၀၈၅	၁၃၉၅	၁၈၆၀	၂၁၇၀	၆၂၀
			သစ်ရာကောက်-တောင်တွင်းကြီး	၂၀	၄၀	၁၀၀	၁၂၀	၁၆၀	၂၀၀	၂၆၀	၃၀၀	၄၀၀	၆၀၀	၇၀၀	၉၀၀	၁၂၀၀	၁၄၀၀	၄၀၀
			သစ်ရာကောက်-ကိုးပင်	၂၀	၄၀	၁၀၀	၁၂၀	၁၆၀	၂၀၀	၂၆၀	၃၀၀	၄၀၀	၆၀၀	၇၀၀	၉၀၀	၁၂၀၀	၁၄၀၀	၄၀၀
			ကိုးပင်-သစ်ရာကောက်	၂၀	၄၀	၁၀၀	၁၂၀	၁၆၀	၂၀၀	၂၆၀	၃၀၀	၄၀၀	၆၀၀	၇၀၀	၉၀၀	၁၂၀၀	၁၄၀၀	၄၀၀
၅	ရန်ကုန်-ပြည်-မန္တလေး (မက်စ်မြန်မာကုမ္ပဏီ)	မကွေး(အဝင်)	မကွေး-တောင်တွင်းကြီး	၅၁	၁၀၂	၂၅၅	၃၀၆	၄၀၈	၅၁၀	၆၆၃	၇၆၅	၁၀၂၀	၁၅၃၀	၁၇၈၅	၂၂၉၅	၃၀၆၀	၃၅၇၀	၁၀၂၀
၆	ပခုက္ကူ-မုံရွာ (ထွန်းညီလူကုမ္ပဏီ)	ရေစကြို(တမာတန်း)	ပခုက္ကူ-ဆင်ဖြူရှင်တံတားထိပ်	၃၉	၇၈	၁၉၅	၂၃၄	၃၁၂	၃၉၀	၅၀၇	၅၈၅	၇၈၀	၁၁၇၀	၁၃၆၅	၁၇၅၅	၂၃၄၀	၂၇၃၀	၇၈၀
			ဆင်ဖြူရှင်တံတားထိပ်-ပခုက္ကူ	၃၉	၇၈	၁၉၅	၂၃၄	၃၁၂	၃၉၀	၅၀၇	၅၈၅	၇၈၀	၁၁၇၀	၁၃၆၅	၁၇၅၅	၂၃၄၀	၂၇၃၀	၇၈၀
၇	ပခုက္ကူ-ထီးလင်း-ဂန့်ဂေါ (နှင်းသဇင်ကုမ္ပဏီ)	ပခုက္ကူ(မြစ်ခြေ)	ပခုက္ကူ-မြစ်ခြေ	၁၉	၃၈	၉၅	၁၁၄	၁၅၂	၁၉၀	၂၄၇	၂၈၅	၃၈၀	၅၇၀	၆၆၅	၈၅၅	၁၁၄၀	၁၃၃၀	၃၈၀
			မြစ်ခြေ-ပခုက္ကူ	၁၉	၃၈	၉၅	၁၁၄	၁၅၂	၁၉၀	၂၄၇	၂၈၅	၃၈၀	၅၇၀	၆၆၅	၈၅၅	၁၁၄၀	၁၃၃၀	၃၈၀
၈	ဆိပ်ဖြူ-ဆော-ကန်ပက်လက် (နှင်းသဇင်ကုမ္ပဏီ)	ဆိပ်ဖြူ	ဆိပ်ဖြူ-မြစ်ခြေ	၄၀	၈၀	၂၀၀	၂၄၀	၃၂၀	၄၀၀	၅၂၀	၆၀၀	၈၀၀	၁၂၀၀	၁၄၀၀	၁၈၀၀	၂၄၀၀	၂၈၀၀	၈၀၀
			မြစ်ခြေ-ဆိပ်ဖြူ	၄၀	၈၀	၂၀၀	၂၄၀	၃၂၀	၄၀၀	၅၂၀	၆၀၀	၈၀၀	၁၂၀၀	၁၄၀၀	၁၈၀၀	၂၄၀၀	၂၈၀၀	၈၀၀
၉	ငွေချို-ချောက်-ဆိပ်ဖြူ (နှင်းသဇင်ကုမ္ပဏီ)	မိုလာ	ချောက်-ငွေချို	၁၇/၁	၃၄	၈၆	၁၀၃	၁၃၇	၁၇၁	၂၂၃	၂၅၇	၃၄၃	၅၁၄	၅၉၉	၇၇၁	၁၀၂၈	၁၁၉၉	၃၄၃
			ငွေချို-ချောက်	၁၇/၁	၃၄	၈၆	၁၀၃	၁၃၇	၁၇၁	၂၂၃	၂၅၇	၃၄၃	၅၁၄	၅၉၉	၇၇၁	၁၀၂၈	၁၁၉၉	၃၄၃
၁၀	မင်းဘူး-ပဒါန်း-အမ်း (လေလံ)	မင်းဘူး (၁)	မင်းဘူး - ပဒါန်း	၃၁	၆၂	၁၅၅	၁၈၆	၂၄၈	၃၁၀	၄၀၃	၄၆၅	၆၂၀	၉၃၀	၁၀၈၅	၁၃၉၅	၁၈၆၀	၂၁၇၀	၆၂၀
၁၁	မင်းဘူး-ပဒါန်း-အမ်း (လေလံ)	ပဒါန်း (၁)	ပဒါန်း - အမ်း	၆၅	၁၃၀	၃၂၅	၃၉၀	၅၂၀	၆၅၀	၈၄၅	၉၇၅	၁၃၀၀	၁၉၅၀	၂၂၇၅	၂၉၂၅	၃၉၀၀	၄၅၅၀	၁၃၀၀
			အမ်း - ပဒါန်း	၆၅	၁၃၀	၃၂၅	၃၉၀	၅၂၀	၆၅၀	၈၄၅	၉၇၅	၁၃၀၀	၁၉၅၀	၂၂၇၅	၂၉၂၅	၃၉၀၀	၄၅၅၀	၁၃၀၀
			ပဒါန်း - မင်းဘူး	၃၁	၆၂	၁၅၅	၁၈၆	၂၄၈	၃၁၀	၄၀၃	၄၆၅	၆၂၀	၉၃၀	၁၀၈၅	၁၃၉၅	၁၈၆၀	၂၁၇၀	၆၂၀
၁၂	ပုသိမ်-မုံရွာ (လေလံ)	ပဒါန်း (၂)	ပဒါန်း - ပြည်	၁၀၃	၂၀၆	၅၁၅	၆၁၈	၈၂၄	၁၀၃၀	၁၃၃၉	၁၅၄၅	၂၀၆၀	၃၀၉၀	၃၆၀၅	၄၆၃၅	၆၁၈၀	၇၂၁၀	၂၀၆၀
၁၃	မုံရွာ-ပုလဲ-ဂန့်ဂေါ-ဟားခါး (လေလံ)	ဂန့်ဂေါ	ဂန့်ဂေါ - ဟားခါး	၆၀	၁၂၀	၃၀၀	၃၆၀	၄၈၀	၆၀၀	၇၈၀	၉၀၀	၁၂၀၀	၁၈၀၀	၂၁၀၀	၂၇၀၀	၃၆၀၀	၄၂၀၀	၁၂၀၀
			ဟားခါး - ဂန့်ဂေါ	၆၀	၁၂၀	၃၀၀	၃၆၀	၄၈၀	၆၀၀	၇၈၀	၉၀၀	၁၂၀၀	၁၈၀၀	၂၁၀၀	၂၇၀၀	၃၆၀၀	၄၂၀၀	၁၂၀၀

စာမျက်နှာ (၁၂)သို့

Untitled-2 1 4/20/2012, 6:22 PM

စာမျက်နှာ (၁၁)မှ

၁၄	နေပြည်တော်-မြို့သစ်-	မြို့သစ်(ကံပြား)	ကံပြား - မြို့သစ်	၃၀	၆၀	၁၅၀	၁၈၀	၂၄၀	၃၀၀	၃၉၀	၄၅၀	၆၀၀	၉၀၀	၁၀၅၀	၁၃၅၀	၁၈၀၀	၂၁၀၀	၆၀၀
	ကံပြား-မကွေး (လေလံ)	၇၉/၄ မိုင်	မြို့သစ် - ကံပြား	၃၀	၆၀	၁၅၀	၁၈၀	၂၄၀	၃၀၀	၃၉၀	၄၅၀	၆၀၀	၉၀၀	၁၀၅၀	၁၃၅၀	၁၈၀၀	၂၁၀၀	၆၀၀
၁၅	ပျော်ဘွယ်-နတ်မောက်-	နတ်မောက်(ကံပြား)	ကံပြား - နတ်မောက်	၂၉	၅၈	၁၄၅	၁၇၄	၂၃၂	၂၉၀	၃၇၇	၄၃၅	၅၈၀	၈၇၀	၁၀၁၅	၁၃၀၅	၁၇၄၀	၂၀၃၀	၅၈၀
	ကံပြား-မကွေး (လေလံ)	၉၁/၄ မိုင်	နတ်မောက် - ကံပြား	၂၉	၅၈	၁၄၅	၁၇၄	၂၃၂	၂၉၀	၃၇၇	၄၃၅	၅၈၀	၈၇၀	၁၀၁၅	၁၃၀၅	၁၇၄၀	၂၀၃၀	၅၈၀
၁၆	တောင်တွင်းကြီး-မြို့သစ်-	မြို့သစ်(နတ်မောက်)	တောင်တွင်းကြီး-နတ်မောက်	၂၈	၅၆	၁၄၀	၁၆၈	၂၂၄	၂၈၀	၃၆၄	၄၂၀	၅၆၀	၈၄၀	၉၈၀	၁၂၆၀	၁၆၈၀	၁၉၆၀	၅၆၀
	နတ်မောက် (လေလံ)	၂၅/၇ မိုင်	နတ်မောက်-တောင်တွင်းကြီး	၂၈	၅၆	၁၄၀	၁၆၈	၂၂၄	၂၈၀	၃၆၄	၄၂၀	၅၆၀	၈၄၀	၉၈၀	၁၂၆၀	၁၆၈၀	၁၉၆၀	၅၆၀
၁၇	နေပြည်တော်-မြို့သစ်- ကံပြား-မကွေး (လေလံ)	မြို့လုလင် (၄၅/၃မိုင်)	မြို့သစ် - ပန်းတင်	၅၀	၁၀၀	၂၅၀	၃၀၀	၄၀၀	၅၀၀	၆၅၀	၇၅၀	၁၀၀၀	၁၅၀၀	၁၇၅၀	၂၂၅၀	၃၀၀၀	၃၅၀၀	၁၀၀၀
၁၈	ပုသိမ်-မုံရွာ	စလင်း(ကံပြား)	ပဒါန်း - ကံပြား	၄၈	၉၆	၂၄၀	၂၈၈	၃၈၄	၄၈၀	၆၂၄	၇၂၀	၉၆၀	၁၄၄၀	၁၆၈၀	၂၁၆၀	၂၈၈၀	၃၃၆၀	၉၆၀
	(လေလံ)		ကံပြား - ပဒါန်း	၄၈	၉၆	၂၄၀	၂၈၈	၃၈၄	၄၈၀	၆၂၄	၇၂၀	၉၆၀	၁၄၄၀	၁၆၈၀	၂၁၆၀	၂၈၈၀	၃၃၆၀	၉၆၀
၁၉	ပုသိမ်-မုံရွာ	ကဖွန်းမ	ကဖွန်းမ - ရေပြာ	၃၅	၇၀	၁၇၅	၂၁၀	၂၈၀	၃၅၀	၄၅၅	၅၂၅	၇၀၀	၁၀၅၀	၁၂၂၅	၁၅၇၅	၂၁၀၀	၂၄၅၀	၇၀၀
	(လေလံ)		ရေပြာ - ကဖွန်းမ	၃၅	၇၀	၁၇၅	၂၁၀	၂၈၀	၃၅၀	၄၅၅	၅၂၅	၇၀၀	၁၀၅၀	၁၂၂၅	၁၅၇၅	၂၁၀၀	၂၄၅၀	၇၀၀
၂၀	ပုသိမ်-မုံရွာ	ရေပြာ	ရေပြာ - မြိုင်	၂၃/၄	၄၇	၁၁၈	၁၄၁	၁၈၈	၂၃၅	၃၀၆	၃၅၃	၄၇၀	၇၀၅	၈၂၃	၁၀၅၈	၁၄၁၀	၁၆၄၅	၄၇၀
	(လေလံ)		မြိုင် - ရေပြာ	၂၃/၄	၄၇	၁၁၈	၁၄၁	၁၈၈	၂၃၅	၃၀၆	၃၅၃	၄၇၀	၇၀၅	၈၂၃	၁၀၅၈	၁၄၁၀	၁၆၄၅	၄၇၀
၂၁	ပုသိမ်-မုံရွာ	မြိုင်	မြိုင်-မကွေးတိုင်းနယ်စပ်	၁၉/၃	၃၉	၉၇	၁၁၆	၁၅၅	၁၉၄	၂၅၂	၂၉၁	၃၈၈	၅၈၁	၆၇၈	၈၇၂	၁၁၆၃	၁၃၅၆	၃၈၈
	(လေလံ)		မကွေးတိုင်းနယ်စပ်-မြိုင်	၁၉/၃	၃၉	၉၇	၁၁၆	၁၅၅	၁၉၄	၂၅၂	၂၉၁	၃၈၈	၅၈၁	၆၇၈	၈၇၂	၁၁၆၃	၁၃၅၆	၃၈၈
၂၂	တောင်တွင်းကြီး-တောင်ညို- ပျဉ်းမနား (လေလံ)	ချောင်းနက်	ချောင်းနက်-နေပြည်တော်	၄၈	၉၆	၂၄၀	၂၈၈	၃၈၄	၄၈၀	၆၂၄	၇၂၀	၉၆၀	၁၄၄၀	၁၆၈၀	၂၁၆၀	၂၈၈၀	၃၃၆၀	၉၆၀
၂၃	မင်းဘူး-တညောင်-ဆိပ်ဖြူ	တညောင်	တညောင် - မင်းဘူး	၆၀	၁၂၀	၃၀၀	၃၆၀	၄၈၀	၆၀၀	၇၈၀	၉၀၀	၁၂၀၀	၁၈၀၀	၂၁၀၀	၂၇၀၀	၃၆၀၀	၄၂၀၀	၁၂၀၀
	(လေလံ)		တညောင် - ဆိပ်ဖြူ	၈	၁၆	၄၀	၄၈	၆၄	၈၀	၁၀၄	၁၂၀	၁၆၀	၂၄၀	၂၈၀	၃၆၀	၄၈၀	၅၆၀	၁၆၀
			ဆိပ်ဖြူ - တညောင်	၈	၁၆	၄၀	၄၈	၆၄	၈၀	၁၀၄	၁၂၀	၁၆၀	၂၄၀	၂၈၀	၃၆၀	၄၈၀	၅၆၀	၁၆၀
	မန္တလေးတိုင်းဒေသကြီး																	
၁	မန္တလေး-မတ္တရာ-မိုးကုတ်	ကြာနီကန်	မန္တလေး - မတ္တရာ	၁၇/၅	၃၅	၈၈	၁၀၆	၁၄၁	၁၇၆	၂၂၉	၂၆၄	၃၅၃	၅၂၉	၆၁၇	၇၉၃	၁၀၅၈	၁၂၃၄	၃၅၃
	(သန္တိသစ္စာကုမ္ပဏီ)		မတ္တရာ - မန္တလေး	၁၇/၅	၃၅	၈၈	၁၀၆	၁၄၁	၁၇၆	၂၂၉	၂၆၄	၃၅၃	၅၂၉	၆၁၇	၇၉၃	၁၀၅၈	၁၂၃၄	၃၅၃
၂	မန္တလေး-မတ္တရာ-မိုးကုတ်	မတ္တရာ(ပန်းယျ)	မတ္တရာ - ၄၅/၃	၂၄/၃	၄၉	၁၂၂	၁၄၆	၁၉၅	၂၄၄	၃၁၇	၃၆၆	၄၈၈	၇၃၁	၈၅၃	၁၀၉၇	၁၄၆၃	၁၇၀၆	၄၈၈
	(သန္တိသစ္စာကုမ္ပဏီ)		၄၅/၃ - မတ္တရာ	၂၄/၃	၄၉	၁၂၂	၁၄၆	၁၉၅	၂၄၄	၃၁၇	၃၆၆	၄၈၈	၇၃၁	၈၅၃	၁၀၉၇	၁၄၆၃	၁၇၀၆	၄၈၈
၃	မန္တလေး-မတ္တရာ-မိုးကုတ် (ဆုထူးပန်ကုမ္ပဏီ)	လက်ပံလှ	၄၅/၃ - ဖောတော	၃၁/၁	၆၂	၁၅၆	၁၈၇	၂၄၉	၃၁၁	၄၀၅	၄၆၇	၆၂၃	၉၃၄	၁၀၈၉	၁၄၀၁	၁၈၆၈	၂၁၇၉	၆၂၃
၄	မန္တလေး-မတ္တရာ-မိုးကုတ်	ဖောတော	ဖောတော - ၄၅/၃	၃၁/၁	၆၂	၁၅၆	၁၈၇	၂၄၉	၃၁၁	၄၀၅	၄၆၇	၆၂၃	၉၃၄	၁၀၈၉	၁၄၀၁	၁၈၆၈	၂၁၇၉	၆၂၃
	(ဆုထူးပန်ကုမ္ပဏီ)		သပိတ်ကျင်း-ဖောတော	၁၀/၇	၂၂	၅၄	၆၅	၈၇	၁၀၉	၁၄၁	၁၆၃	၂၁၈	၃၂၆	၃၈၁	၄၈၉	၆၅၃	၇၆၀	၂၁၈
			ဖောတော-သပိတ်ကျင်း	၁၀/၇	၂၂	၅၄	၆၅	၈၇	၁၀၉	၁၄၁	၁၆၃	၂၁၈	၃၂၆	၃၈၁	၄၈၉	၆၅၃	၇၆၀	၂၁၈
၅	မြင်းခြံ-တံတားဦး	တံတားဦး	၄၉၂/၀-တံတားဦးလမ်းဆုံ	၁၆/၅	၃၃	၈၃	၁၀၀	၁၃၃	၁၆၆	၂၁၆	၂၄၉	၃၃၃	၄၉၉	၅၈၂	၇၄၈	၉၉၈	၁၁၆၄	၃၃၃
	(သာယာဦးကုမ္ပဏီ)		တံတားဦးလမ်းဆုံ-၄၉၂/၀	၁၆/၅	၃၃	၈၃	၁၀၀	၁၃၃	၁၆၆	၂၁၆	၂၄၉	၃၃၃	၄၉၉	၅၈၂	၇၄၈	၉၉၈	၁၁၆၄	၃၃၃
၆	မြင်းခြံ-တံတားဦး	မြင်းခြံ(မြို့သာ)	မြင်းခြံ-မြို့သာ	၃၆/၆	၇၄	၁၈၄	၂၂၁	၂၉၄	၃၆၈	၄၇၈	၅၅၁	၇၃၅	၁၁၀၃	၁၂၈၆	၁၆၅၄	၂၂၀၅	၂၅၇၃	၇၃၅
	(သာယာဦးကုမ္ပဏီ)		မြို့သာ-မြင်းခြံ	၃၆/၆	၇၄	၁၈၄	၂၂၁	၂၉၄	၃၆၈	၄၇၈	၅၅၁	၇၃၅	၁၁၀၃	၁၂၈၆	၁၆၅၄	၂၂၀၅	၂၅၇၃	၇၃၅
၇	မြင်းခြံ-ရေဝန်း (Gulf Power Co;)	မြစ်သား	မြစ်သား-မန္တလေး	၅၆/၂	၁၁၃	၂၈၁	၃၃၈	၄၅၀	၅၆၃	၇၃၁	၈၄၄	၁၁၂၅	၁၆၈၈	၁၉၆၉	၂၅၃၁	၃၃၇၅	၃၉၃၈	၁၁၂၅
၈	မြင်းခြံ-ရေဝန်း (Gulf Power Co;)	မြင်းခြံ(အထွက်)	မြင်းခြံ-ရေဝန်း	၅၆/၂	၁၁၃	၂၈၁	၃၃၈	၄၅၀	၅၆၃	၇၃၁	၈၄၄	၁၁၂၅	၁၆၈၈	၁၉၆၉	၂၅၃၁	၃၃၇၅	၃၉၃၈	၁၁၂၅
၉	ညောင်ဦး-မြင်းခြံ	ညောင်ဦး/ မြင်းခြံ	ညောင်ဦး - မြင်းခြံ	၄၀/၂	၈၁	၂၀၁	၂၄၂	၃၂၂	၄၀၃	၅၂၃	၆၀၄	၈၀၅	၁၂၀၈	၁၄၀၉	၁၈၁၁	၂၄၁၅	၂၈၁၈	၈၀၅
	(မြတ်နိုးသူကုမ္ပဏီ)		မြင်းခြံ - ညောင်ဦး	၄၀/၂	၈၁	၂၀၁	၂၄၂	၃၂၂	၄၀၃	၅၂၃	၆၀၄	၈၀၅	၁၂၀၈	၁၄၀၉	၁၈၁၁	၂၄၁၅	၂၈၁၈	၈၀၅
၁၀	မိတ္ထီလာ-မလှိုင်-တောင်သာ	မလှိုင်	မလှိုင် - တောင်သာ	၁၇/၁	၃၄	၈၆	၁၀၃	၁၃၇	၁၇၁	၂၂၃	၂၅၇	၃၄၃	၅၁၄	၅၉၉	၇၇၁	၁၀၂၈	၁၁၉၉	၃၄၃
	(ထွန်းညီလူကုမ္ပဏီ)		တောင်သာ - မလှိုင်	၁၇/၁	၃၄	၈၆	၁၀၃	၁၃၇	၁၇၁	၂၂၃	၂၅၇	၃၄၃	၅၁၄	၅၉၉	၇၇၁	၁၀၂၈	၁၁၉၉	၃၄၃
၁၁	သာစည်-သပြေ	သပြေ	သာစည် - သပြေ	၉/၂	၁၉	၄၆	၅၆	၇၄	၉၃	၁၂၀	၁၃၉	၁၈၅	၂၇၈	၃၂၄	၄၁၆	၅၅၅	၆၄၈	၁၈၅
	(တောင်ပေါ်ဒေသကုမ္ပဏီ)		သပြေ - သာစည်	၉/၂	၁၉	၄၆	၅၆	၇၄	၉၃	၁၂၀	၁၃၉	၁၈၅	၂၇၈	၃၂၄	၄၁၆	၅၅၅	၆၄၈	၁၈၅
၁၂	မြစ်ငယ်-စစ်ကိုင်းဖြတ်လမ်း	မြစ်ငယ်	မြစ်ငယ်-စစ်ကိုင်း	၄/၆	၁၀	၂၄	၂၉	၃၈	၄၈	၆၂	၇၁	၉၅	၁၄၃	၁၆၆	၂၁၄	၂၈၅	၃၃၃	၉၅
	(လေလံ)		စစ်ကိုင်း-မြစ်ငယ်	၄/၆	၁၀	၂၄	၂၉	၃၈	၄၈	၆၂	၇၁	၉၅	၁၄၃	၁၆၆	၂၁၄	၂၈၅	၃၃၃	၉၅
၁၃	ဟံမြင့်မိုရ်-မြို့ကြီး-ရွှာင်- အောင်ပန်း (လေလံ)	ဟံမြင့်မိုရ်	ဟံမြင့်မိုရ်-အောင်ပန်း	၉၀	၁၈၀	၄၅၀	၅၄၀	၇၂၀	၉၀၀	၁၁၇၀	၁၃၅၀	၁၈၀၀	၂၇၀၀	၃၁၅၀	၄၀၅၀	၅၄၀၀	၆၃၀၀	၁၈၀၀
၁၄	ရန်ကုန်-ပြည်-မန္တလေး (လေလံ)	ကျောက်ပန်းတောင်း (၁) (အထွက်)	ကျောက်ပန်းတောင်း - တောင်သာလမ်းခွဲ	၄၆	၉၂	၂၃၀	၂၇၆	၃၆၈	၄၆၀	၅၉၈	၆၉၀	၉၂၀	၁၃၈၀	၁၆၁၀	၂၀၇၀	၂၇၆၀	၃၂၂၀	၉၂၀
			တောင်သာလမ်းခွဲ - ကျောက်ပန်းတောင်း	၄၆	၉၂	၂၃၀	၂၇၆	၃၆၈	၄၆၀	၅၉၈	၆၉၀	၉၂၀	၁၃၈၀	၁၆၁၀	၂၀၇၀	၂၇၆၀	၃၂၂၀	၉၂၀
၁၅	ချောက်-စဉ့်ကူ-ပုဂံ	စဉ့်ကူ	ချောက် - ပုဂံ	၁၇/၆	၃၆	၈၉	၁၀၇	၁၄၂	၁၇၈	၂၃၁	၂၆၆	၃၅၅	၅၃၃	၆၂၁	၇၉၉	၁၀၆၅	၁၂၄၃	၃၅၅
	(လေလံ)		ပုဂံ - ချောက်	၁၇/၆	၃၆	၈၉	၁၀၇	၁၄၂	၁၇၈	၂၃၁	၂၆၆	၃၅၅	၅၃၃	၆၂၁	၇၉၉	၁၀၆၅	၁၂၄၃	၃၅၅
၁၆	ပျော်ဘွယ်-ရန်အောင်-	ရန်အောင်	ပျော်ဘွယ်-နတ်မောက်	၆၃/၅	၁၂၇	၃၁၈	၃၈၂	၅၀၉	၆၃၆	၈၂၇	၉၅၄	၁၂၇၃	၁၉၀၉	၂၂၂၇	၂၈၆၃	၃၈၁၈	၄၄၅၄	၁၂၇၃
	နတ်မောက် (လေလံ)		နတ်မောက်-ပျော်ဘွယ်	၆၃/၅	၁၂၇	၃၁၈	၃၈၂	၅၀၉	၆၃၆	၈၂၇	၉၅၄	၁၂၇၃	၁၉၀၉	၂၂၂၇	၂၈၆၃	၃၈၁၈	၄၄၅၄	၁၂၇၃
၁၇	ပျဉ်းမနား-တောင်ညို- တောင်တွင်းကြီး (လေလံ)	ထောက်ထိန် (ငန်းစပ်)	နေပြည်တော်-ချောင်းနက်	၄၈	၉၆	၂၄၀	၂၈၈	၃၈၄	၄၈၀	၆၂၄	၇၂၀	၉၆၀	၁၄၄၀	၁၆၈၀	၂၁၆၀	၂၈၈၀	၃၃၆၀	၉၆၀
၁၈	နေပြည်တော်-တောင်ညို- ကံပြား-မကွေး (လေလံ)	ပန်းတင်	ပန်းတင်-မြို့သစ်	၅၀	၁၀၀	၂၅၀	၃၀၀	၄၀၀	၅၀၀	၆၅၀	၇၅၀	၁၀၀၀	၁၅၀၀	၁၇၅၀	၂၂၅၀	၃၀၀၀	၃၅၀၀	၁၀၀၀
၁၉	မန္တလေး-မတ္တရာ-လက်ပံလှ-	မိုးကုတ်	မိုးကုတ်-ဖောတော	၅၀	၁၀၀	၂၅၀	၃၀၀	၄၀၀	၅၀၀	၆၅၀	၇၅၀	၁၀၀၀	၁၅၀၀	၁၇ရာ	၂၂၅၀	၃၀၀၀	၃၅၀၀	၁၀၀၀
	မိုးကုတ် (လေလံ)		ဖောတော-မိုးကုတ်	၅၀	၁၀၀	၂၅၀	၃၀၀	၄၀၀	၅၀၀	၆၅၀	၇၅၀	၁၀၀၀	၁၅၀၀	၁၇၅၀	၂၂၅၀	၃၀၀၀	၃၅၀၀	၁၀၀၀
၂၀	သပိတ်ကျင်း-တကောင်း	(၇)မိုင်လမ်းဆုံ	(၇)မိုင်လမ်းဆုံ-တကောင်း	၆၀/၃	၁၂၁	၃၀၂	၃၆၂	၄၈၃	၆၀၄	၇၈၅	၉၀၆	၁၂၀၈	၁၈၁၁	၂၁၁၃	၂၇၁၇	၃၆၂၃	၄၂၂၆	၁၂၀၈
	(လေလံ)		တကောင်း-(၇)မိုင်လမ်းဆုံ	၆၀/၃	၁၂၁	၃၀၂	၃၆၂	၄၈၃	၆၀၄	၇၈၅	၉၀၆	၁၂၀၈	၁၈၁၁	၂၁၁၃	၂၇၁၇	၃၆၂၃	၄၂၂၆	၁၂၀၈
	ရန်ကုန်တိုင်းဒေသကြီး																	
၁	ပဲခူး-သနပ္ပင်-ခရမ်း-သုံးခွ-	သန်လျင်	သန်လျင်-ကျောက်တန်း	၁၂/၆	၂၆	၆၄	၇၇	၁၀၂	၁၂၈	၁၆၆	၁၉၁	၂၅၅	၃၈၃	၄၄၆	၅၇၄	၇၆၅	၈၉၃	၂၅၅
	သန်လျင်-ကျောက်တန်း		ကျောက်တန်း-သန်လျင်	၁၂/၆	၂၆	၆၄	၇၇	၁၀၂	၁၂၈	၁၆၆	၁၉၁	၂၅၅	၃၈၃	၄၄၆	၅၇၄	၇၆၅	၈၉၃	၂၅၅
	(မက်စ်မြန်မာကုမ္ပဏီ)		သန်လျင်-သုံးခွ	၂၁/၅	၄၃	၁၀၈	၁၃၀	၁၇၃	၂၁၆	၂၈၁	၃၂၄	၄၃၃	၆၄၉	၇၅၇	၉၇၃	၁၂၉၈	၁၅၁၄	၄၃၃
၂	ဒဂုံတံတားမှသီလဝါစက်မှု	ဒဂုံ(သီလဝါ)	ဒဂုံတံတား-သီလဝါစက်မှုဇုန်	၁၄/၂	၂၉	၇၁	၈၆	၁၁၄	၁၄၃	၁၈၅	၂၁၄	၂၈၅	၄၂၈	၄၉၉	၆၄၁	၈၅၅	၉၉၈	၂၈၅
	ဇုန်သို့သွားသည့်လမ်း (မက်စ်မြန်မာကုမ္ပဏီ)		သီလဝါစက်မှုဇုန်- ဒဂုံတံတား	၁၄/၂	၂၉	၇၁	၈၆	၁၁၄	၁၄၃	၁၈၅	၂၁၄	၂၈၅	၄၂၈	၄၉၉	၆၄၁	၈၅၅	၉၉၈	၂၈၅
၃	ပဲခူး-သုံးခွ-ကျောက်တန်း (မက်စ်မြန်မာကုမ္ပဏီ)	သုံးခွ	သုံးခွ-သန်လျင်	၂၁/၅	၄၃	၁၀၈	၁၃၀	၁၇၃	၂၁၆	၂၈၁	၃၂၄	၄၃၃	၆၄၉	၇၅၇	၉၇၃	၁၂၉၈	၁၅၁၄	၄၃၃
၄	ရန်ကုန်-ပြည်-မန္တလေး	တိုက်ကြီး	တိုက်ကြီး-သာယာဝတီ	၃၃/၃	၆၇	၁၆၇	၂၀၀	၂၆၇	၃၃၄	၄၃၄	၅၀၀	၆၆၈	၁၀၀၀	၁၁၆၈	၁၅၀၂	၂၀၀၃	၂၃၃၆	၆၆၈
	(မက်စ်မြန်မာကုမ္ပဏီ)		တိုက်ကြီး-မှော်ဘီ	၂၄/၂	၄၉	၁၂၁	၁၄၆	၁၉၄	၂၄၃	၃၁၅	၃၆၄	၄၈၅	၇၂၈	၈၄၉	၁၀၉၁	၁၄၅၅	၁၆၉၈	၄၈၅
၅	အမှတ်(၄)လမ်းမကြီး	အမှတ် (၄)	တိုက်ကြီး-အင်းစိန်	၂၄	၄၈	၁၂၀	၁၄၄	၁၉၂	၂၄၀	၃၁၂	၃၆၀	၄၈၀	၇၂၀	၈၄၀	၁၀၈၀	၁၄၄၀	၁၆၈၀	၄၈၀
	(မက်စ်မြန်မာကုမ္ပဏီ)		အင်းစိန်-တိုက်ကြီး	၂၄	၄၈	၁၂၀	၁၄၄	၁၉၂	၂၄၀	၃၁၂	၃၆၀	၄၈၀	၇၂၀	၈၄၀	၁၀၈၀	၁၄၄၀	၁၆၈၀	၄၈၀
၆	ရန်ကုန်-ပြည်-မန္တလေး	မှော်ဘီ	မှော်ဘီ-တိုက်ကြီး	၂၄/၂	၄၉	၁၂၁	၁၄၆	၁၉၄	၂၄၃	၃၁၅	၃၆၄	၄၈၅	၇၂၈	၈၄၉	၁၀၉၁	၁၄၅၅	၁၆၉၈	၄၈၅
	(မက်စ်မြန်မာကုမ္ပဏီ)		တိုက်ကြီး-မှော်ဘီ	၂၄/၂	၄၉	၁၂၁	၁၄၆	၁၉၄	၂၄၃	၃၁၅	၃၆၄	၄၈၅	၇၂၈	၈၄၉	၁၀၉၁	၁၄၅၅	၁၆၉၈	၄၈၅
၇	လှိုင်သာယာလမ်းဆုံ-ဘုရား ငုတ်တိုလမ်းဆုံ	ပန်းလှိုင်	လှိုင်သာယာလမ်းဆုံ- ဘုရားငုတ်တိုလမ်းဆုံ	၁၁/၁	၂၂	၅၆	၆၇	၈၉	၁၁၁	၁၄၅	၁၆၇	၂၂၃	၃၃၄	၃၈၉	၅၀၁	၆၆၈	၇၇၉	၂၂၃
	(ဇေကမ္ဘာကုမ္ပဏီ)		ဘုရားငုတ်တိုလမ်းဆုံ- လှိုင်သာယာလမ်းဆုံ	၁၁/၁	၂၂	၅၆	၆၇	၈၉	၁၁၁	၁၄၅	၁၆၇	၂၂၃	၃၃၄	၃၈၉	၅၀၁	၆၆၈	၇၇၉	၂၂၃
၈	ကံဘဲ့လမ်းဆုံ-ဒေးဒရဲတံတား	ကံဘဲ့	ကံဘဲ့လမ်းဆုံ-ဒေးဒရဲတံတား	၃၀	၆၀	၁၅၀	၁၈၀	၂၄၀	၃၀၀	၃၉၀	၄၅၀	၆၀၀	၉၀၀	၁၀၅၀	၁၃၅၀	၁၈၀၀	၂၁၀၀	၆၀၀
	(ဇေကမ္ဘာကုမ္ပဏီ)		ဒေးဒရဲတံတား-ကံဘဲ့လမ်းဆုံ	၃၀	၆၀	၁၅၀	၁၈၀	၂၄၀	၃၀၀	၃၉၀	၄၅၀	၆၀၀	၉၀၀	၁၀၅၀	၁၃၅၀	၁၈၀၀	၂၁၀၀	၆၀၀
၉	တွံတေး-ဒလ	ပျော်ဘွယ်လေး	တွံတေး-ဒလ	၁၈/၅	၃၇	၉၃	၁၁၂	၁၄၉	၁၈၆	၂၄၂	၂၇၉	၃၇၃	၅၅၉	၆၅၂	၈၃၈	၁၁၁၈	၁၃၀၄	၃၇၃
	(ဇေကမ္ဘာကုမ္ပဏီ)		ဒလ-တွံတေး	၁၈/၅	၃၇	၉၃	၁၁၂	၁၄၉	၁၈၆	၂၄၂	၂၇၉	၃၇၃	၅၅၉	၆၅၂	၈၃၈	၁၁၁၈	၁၃၀၄	၃၇၃
၁၀	မအူပင်-တွံတေး (လေလံ)	တွံတေး(မအူပင်)	တွံတေး-မအူပင်	၁၅	၃၀	၇၅	၉၀	၁၂၀	၁၅၀	၁၉၅	၂၂၅	၃၀၀	၄၅၀	၅၂၅	၆၇၅	၉၀၀	၁၀၅၀	၃၀၀
၁၁	တိုက်ကြီး-ဖူးကြီး-ဖောင်ကြီး-	တိုက်ကြီး-ဖူးကြီး-	တိုက်ကြီး-ဘုရားကြီး	၄၂/၇	၈၆	၂၁၄	၂၅၇	၃၄၃	၄၂၉	၅၅၇	၆၄၃	၈၅၈	၁၂၈၆	၁၅၀၀	၁၉၂၉	၂၅၇၃	၃၀၀၁	၈၅၈
	ဘုရားကြီး (လေလံ)	ဖောင်ကြီး	ဘုရားကြီး-တိုက်ကြီး	၄၂/၇	၈၆	၂၁၄	၂၅၇	၃၄၃	၄၂၉	၅၅၇	၆၄၃	၈၅၈	၁၂၈၆	၁၅၀၀	၁၉၂၉	၂၅၇၃	၃၀၀၁	၈၅၈

(ဆက်လက်ဖော်ပြပါမည်)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန် စတုတ္ထအကြိမ်မြောက် ဂျပန်-မဲခေါင် ထိပ်သီးအစည်းအဝေး တက်ရောက်ရန်နှင့် ချစ်ကြည်ရေးခရီးသွားရောက်ရန် ဂျပန်နိုင်ငံသို့ ထွက်ခွာ

နေပြည်တော် ဧပြီ ၂၀

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ဂျပန်နိုင်ငံ တိုကျိုမြို့၌ကျင်းပမည့် စတုတ္ထအကြိမ်မြောက် ဂျပန်-မဲခေါင်ထိပ်သီးအစည်းအဝေးတက်ရောက်ရန်နှင့် ချစ်ကြည်ရေးခရီးသွားရောက်ရန် အဖွဲ့ဝင်များလိုက်ပါလျက် ယမန်နေ့ နံနက် ၉ နာရီတွင် နေပြည်တော်မှ အထူးလေယာဉ်ဖြင့် ထွက်ခွာသွားသည်။

ပို့ဆောင်နှုတ်ဆက်

ဂျပန်နိုင်ငံ တိုကျိုမြို့၌ ကျင်းပမည့်စတုတ္ထအကြိမ်မြောက် ဂျပန်-မဲခေါင် ထိပ်သီးအစည်းအဝေး တက်ရောက်ရန်နှင့် ချစ်ကြည်ရေးခရီးသွားရောက်ရန် ထွက်ခွာသွားသည့် နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ဝင်များအား ဒုတိယသမ္မတ ဒေါက်တာ စိုင်းမောက်ခမ်း၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် တာဝန်ရှိသူများက နေပြည်တော်လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြစဉ်။ (သတင်းစဉ်)

ပို့ဆောင်နှုတ်ဆက်

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ဝင်များအား ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဗိုလ်ချုပ်ကြီးစိုးဝင်း၊ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ကိုကို၊ သမဝါယမဝန်ကြီးဌာနနှင့် မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့်၊ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး နေပြည်တော်မြို့တော်ဝန် ဦးသိန်းညွန့်၊ သတ္တုတွင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းထိုက်၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်ရီ၊ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြအေး၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မောင်မောင်အေး၊ ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းရှိန်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲချုပ် ရဲချုပ်ကျော်ကျော်ထွန်း၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ ဂျပန်နိုင်ငံသံရုံးမှ Minister-Counsellor/Deputy Chief of Mission Mr. Ichiro Maruyama နှင့် သံရုံးမှ တာဝန်ရှိသူများက နေပြည်တော်လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့တွင် အဖွဲ့ဝင်များအဖြစ် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်း၊ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှထွန်း၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်း၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်၊ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဝင်းမြင့်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ လိုက်ပါသွားကြသည်။

(သတင်းစဉ်)

မြန်မာ့အလင်း ယနေ့ ဖတ်စရာ၊ မှတ်စရာ

ဒုစ္စကာဗာရီ အာကာသလွန်းပြန်ယာဉ် ပြတိုက်၌ ပြသမည် စာ - ၄

ယူရိုပါလိဂ် ဘောလုံးပြိုင်ပွဲ အကြိုဗိုလ်လုပွဲများယှဉ်ပြိုင် အက်သလက်တီကိုနှင့် စပို့တင်းလစ္စဘွန်းတို့ နိုင်ပွဲရ စာ - ၆



ထူးခြားစွာ ထွက်ပေါ်နေသည့် ငှက်ပျောဖူး စာ - ၉

မိတ္ထီလာလွင်ပြင် စိမ်းလန်းစိုပြည်ရေး အထောက်အကူပြုမည့် မြို့ကြီးရေလှောင်တမံဘက်စုံစီမံကိန်း

သတင်းခရီးသည်-ကိုတင်လှိုင်(မိတ္ထီလာ)၊ ဓာတ်ပုံ-ကိုသန့်ဇင်

နေပြည်တော် ဧပြီ ၂၀

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းဦးစီးဌာနမှ နေ၍ တိုင်းဒေသကြီးနှင့်ပြည်နယ် ၁၄ ခုတွင် စိုက်ပျိုးရေရရှိရေးအတွက် ဆည်မြောင်း တာတမံများ တည်ဆောက်ပေးလျက်ရှိသည်။ စိုက်ပျိုးရေရရှိသဖြင့် မိုးစပါး၊ နွေစပါးများ စိုက်ပျိုးနိုင်ကြပြီဖြစ်သည်။ နိုင်ငံအတွက် စိုက်ပျိုးသီးနှံပိုမိုထွက်ရှိပြီး တောင်သူလယ်သမားများမှာလည်း ဝင်ငွေပိုမိုရရှိလာကြသဖြင့် ဆင်းရဲမှုလျော့နည်းလာသည်။ ဆည်မြောင်း

စာမျက်နှာ ၇ ကော်လံ ၁

မြို့ကြီးရေလှောင်တမံ ရေပိုလွှဲကို စက်အင်အားများဖြင့် ဤသို့ တည်ဆောက်လျက်ရှိကြသည်။